ACE

# ပေါင်နှင်းငွေ

သိုင်းရာဇဝင်နှင့်သံမဏိဂေါ်ဒေါက်



တတိယတွဲ

ပထမအကြိမ်
၁၉၉၀၊ စက်တင်ဘာလ
စာမူခွင့်ပြုအမှတ် ၄၅၂/၉၀[၈]
မျက်နှာဖုံးနှင့်ရေခံခွင့်ပြုအမှတ်၄၃၃/၉၀[၈]

တန်ဖိုး — ကျပ်သုံးဆယ့်ငါးတိတိ
အုပ်ရေ — ၁၀၀၀ အုပ်
မျက်နှာဖုံး ပန်းချီ — မျိုးသန့်အောင်-ဖိုးကဲ
ကာလာခွဲ — ပေါက်စီ
မျက်နှာဖုံးရိုက် — ဦးကျော်စိန် (မြဲ ၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ — ဦးရွှေစိုး [၀၃၀၅၅]

သမီးနှင့်သားပုံနှိပ်တိုက်
၄၀·၀တ်ကျောင်းလမ်းရေကျော်၊ရန်ကုန်

ထုတ်ဝေသူ — ဦးကျော်လေး (မြဲ ၀၁၅၆၉)
ရွှေပြည်တော်စာပေ
၂၂၆၊ ၃၂ လမ်း၊ ရန်ကုန်။

# ပျော်နှင်းငွေ

## သိုင်းရာဇာ နှင့် သံမဏိငှက်

သိုင်းဘာသာပြန် အသစ်စက်စက် တတိယတွဲ

ကျန်းမာချမ်းသာကြပါစေ

မိုးဆမ်းပန်းပွင့်စဉ် [ ၃၁/၉၀ ]



# မောင်နှင်းဒေဝ

## သိုင်းရာဇာနှင့် သံမဏိငှက်

( တတိယတွဲ )

မိုးဆမ်းပန်း စာပေမှထုတ်ဝေပါသည်

(၃၁)

တောကမှိုင်း၍ တောင်တန်းကြီး များက ညှိုနေကြ၏။ တောစိမ့်တောင်တန်းကြီးများက တစ်ထပ်ပြီးတစ်ထပ် တည်ရှိနေ၏။

တောင်ကြောများတွင် ပန်းရိုင်းခင်းကြီးများက မျက်စိတစ်ဆုံး ရှိနေပြီး လေတစ်ချက် ဝေ့တိုက်လိုက်သည်နှင့် လှိုင်းလုံးကြီးများထကြွလာသည့်အလား တလိမ့်လိမ့် လှုပ်ရှားသွားကြ၏။

တောင်ခါးပန်းတစ်နေရာတွင် မိန်းမပျိုသုံးယောက် တို့က ပိုက်ကွန်ကြီးတစ်ခုအတွင်း အော်ဟစ် ရုန်းကန်လျက် ရှိနေကြသည်။

'ကယ်တော်မူကြပါရှင်၊ ကယ်တော်မူကြပါ'

မိုးဆမ်းပန်းစာပေ

'အယ်ကြပါရှင်'

မိန်းမပျိုသုံးယောက်တို့က ပိုက်ကွန်ကြီးအတွင်းမှောင်ဟစ် ရှုန်းကန်လျက် ရှိနေကြ၏။

ယင်းအချိန်မှာပင် အဝေးဆီမှ အဝတ်လေတိုးသံတစ်ချက် ထွက်ပေါ်လာပြီး လူရိပ်တစ်ရိပ်က မီးခိုးငွေ့ တစ်ငွေ့ လွင့်မျောလာသကဲ့သို့ တရိပ်ရိပ်လာနေသည်ကို တွေ့မြင်လိုက်ကြရသည်။

မိန်းမပျိုသုံးယောက်တို့သည် ထိုသူလာနေသည်ကို တွေ့မြင်လိုက်ရလျှင် အားတက်ဝမ်းသာသွားကြရ၏၊

ရောက်ရှိလာသူမှာအဖြူရောင်ဝတ်စုံနှင့်လူရွယ်တစ်ယောက် ဖြစ်၏။ လူရွယ်၏ရုပ်ရည်မှာ သန့်ပြန့်လှပြီး ယောကျ်ားပီသသူ တစ်ယောက် ဖြစ်၏။

ခန္ဓာကိုယ်မှာ သံမဏိကိုပုံသွန်းထားသည့် အလား အချိုးအစားကျနလှပြီး ဓားတစ်လက်ကို ကျောတွင် ပိုးလွယ်ထားသည်။

လူရွယ်ကိုတွေ့လိုက်ရလျှင် မိန်းမပျိုများအား—

'ဟိုက အစ်ကို…အဲ အစ်ကိုကြီး၊ ကျွန်မတို့ကို ကယ်သွားပါရှင်'

'အစ်ကိုကြီး၊ အယ်ပါဦးရှင်'

ရောက်ရှိလာသူမှာ နေစကြာဂိုဏ်းချုပ်ကြီး၏သား စင်းပီလုံပင် ဖြစ်၏။

စင်းပီလုံအား ဓားကိုဆွဲထုတ်လိုက်ပြီး ဝှေ့ယမ်းပစ်လိုက်ရာ ပိုက်ကွန်ကြီးမှာ အပိုင်းပိုင်း ပြတ်ကျသွားရ၏။





'ဝှစ် ဝှစ် ဝှစ်'

ပိုက်ကွန်ကြီးပြတ်ကျသွားပြီးနောက် အတွင်းမှ မိန်းမပျိုသုံးယောက်မှာလည်း လွတ်မြောက်လာရ၏။

စင်းပီလုံက မျက်မှောင်ကြုတ်လိုက်ရာ….

'မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်လိုဖြစ်ပြီး ပိုက်ကွန်ထဲရောက်နေရတာလဲ'

မိန်းမပျိုတစ်ယောက်က

'ကျွန်မတို့က ခြသေ့အားမာန် ဂိုဏ်းကပါ၊ ကျွန်မတို့သခင်မလေးကို ရန်သူတွေဖမ်းခေါ်သွားပါတယ်၊ သူ့ကိုလိုက်ပြီး ကယ်တင်ပေးပါဦး အစ်ကိုကြီးရယ်'

'ဟင်'

မိန်းမပျို၏စကားကြောင့် စင်းပီလုံမှာ တိတ်တခိုးအလေး တုန်လှုပ်ချောက်ချားသွားရ၏။

ခြသေ့အားမာန်ဂိုဏ်းချုပ်ကြီး၏သမီးဆိုသည်မှာ ရှန်ကျီစင်း မဟုတ်ပါလား။

စင်းပီလုံမှာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရတော့ကာ….

'ဘာ မင်းတို့သခင်မလေးကို ဖမ်းခေါ်သွားတယ် ဟုတ်လား၊ ဘယ်သူတွေလဲ'

'ဘယ်သူတွေလဲဆိုတာ မသိပါဘူးရှင်၊ ခေါင်းဆောင်တွေကတော့ ငွေရောင် ဝတ်စုံနဲ့ လူထွားကြီးတွေပါပဲ၊ သူတို့နောက်မှာတော့ အနက်ရောင်ဝတ်စုံနဲ့သိုင်းသမားတွေ ပါလာပါတယ်'

'သူတို့ ဘယ်ဘက်ကိုထွက်သွားသလဲ'

မိန်းမပျိုတစ်ယောက်က တောင်ခါးပန်းပေစ်နေရာကိုညွှန်ပြ လိုက်ပြီး

'အဲဒီဖက်ကိုထွက်သွားကြပါတယ်ရှင်'

'ကိုင်း မင်းတို့က ဇရပ်ကို ပြန်ပြီး သိုင်းသမားတွေကို အကြောင်းကြား၊ ငါ သူတို့ ထွက်သွားတဲ့ဖက်ကို လိုက်သွားမယ်....'

'ဟုတ် ဟုတ်ကဲ့'

'ကျေးဇူးပါပဲ အစ်ကိုကြီးရယ်'

ထို့နောက် မိန်းမပျိုသုံးယောက်က တောင်ကြောကိုပတ်ကာ အလျင်အမြန် ပြေးထွက်သွားကြ၏။

စင်းပိုလုံကလည်း အချိန်ဆိုင်းမနေတော့ဘဲ ရှန်ကျိစင်းကို ငွေရောင်ဝတ်စုံရှင် လူထွားကြီးသုံးယောက် ခေါ်ဆောင်သွားရာဖက်သို့ ထိပ်တန်း ကိုယ်ဖော့အားသုံးကာ ပြေးလိုက်သွားတော့၏။

● ● ●

နက်ရှိုင်းသော လျှိုကြီး။

မှောင်မည်း တိတ်ဆိတ်လျက် ရှိနေ၏။ လျှိုကြီးအတွင်း အသေအချာ ကြည့်မည်ဆိုပါက အိမ်ကလေးများကို တွေ့ရှိရမည်ဖြစ်ပေ၏။

အိမ်ကလေးများ ဝိုင်းရံထားသည့် အလယ်ခေါင်တွင် ကြီးမား ခံ့ထည်သောအိမ်ကြီးတစ်လုံးက ရှိနေ၏။





ထိုအိမ်ကြီးအတွင်း မီးရောင်များက လင်းလက်လျက် ရှိနေ၏။

အိမ်ကြီးအတွင်း သောက်စား ပျော်ပါးသံများကလည်း ဆူညံလျက် ရှိနေ၏။

လျှိုကြီးအတွင်း အစောင့်များက ရှိနေ၏။ အစောင့်များက လျှိုကြီးအတွင်း လှည့်ပတ်ကာ စောင့်ကြပ်လျက် ရှိနေကြ၏။

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

ယင်းအချိန်မှာပင် ထိပ်တန်းကိုယ်ဖော့အား သုံးကာ လူရိပ် တစ်ရိပ်က လျှိုကြီးအတွင်း ကျဆင်းလာခဲ့၏။

ထိုသူက လေထဲမှာပင် ကျွမ်းတစ်ချက် ပစ်ကာ နောက် တစ်ချက် ထပ်ခုန်လိုက်ရာ အိမ်ကလေးများကို ကျော်၍ အိမ် ကြီးအနီး ကျရောက်သွား၏။

ထိုသူက အိမ်ကြီးအနီး ပြေးကပ်ကာ အတွင်းသို့ အသာ ချောင်းကြည့်လိုက်၏။

ခန်းမဆောင်ကြီးအတွင်းတွင် မိန်းမပျိုတစ်ယောက်ကို ကြိုး ဖြင့် တုတ်နှောင်ထားသည်ကို တွေ့မြင်လိုက်ရ၏။

ထိုမိန်းမပျိုမှာ ရှန်ကျိစင်းပင်ဖြစ်၏။ ရှန်ကျိစင်း အနီးတွင် ငွေရောင် ဝတ်စုံရှင် လူထွားကြီး သုံးယောက်က ရယ်မောသောက်စားရင်း ရှိနေကြ၏။

လူထွားကြီး တစ်ယောက်က....

'ဒီတစ်ခါ ငါတို့ ဖမ်းခေါ်လာတဲ့ ကောင်မလေးက အပျိုစားပဲ၊ သူ့ကို ကြိုးနဲ့ တုတ်ထားရတာကတော့ အားနာပါတယ်'

လူထွားကြီးတစ်ယောက်က တဟဲဟဲရယ်မောရင်း....

'ကြိုးနဲ့ မတုတ်ထားရင် ဒီကောင်မလေးက ငြိမ်ငြိမ်မှ မနေဘဲ'

တစ်ယောက်က....

'ဂိုဏ်းချုပ်ကြီး ဘယ်တော့လာမလဲ မသိဘူး၊ ဂိုဏ်းချုပ်ကြီးက ဒီတစ်ခါတော့ ငါတို့ကို ဆုငွေ ကောင်းကောင်း ချီးမြှင့်မှာ သေချာတယ်'

အပြင်ဖက်မှ ချောင်းကြည့်နေသူက အသာ ကြိတ်၍ ပြုံးလိုက်မိ၏။

ထိုသူသည်ကား အခြားသူ မဟုတ်ပေ။ ရှန်ကျီစင်းကို တိတ်တခိုးကလေး မေတ္တာရှိနေသည့် စင်းပီလုံပင် ဖြစ်ပေတော့၏။

'ဒီကောင်တွေရဲ့ ဂိုဏ်းချုပ်ဆိုတာ ဘယ်သူပါလိမ့်၊ အသာစောင့်ကြည့်ဦးမှပဲ'

စင်းပီလုံက စိတ်ထဲမှတွေးလိုက်ပြီး အမှောင်ရိပ်တွင် အသာခိုနေလိုက်၏။

မကြာမီ အပြင်ဖက်မှ အဝတ်လေတိုးသံများ ကြားလိုက်ရပြီး ဝတ်စုံနက်များ ထွက်ပေါ်လာကြ၏။

ဝတ်စုံနက်များ ခေါင်းဆောင်မှာ မျက်နှာဖုံးတစ်ခု တပ်ဆင်ထား၏။





ထိုမျက်နှာဖုံးစွပ်ကို တွေ့မြင်လိုက်ရလျှင် ငွေရောင်ဝတ်စုံ ရှင်လူထွားကြီးသုံးယောက်က လက်များ ဆုပ်ကာ အရိုအသေပြုလိုက်ကြ၏။

လူထွားကြီး တစ်ယောက်က မျက်နှာဖုံးစွပ်ကို အရိုအသေပြုလိုက်ပြီး....

'ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ကျွန်တော်တို့ လမ်းခရီးတစ်နေရာမှာ ဟောဒီ မိန်းမချောလေးကို တွေ့လို့ ဖမ်းခေါ် လာခဲ့ပါတယ်'

ဂိုဏ်းချုပ်ကြီးဆိုသူက ရှန်ကျီစင်းကို အကဲခတ်ကြည့်လိုက်ရင်း....

'ဟဲ ဟဲ ဟဲ သူကလေးက မဆိုးလှပါလား၊ မင်းအလေးက ဘယ်သူတဲ့လဲ'

ရှန်ကျီစင်းက ဘာမှ ပြန်မပြော။ မျက်နှာကိုသာ လွှဲဖယ်နေလိုက်၏။

ဂိုဏ်းချုပ်ဆိုသူက ရှန်ကျီစင်း၏ မေးစေ့ကို ကိုင်ကာ ဆွဲလှည့်လိုက်ရင်း....

'မင်းဘယ်သူလဲဆိုတာ ငါမေးနေတယ်၊ ငါစိတ်တိုလာရင် မင်း မလှယ်ဘူးနော်'

ရှန်ကျီစင်းက မပြောသည့်အပြင် တံတွေးနှင့် ထွီခနဲလှမ်းထွေးလိုက်၏။

'ဖြန်း'

မျက်နှာဖုံးစွပ်က ပြောပြောဆိုဆို ရှန်ကျီစင်းကို နောက်တစ်ချက်ရိုက်ရန် လက်ဝဲတစ်ဖက် မြှောက်လိုက်၏။

'ဝှစ်'

ရုတ်တရက် လက်နက်ပုန်းလေတိုးသံတစ်ချက်ကြားလိုက်ပြီး နောက် မျက်နှာဖုံးစွပ်က လေထဲမှလွင့်ပျံလာသော လက်နက် ပုန်းကို ဖမ်းဆုပ်ယူသွားလိုက်၏။

မျက်နှာဖုံးစွပ်က လက်ဝါးကိုဖြန့်ကြည့်လိုက်ရာ သစ်သား ဓားပျံကလေးတစ်ချောင်း ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'ရန်သူ ရန်သူ'

'ဒေါင်း ဒေါင်း ဒေါင် ဒေါင်'

'ဒေါင် ဒေါင် ဒေါင် ဒေါင်း'

ငွေရောင်ဝတ်စုံရှင် လူထွားကြီးသုံးယောက်က အော်ဟစ် လိုက်သည်နှင့် အချက်ပေးသံများက စခန်းနေရာအနှံ့အပြားမှ ထွက်ပေါ်လာ၏။

'ဖြောင်း'

'ဝုန်း'

ပြောင်းပေါက် ကျိုးပြတ်လွင့်စဉ်ကာ လူရိပ်တစ်ရိပ်က ခန်း မဆောင်ကြီးအတွင်းသို့ ထိုးဆင်းကျရောက်လာ၏။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ထိုသူက ဓား ကိုဝေ့ယမ်းလိုက်ရာ ရှန်ကျဲစင်း ကိုယ်ပေါ်မှ ကြိုးများ မှာ ပြတ်ထွက်သွားရ၏။

'ဟင်'

'ဟာ'

'ဟယ်'





ထိုထိုသူ၏ အံ့မခမ်းသိုင်းပညာကြောင့် မျက်နှာဖုံးစွပ်နှင့် လူထွားကြီး သုံးယောက်တို့ပင် အံ့ဩမင်တက် မိသွားကြရ၏။

'ဟင်'

ရောက်ရှိကယ်တင်လာသူကို ကြည့်ကာ ရှန်ကျဲစင်းမှာလည်း တအံ့တဩ ဖြစ်သွားရ၏။

ရုတ်တရက် ရောက်လာပြီး သူမ၏အသက်ကို ကယ်တင် လိုက်သူမှာ လူချောကလေး စင်းပီလုံ ဖြစ်နေသည် မဟုတ်ပါ လား....။

'ရော့ ညီမ'

စင်းပီလုံက ရှန်ကျဲစင်းကို ဓားတစ်လက် ပစ်ပေးလိုက်၏။

'ဟိတ်ကောင် မင်း ဘယ်သူလဲ၊ ငါတို့လုပ်ငန်းကို ဘာဖြစ် လို့ ဝင်ရှုပ်တာလဲ'

မျက်နှာဖုံးစွပ်က စင်းပီလုံကိုအော်ငေါက်မေးမြန်းလိုက်၏။

စင်းပီလုံက မျက်နှာဖုံးစွပ်ကို ဓားဦးနှင့် ထိုးချိန်လိုက်ကာ အေးစက်စက်ထန်သော လေသံဖြင့်....

'ကျုပ်က စင်းပီလုံ နေစကြာဂိုဏ်းချုပ်ရဲ့သားပဲ။ မတရား တွေ့ရင် လက်ပိုက်ကြည့်မနေတတ်ဘူး၊ ဒါကြောင့် ကျုပ်ရောက် လာတာ'

'အောင်မာ မင်းက တော်တော် အပြောကြီးတာပဲ၊ မင်း က ဘာကောင်လဲ'

'တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး အတွက် ဆောင်ရွက်ရမှာ ကျုပ်တို့ အဖြူရောင်သိုင်းလောက သားတွေရဲ့ တာဝန်ပဲ၊ ဒုစရိုက် အနက်ရောင်သိုင်းသမားတွေကို

ချေမှုန်းရမယ်၊ အခု ခင်ဗျားတို့ကို ကျုပ်တို့ အဖြူရောင်သိုင်းလောကသားတွေက ဝိုင်းထားပြီးပြီ'

'ရှီး'

'ဖောင်း'

ယင်းအချိန်မှာပင် အဘက်ဆီမှအချက်ပေးမီးမြားတစ်စင်း ထိုးတက် ပေါက်ကွဲသွားသည်ကို တွေ့မြင်လိုက်ရ၏။

'ရှီး ရှီး ရှီး'

'ဖောင်း ဖောင်း ဖောင်း'

တဆက်တည်းမှာပင် အချက်ပေး မီးမြားသုံးစင်း ဆက်တိုက်ထိုးတက်ပေါက်ကွဲသွားသည်ကိုပါ တွေ့မြင်လိုက်ရ၏။

'ဟင်'

'ဟာ ဟယ်'

ကောင်းကင်ပြင်ဆီသို့ ထိုးတက်ပေါက်ကွဲသွားသောအချက်ပေးမီးမြားများကို တွေ့မြင်လိုက်ရလျှင် မျက်နှာဖုံးစွပ်နှင့် လူထွားကြီးသုံးယောက်တို့မှာ မျက်နှာများပျက်ကာ ထိတ်လန့်ချောက်ချားသွားရကြ၏။

ရှန်ကျီစင်းမှာ အလွန်ပင်ဝမ်းသာအားရ ဖြစ်သွားရ၏။ စင်းပိလုံက တဟဲဟဲ ရယ်မောရင်း မျက်နှာဖုံးကို....

'ကိုင်း ခင်ဗျားတို့ တွေ့ပြီမဟုတ်လား၊ ကျုပ်တို့ အဖြူရောင်သိုင်းလောကသားတွေက ခင်ဗျားတို့ကို ဝိုင်းထားပြီးပြီ'

မျက်နှာဖုံးစွပ်က ဓားတစ်လက်ကို ဆွဲထုတ်လိုက်ကာ....





'ဟား ဟား တား ဟား မင်းက သေချင်တဲ့ကောင်ဆိုတော့ မင်းဆန္ဒကိုဖြည့်စွမ်းပေးရတော့မှာပေါ့၊ ဟိတ်ကောင်တွေ ဒီကောင့်ကို ဝိုင်းတိုက်ကြစမ်းကွာ'

'ယား'

'ဟိုင်း'

အော်ဟစ်မာန်သွင်းသံ၊ ဓားခါးချင်း ထိခတ်သံများက ပွက်လောရိုက်သွားရ၏။

အပြင်ဘက်တွင်လည်း အဖြူရောင် သိုင်းလောကသားများနှင့် ဝတ်စုံနက်များ အကျိတ်အနယ် တိုက်ခိုက်နေကြလေပြီ။

အိမ်ကြီးအတွင်းတွင် လူထွားကြီးသုံးယောက်နှင့် စင်းပိလုံက အကျိတ်အနယ် တိုက်ခိုက်လျက် ရှိနေ၏။

စင်းပိလုံနှင့်အတူ ရှန်ကျီစင်းကလည်း တိုက်ပွဲအတွင်းသို့ ပါဝင်လာ၏။

'ယား'

'ထန်း'

လူထွားကြီးသုံးယောက်တို့၏ ဓားချက်များကို စင်းပိလုံက သူ့ဓားချက် တစ်ချက်တည်းနှင့် ကာကွယ်ပေးလိုက်၏။

'ရွမ်း'

'အား အင့်'

စင်းပိလုံ၏ ဟသာ်သာအောင်ပန်နီခတီ ဓားချက်ကြောင့် ငွေရောင်ဝတ်စုံ လူထွားကြီးနှစ်ယောက်မှာ လူတခြား ဓားတခြား ဖြစ်ကာ လွင့်စဉ်ထွက်သွားရ၏။

'ဟင်'

မရှုမလှ အသက်ပျောက်သွားရသော ငွေရောင်ဝတ်စုံ လူထွားကြီးနှစ်ယောက်ကို ကြည့်ကာ မျက်နှာဖုံးစွပ်နှင့် လူထွားကြီးမှာ ထိတ်လန့် ချောက်ချားသွားကြရ၏။

စင်းပိလုံနှင့် ရှန်ကျိစင်းတို့က လူထွားကြီးနှင့် မျက်နှာဖုံးစွပ် ဂိုဏ်းချုပ်ကို ရင်ဆိုင်လိုက်ကြ၏။

'ယား'

'ထန်း ထန်း ထန်း'

စင်းပိလုံနှင့် မျက်နှာဖုံးစွပ် ဂိုဏ်းချုပ်တို့ ဓားချင်း ယှဉ်မိလိုက်ကြသလို ရှန်ကျိစင်းနှင့် ငွေရောင်ဝတ်စုံ လူထွားကြီးတို့ ဓားချင်း ယှဉ်မိလိုက်ကြ၏။

'ဝှစ် ဝှစ် ဝှစ်'

'ဝှိ ဝှိ ဝှိ'

မျက်နှာဖုံးစွပ် ဂိုဏ်းချုပ်၏ ဓားပညာမှာလည်း အထူးပင် ထက်မြက်လှ၏။

ဓားလေထိုးသံမှာ ကြောက်ခမန်းလိလိ ထွက်ပေါ်နေကာ ဓားချက်များက မိုးသီးမိုးပေါက်များအလား အဆက်မပြတ် ကျဆင်းလျက် ရှိနေ၏။

'ချွမ်း'

'ဝုန်း'

စင်းပိလုံနှင့် မျက်နှာဖုံးစွပ်တို့က ဓားချင်းဆုံလိုက်မိကြပြီး လက်ဝါးချင်းပါ ရိုက်ကာ နောက်သို့ ခုန်ဆုတ်မိလိုက်ကြလေသည်။

'ဝှစ်'





'အား'

ရှန်ကျိစင်း၏ နဂါးမြေလူး ဓားချက်ကြောင့် ငွေရောင်ဝတ်စုံရှင် လူထွားကြီးမှာ ရင်ဝတွင် သွေးများပန်းထွက်လာကာ ကြမ်းပြင်ထက်သို့ လဲကျသွားရ၏။

အိမ်ကြီးအပြင်ဘက်တွင်လည်း အော်ဟစ် မာန်သွင်းသံ၊ တိုက်ခိုက်သံ၊ ညည်းညူသံများမှာ ဖရဲပွက်သည့်အလား ဆူညံလျက် ရှိနေ၏။

မျက်နှာဖုံးစွပ် ဂိုဏ်းချုပ်ကို စင်းပိလုံနှင့် ရှန်ကျိစင်းတို့က ဝိုင်းထားလိုက်၏။

စင်းပိလုံက မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်ကို ဓားဦးနှင့် ညွှန်လိုက်ကာ....

'ကိုင်း အခုလောက်ဆိုရင် ခင်ဗျား သဘောပေါက်ဖို့ ကောင်းပြီ၊ အေးအေးဆေးဆေး အညံ့ခံလိုက်ပါ'

'ဟား ဟား ဟား'

မျက်နှာဖုံးစွပ်က ကျယ်လောင်စူးရှစွာ ရယ်မောလိုက်ရင်း....

'အညံ့ခံတယ်ဆိုတာ ငါ့မှာ မရှိဘူးကွ'

'ယား'

'ဝှစ်'

စကားဆုံးသည်နှင့် မျက်နှာဖုံးစွပ်က ကိုယ်ကို တစ်ချက် လှုပ်လိုက်ရာ ပြတင်းပေါက် အပြင်ဘက်သို့ ထိုးထွက်သွားသည်။

မျက်နှာဖုံးစွပ်က အပြင်ဘက်ရောက်သည်နှင့် ထိပ်တန်းကိုယ်ဖော့အားသုံးကာ အမှောင်အတွင်းသို့ ပြေးထွက်သွားတော့၏။

'ယား'

'ရှစ် ဝှစ်'

ချက်ချင်းပင် စင်းပိုလုံနှင့် ရှန်ကျိစင်းတို့ကလည်း ထိပ်တန်းကိုယ်ဖော့အားများ အသုံးပြုကာ မျက်နှာဖုံးစွပ်နောက်သို့ ပြေးလိုက်သွားကြသည်။

မျက်နှာဖုံးစွပ်က လျှိုကြီးအပေါ်သို့ လျင်မြန်စွာ ခုန်ပျံတက်ရောက်သွား၏။

'ဟူး ဟူး ဟူး'

စင်းပိုလုံနှင့် ရှန်ကျိတို့ကလည်း မျက်နှာဖုံးစွပ်ကို လုံးဝအလွတ်မပေးဘဲ နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်လာကြသည်။

'ရှီး ရှီး ရှီး'

မျက်နှာဖုံးစွပ် ဂိုဏ်းချုပ်က နောက်ဘက်သို့ လက်နက်ပုန်းများကို အရမ်းမဲ ပစ်လွှတ်လိုက်၏။

'ရှစ် ဝှစ် ဝှစ်'

လက်နက်ပုန်းများမှာ အထူးများပြားသော အဆိပ်လက်နက်ပုန်းများ ဖြစ်ကြ၏။

စင်းပိုလုံနှင့် ရှန်ကျိစင်းတို့က ဓားများကို ဝေ့ယမ်းကာ လက်နက်ပုန်းများကို ခုတ်ထုတ်ပစ်လိုက်ရ၏။





လက်နက်ပုန်းများမှာ စက်ဝိုင်းဓားချက်များကြောင့် လွင့်စဉ်ထွက်သွားကြရ၏။

မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်က တောင်နံရံမှ ကျောက်ဂူကြီးတစ်ဂူအတွင်းသို့ ပြေးဝင်သွားသည်ကို တွေ့မြင်လိုက်ကြရလေသည်။

'ဒီလူမဆန်တဲ့ကောင်ကို အရဖမ်းရမယ်'

'ဟုတ်တယ် အစ်ကို'

နှစ်ယောက်သား ပြောကာ ကျောက်ဂူကြီးအတွင်း ပြေးလိုက်ဝင်သွားကြ၏။

'ဝေါ'

'အား'

ရုတ်တရက် ရှန်ကျိစင်းမှာ ထောင်ချောက်တစ်ခု နင်းမိသော အပေါ်သို့ မြောက်တက်လာသည့် မိန်းမချောလေး ရှန်ကျိစင်းကို မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်က ဆီးဖမ်းထားလိုက်သည်။

စင်းပိုလုံက အပေါ်သို့ မော့ကြည့်ကာ ရှန်ကျိစင်းအတွက် စိုးရိမ်သွားမိ၏။

မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်က ထောင်ချောက် အဝ၏ အထက်ကျောက်ဆောင်ကြီး တစ်ခုပေါ်မှ စောင့်ဆိုင်းနေခြင်းပင်ဖြစ်၏။

မျက်နှာဖုံးစွပ် ဂိုဏ်းချုပ်က ရှန်ကျိစင်းကို ချုပ်ကိုင်ထားလိုက်ရင်း ဟဲဟဲဟဲ ရယ်မောလိုက်သော....

'ဟိတ်ကောင် မင်း ဘာဖြစ်နိုင်သေးသလဲ၊ မင်းကောင်မလေးက ငါ့လက်ထဲ ရောက်နေပါပြီကွ'

'အို'

မျက်နှာဖုံးစွပ် ဂိုဏ်းချုပ် စကားကြောင့် ရှန်ကျီစင်းမှာ မျက်နှာအလေး ရဲတက်သွားရ၏၊

စင်းပိလုံက အပေါ်သို့ မော့ကြည့်လိုက်ရင်း....

'ခင်ဗျား သူ့ကို လက်ဖျားနဲ့ တို့ကြည့်၊ ခင်ဗျားကို ကျုပ်ကိုယ်တိုင် အမှုန့်ကြိတ်ပစ်မယ်'

'ဟား ဟား ဟား'

မျက်နှာဖုံးစွပ်က တဟားဟား ရယ်မောလိုက်ကာ....

'ဟိတ်ကောင် မင်းဓားကို အောက်ချထားလိုက်စမ်း၊ မချရင် သူ့ကို ငါသတ်လိုက်မယ်'

မျက်နှာဖုံးစွပ်ကပြောရင်း ဓားဖြင့် ရှန်ကျီစင်းကို ထောက်ထားလိုက်၏။

အေးစက်စက် ဓားဖျားကြောင့် ရှန်ကျီစင်းမှာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရ၏။

စင်းပိလုံမှာ မတတ်သာတော့ဘဲ လက်ထဲမှ ချင်ပင်ကျန်ဓားစိမ်းကို အောက်သို့ ချထားလိုက်ရ၏။

'ဟဲ ဟဲ ဒီလိုမှပေါ့ကွာ၊ လိမ်မာမှပေါ့၊ မင်းမလိမ်မာရင် မင်းကောင်မလေး အသက်ပျောက်သွားရလိမ့်မယ်'

မျက်နှာဖုံးစွပ် ဂိုဏ်းချုပ်က ခနဲ့စကား ပြောရင်း ရှန်ကျီစင်းကို ချုပ်ကိုင်ကာ အောက်သို့ လှားဆင်းလာ၏။

အောက်သို့ ရောက်သည်နှင့်....





'ကိုင်း မင်းက ရှေ့ကို ဆက်လျှောက်လိုက်စမ်း၊ ဆက်လျှောက်လေကွာ၊ မလျှောက်ရင် သူ့ကို ငါသတ်ပစ်လိုက်မယ်'

မျက်နှာဖုံးစွပ် ဂိုဏ်းချုပ်က စင်းပိလုံကို အော်ငေါက်ပြောလိုက်၏။

စင်းပိလုံက ရှေ့မှ မြေပြင်ကို ကြည့်လိုက်ရာ ထောင်ချောက်များ ဆင်ထားသည်ကို တွေ့မြင်လိုက်ရ၏။

'အစ်ကို မသွားနဲ့၊ ကျွန်မ အသေခံသွားမယ်'

ရှန်ကျီစင်းက စင်းပိလုံအတွက် စိုးရိမ်တကြီး အော်ပြောကြားလိုက်၏။

မျက်နှာဖုံးစွပ်က တဟဲဟဲ ရယ်မောရင်း....

'သူက မင်းသေရမှာကို မကြည့်ရက်လို့ပါကွာ၊ ကိုင်း သွားသွားပါစေ'

စင်းပိလုံက ခြေလှမ်းကို ရှေ့လျှားလိုက်၏။

'ဝုစ်'

'ဒေါက်'

'အား'

စင်းပိလုံက ခြေထောက်ရှေ့လျှားလိုက်သည်နှင့် သစ်သားဓားပျံတစ်ချောင်းက ဖိနပ်ကြားမှပြေးထွက်သွားကာ မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်၏ မျက်လုံးတစ်ဘက်ကို စိုက်ဝင်သွား၏။

မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်မှာ မျက်လုံးတစ်ဘက်မှ သွေးများပန်းထွက်လာကာ နာကျင်စူးရှစွာ တစ်ချက်တစ်အော်လိုက်၏။

ရှန်ကျီစင်းက အခွင့်ကောင်းယူကာ အပြင်သို့ ခုန်ရှန်းထွက်လိုက်ရာ လွတ်မြောက်သွား၏။

သူမက မြေတွင်လှိမ့်ရင်း မြေပေါ်မှ ချင်ပင်ကျန်ဓားကို ကောက်ယူကာ စင်းပိလုံထံသို့ ပစ်ပေးလိုက်၏။

'ယား'

'ဝှစ် ဝှစ် ဝှစ်'

စင်းပိလုံသာ ချင်ပင်ကျန်ဓား လက်ထဲပြန်ရောက်သည်နှင့် ဓားကို ဝေ့ယမ်းကာ မျက်နှာဖုံးစွပ်ထံသို့ ခုန်ပျံတိုက်ခိုက် ပစ်လိုက်၏။

'ဟန်း'

'ချွမ်း'

မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်က မျက်နှာတစ်ခုလုံး သွေးများ ရဲဖြာနေသည့်ကြားမှ စင်းပိလုံ၏ဓားကို သူ့ဓားဖြင့် ခတ်ထုတ် ပစ်လိုက်၏။

မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်က စူးရှခက်ထန်သော လေသံဖြင့်....

'ဟိတ်ကောင် ဒီညတော့ မင်းကို ငါ မရမကသတ်မယ်ကွ၊ ငါ့မျက်လုံးတစ်ဖက်ကို ပျက်စီးအောင်လုပ်တဲ့ကောင်၊ မင်းကို ငါသတ်မယ်'

'ယား'

မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်က စကားဆုံးသည်နှင့် ဓားကို ဝေ့ယမ်းကာ စင်းပိလုံအား အငြိုးကြီးကြီးဖြင့် တိုက်ခိုက်လိုက်၏။

ဓားချက်များမှာ ပြင်းထန်လှ၍ စင်းပိလုံမှာ အထူးသတိထားတိုက်ခိုက်နေရ၏။





'ထန်း'

စင်းပိလုံက ဓားဖြင့် မျက်နှာဖုံးစွပ်၏ ဓားကို ပွတ်ဆွဲလိုက်ကာ....

'ခင်ဗျား ဘယ်သူလဲ'

'ငါဘယ်သူဖြစ်ဖြစ်ပေါ့ကွာ၊ မင်းအပူမပါပါဘူး၊ မင်းသေဖို့သာ ပြင်ပေတော့'

'ယား'

'ဟိုင်း'

'ထန်း'

ဓားနှစ်လက်မှာ ပြင်းထန်စွာထိခတ်ကာ မီးများပွင့်ထွက်သွားရ၏။

ထိုအချိန်မှာပင် အပြင်ဘက်မှ ဆူညံသောအသံ ကြားလိုက်ရပြီး အိုမေစန်ဆောင်ဂိုဏ်းချုပ် ရဲသော့ကြီး ကြွင်းခေါင်းဆောင်သော အဖြူရောင်သိုင်းသမားများ ဝင်ရောက်လာကြ၏။

ကျောက်ဂူကြီးအတွင်းတွင်မူ မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်နှင့် စင်းပိလုံတို့က ပြင်းထန်စွာတိုက်ခိုက်လျက် ရှိနေကြ၏။

'ယား'

'ချွမ်း'

မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်က ဓားကိုစုံကိုင်ပြီး ခုတ်ချလိုက်ရာ စင်းပိလုံက ချင်ပင်ကျန် ဓားဖြင့် ဆီးခံပေးလိုက်၏။

စင်းပီလုံက ခါးကိုနှိမ့်ကာ ဝေ့ယမ်း ခုတ်ပစ်လိုက်ရာ နှာဖုံးစွပ်ဂိုဏ်းချုပ်က အထက်သို့ လွှားတက်ရှောင်တိမ်း ကာလိုက်ရ၏။

'ဟိတ် တောက်ဖုံချိတ်'

'ဟင်'

ရုတ်တရက် တောက်ရသော့ ဂိုဏ်းချုပ်ကြီးဆုကြွင်းက မှအော်ငေါက်ခေါ်လိုက်ရာ မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်မှာ ဆတ်ခနဲဖြစ်ကာ ခါးကိုရှုတ်ပြီး နောက်သို့ ခုန်ဆုတ်မိလိုက်၏။

တောက်ရသော့ကြီး ဂိုဏ်းချုပ်ကြီးဆုကြွင်းက မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်ကို လက်ညှိုးထိုးလိုက်ပြီး....

'တောက်ဖုံးချိတ် မင်းတော်တော်မိုက်တဲ့ကောင်ပါလား၊ ပွဲတော်ကျင်းပနေတုန်း၊ မင်းက အခွင့်ကောင်းယူပြီး တော့တွေ ကြံစည်တာပေါ့လေ၊ မင်းကို ငါ ဆုံးမရတော့

ရသော့ကြီးဆုကြွင်းကပြောပြီး ရှေ့တိုးသွားရာ တောက်ဖုံးချိတ်ဆိုသော မျက်နှာဖုံးစွပ်မှာ နောက်သို့ တဖြည်းဖြည်း ဆုတ်သွား၏။

'ဟုန်း'

'အား'

ရုတ်တရက် မျက်နှာဖုံးစွပ် ဝတ်စုံနက်သည် 'သူ' ထောင်ထားသည့် မြေမြှုပ်မှထောင်ချောက်များကိုနင်းမိကာ အထက်သို့ မြှောက်တက်သွားရ၏။





သူ့ကိုယ်တွင် ချိန်ထက်သောအဆိပ်လှုံးမြားများက စိုက်ဝင်သွား၏။

ချိန်ထက်သော အဆိပ်လှုံးမြားများက မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်၏ တစ်ကိုယ်လုံးကို ဖောက်ထွင်းကာ အောက်သို့ ပုန်းပြုတ်ကျလာရ၏။

မျက်နှာဖုံးစွပ်ဂိုဏ်းချုပ်မှာ မသေဆုံးမီ တောက်ရသော့ ဂိုဏ်းချုပ်ကြီးဆုကြွင်းအား အရှိအသေပြုလိုက်ပြီး....

'အရှင်ဘုရား တပည့်တော်ကို ခွင့်လွှတ်တော်မူပါ ဘုရား အား ဝေါ့ ဝေါ့'

မျက်နှာဖုံးစွပ် ဝတ်စုံနက်သည် ရသော့ကြီး ဆုကြွင်းအား အရှိအသေပြုကာ စကားပင် ဆုံးအောင် မပြောနိုင်တော့ဘဲ အသက်ပျောက်သွားရလေတော့၏။

ရသော့ကြီးဆုကြွင်းက စင်းပီလုံ၊ ရှန်ကျီစင်းနှင့်အဖြူရောင် သိုင်းသမားများဖက်သို့ လှည့်လိုက်ကာ....

'တောက်ဖုံးချိတ်ဟာ ကျုပ်ရဲ့တပည့်တစ်ယောက်ဖြစ်တယ်၊ သူဟာ အကျင့်စာရိတ္တ မကောင်းတဲ့အတွက် ကျောင်းတော်က နှင်ထုတ်ထားခဲ့တာကြာပြီ၊ သူဟာ လမ်းမှားလိုက်မိတဲ့အတွက် အခုလို အဖြစ်ဆိုးနဲ့ အမိုက်ဇာတ်သိမ်းသွားခဲ့ရတာပဲ'

ထို့နောက် အားလုံးတာ အပြင်ဖက်သို့ ထွက်လာခဲ့ကြ၏။ လရောင်က ရှန်းတင့်အေးမြစွာ ကျဆင်းလျက် ရှိနေလေသည်။

စင်းပီလုံနှင့် ရှန်ကျီစင်းတို့မှာ တစ်ယောက်လက်ကို တစ်ယောက် ကြင်နာယုယစွာ ဆုပ်ကိုင်မိလိုက်ကြ၏။

သူတို့ တစ်ယောက်မေတ္တာကိုတစ်ယောက် နားလည်သွား ကြရလေပြီ။

ရှန်ကျီစင်းက....

'အစ်ကို'

'ဘာလဲ ညီမ'

'ယောင်တုန်မြို့မှာတုန်းက ရှေ့နေဂါး စားသောက်ဆိုင်မှာ ညီမကိုလာပြီးနှုတ်ဆက်တဲ့ ယန့်စန်လန်လေ၊ အစ်ကို မိတ်ဆွေ မဟုတ်လား၊ အစ်ကို အခု ဒီကိုလာတော့ သူ မပါဘူးလား'

စင်းပိလုံက သက်ပြင်းတစ်ချက်ရှိုက်ရင်း

'သူ ဘယ်တော့မှ အစ်ကိုနဲ့အတူ တွေ့နိုင်တော့မှာ မဟုတ် ပါဘူး ညီမ'

'အို ဘာဖြစ်လို့လဲ အစ်ကို'

ရှန်ကျီစင်းက အထိတ်တလန့် ရေရွတ်မိလိုက်၏။

စင်းပိလုံက

'ယန့်စန်လန်ဟာ ရန်သူ့လက်ချက်ကြောင့် ကျဆုံးခဲ့ရှာ ပြီ ညီမ'

ရှန်ကျီစင်းမှာ စိတ်မကောင်းဖြစ်သွားရကာ

'အို ဘယ်လိုဖြစ်ရတာလဲ အစ်ကို'

စင်းပိလုံက ယန့်စန်လန်နှင့်ပတ်သက်၍ အကြောင်းစုံရှင်းပြ လိုက်၏။

ရှန်ကျီစင်းမှာ အတော်ကလေး စိတ်မကောင်း ဖြစ်သွားရ သည်။

သူမက မျက်ရည်မျှားပင်ကျလာကာ





'ဒီကိစ္စက ညီမကြောင့်ဖြစ်ရတာပါ၊ သူဟာ သူ့ရှေ့သား ချင်စိ ကွမ်ဟာ အတော်ဆိုးတဲ့လူတစ်ယောက်ပဲ'

'အခု တော့ သူတို့ဆရာတပည့်တွေလဲ မရှိတော့ပါဘူးလေ၊ အစ်ကိုတို့အတွက် အေးချမ်းသာယာသွားရပါပြီ'

ရှန့်ကျီစင်းနှင့်စင်းပီလုံ တို့မှာ တစ်ယောက်ကို တစ်ယော ကြည့်မဝသော မျက်လုံးများနှင့် ကြည့်လိုက်မိကြ လေ၏ သည်။

## (၄၂)

တောက်ရသေ့များ၏ သိုင်းပြိုင်ပွဲကြီး။

သိုင်းပြိုင်ပွဲကြီးကို ဆက်လက်ကျင်းပကြ၏။ ရှန်ကျီစင်း၏ တိုက်တွန်းချက်ကြောင့် စင်းပီလုံမှာလည်း ပြိုင်ပွဲတွင်ပါဝင် ယှဉ်ပြိုင်ရ၏။

စင်းပီလုံသည် ပြိုင်ဖက်များကို တစ်ယောက်ပြီး တစ်ယောက် အနိုင်ကျဲလာခဲ့၏။

နောက်ဆုံးဗိုလ်လုပွဲတွင် စင်းပီလုံသည် တိမ်နဂါးဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး၏သား ကုန္ဓမ်းကျန်နှင့် ယှဉ်ပြိုင်ရ လေတော့သည်။

သူတို့နှစ်ယောက်ထဲမှ အနိုင်ရသူသည် ရွှေသူငယ် တွဲထူးနှင့် အတူ ပထမဆုကြီးကို ဆွတ်ခူးရရှိမည် ဖြစ်ပေသည်။





ယနေ့အဖို့ အိုမေစန်တောင် တောက်ရသေ့များ ကျင်းပသည့် သိုင်းပြိုင်ပွဲနောက်ဆုံးနေ့ဖြစ်သဖြင့် ပရိသတ်များမှာ အထူးပင်စည်ကားကာ ကြက်မျှမကျ ရှိနေပေတော့၏။

စင်းပီလုံကဲ့သို့ပင် မိန်းမပျိုများဘက်၌ နောက်ဆုံးအဆင့် ပြိုင်ပွဲတိုး တက်ရောက်လာသူ နှစ်ယောက်မှာ ရှန်ကျီစင်းနှင့် ချယ်ရီပန်းဂိုဏ်းမှ ရှောင်ချွတ်ပင်ဖြစ်ကြ၏။

သူမတို့နှစ်ယောက်ထဲမှ အနိုင်ရသူသည် ကျောက်စိမ်း မယ်တွဲနှင့်အတူ ပထမဆုကြီး ဆွတ်ခူးရရှိမည်ဖြစ်ပေ၏။

ပထမပွဲစဉ်မှာ စင်းပီလုံနှင့် တိမ်နဂါးကုန္ဓမ်းကျန်တို့၏ ဗိုလ်လုပွဲကြီးပင် ဖြစ်ပေတော့၏။

တိမ်နဂါး ကုန္ဓမ်းကျန်မှာလည်း ပြိုင်ဘက်အသီးသီးကို အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်လာသူပင် ဖြစ်၏။

စင်းပီလုံက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ ကုန္ဓမ်းကျန်က အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

စင်းပီလုံနှင့်ကုန္ဓမ်းကျန်တို့မှာ အသက်ချင်း မတိမ်းမယိမ်း ဖြစ်ကာ ခန္ဓာကိုယ်ချင်းလည်း သိပ်မကွာကြပေ။

နေခြည်နုနုက တောင်ထိပ်သို့ကျရောက်လာလေပြီ။

ပြိုင်ပွဲစင်မြင့်ကြီးမှာ နေခြည်တွင် ရွှေရည်များ သွန်း လောင်းထားသကဲ့သို့ ရှိနေ၏။

ရှောင်စုံအလာ များ လှုင်ထူထားကာ ပြိုင်ပွဲပတ်ပတ်လည် တွင် ပရိသတ်များက ကျိတ်ကျိတ်တိုး ရောက်ရှိနေကြလေ ပြီ။

ပြိုင်ပွဲကြီးကြပ်သော တောက်ရသေ့ဂိုဏ်းချုပ်ကြီး ချူကြွင်း ခေါင်းဆောင်သော တောက်ရသေ့ကြီးများ၊ သိုင်းဂိုဏ်း အသီးသီးမှ ဂိုဏ်းချုပ်ကြီးများ စုံလင်စွာ ရောက်ရှိနေကြလေပြီ။

အောင်ထိပ်တွင် ပရိသတ်များက အုံးအုံးကျွက်ကျွက် ဖြစ်လျက်ရှိနေ၏။ ပြိုင်ပွဲနောက်ဆုံးနေ့ဖြစ်သလို နောက်ဆုံး ဗိုလ်လုပွဲနေ့ပင် မဟုတ်ပါလား။

'ဒူ...'

ပြိုင်ပွဲစတင်ရန် အချက်ပေးမောင်းသံ ထွက်ပေါ်လာသည်နှင့် စင်းပီလုံနှင့် ကုခွမ်းကျန့်တို့က စစ်မြင့်ထက်သို့ ပျံလွှားလာ၍ ထိုးတက်လာကြ၏။

'ဟေး ဟေး ဟေး ဟေး....'

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

ပရိသတ်များက အော်ဟစ်အားပေးလိုက်ကြ၏။ စင်းပီလုံနှင့် ကုခွမ်းကျန့်တို့က ပရိသတ်များကို အရိုအသေပြုလိုက်ကြ၏။

ပြိုင်ပွဲကြီးကြပ်သူ တောက်ရသေ့ဂိုဏ်းချုပ်ကြီး ဆုကြွင်းက ဝတ်ရုံလွှာကြီး ဝေ့ယမ်းကာ မတ်တတ်ရပ်လိုက်ပြီး—

'ဒီကနေ့ဟာ ရွေးသူငယ်နဲ့ ကျောက်စိမ်းမယ် ရွေးပွဲကြီးရဲ့ နောက်ဆုံးနေ့ နောက်ဆုံးဗိုလ်လုပွဲကြီးဖြစ်တယ်၊ ယောက်ျားလေးဘက် ဗိုလ်လုယှဉ်ပြိုင်မယ့်သူ နှစ်ယောက်ကတော့ စင်းပီလုံနဲ့ကုခွမ်းကျန့်ဖြစ်ပြီး မိန်းကလေးဘက်က နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာသူနှစ်ယောက်ကတော့ ရှန်ကျီစင်းနဲ့





ရှောင်ချွေတို့ဖြစ်တယ်၊ ယောက်ျားလေးဘက်က အနိုင်ရသူကို ရွေးသူငယ်ဘွဲ့ထူးနဲ့အတူ ထိုက်တန်တဲ့ဆုများ ချီးမြှင့်မှာဖြစ်ပြီး မိန်းကလေးဘက်က အနိုင်ရသူကိုလဲ ကျောက်စိမ်းမယ်ဘွဲ့နဲ့ အတူ ဆုများချီးမြှင့်ပေးမှာဖြစ်ပါတယ်'

ထို့နောက် တောက်ရသေ့ဂိုဏ်းချုပ်ကြီး ဆုကြွင်းက မှာစရာရှိသည်များကို မှာကြားပြောပြကာ ပြိုင်ပွဲ စတင်ရန် အချက်ပေးလိုက်တော့၏။

'ဒူ....'

ဘမ်း

မောင်းသံ ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် စင်းပီလုံနှင့် ကုခွမ်းကျန့်တို့က တောက်ရသေ့ကြီးများကို ဂါရဝပြုလိုက်ပြီး ဓားများကို ပြိုင်တူ ဆွဲထုတ်လိုက်ကြ၏။

'ရှမ်း'

'ရှမ်း'

ဓားထုတ်သံများနှင့်အတူ ဓားရောင်များမှာ နေရောင်တွင် ဖွေးလက်တောက်ပသွား၏။

စင်းပီလုံ၏ ချင်ဖင်ကျန်ဓားစိမ်းမှ အစိမ်းရောင်ဓားအလင်းတန်းကြီးများ ထွက်ပေါ်လာသလို ကုခွမ်းကျန့်၏ဓားဆီမှလည်း အပြာရောင်အလင်းတန်းကြီးများက ထွက်ပေါ်လာ၏။

ဓားအလင်းတန်းကြီးနှစ်ခုမှာ အားပြိုင်လျက်ရှိနေ၏။ စင်းပီလုံနှင့်ကုခွမ်းကျန့်တို့က တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်နေမိကြ၏။

စင်းပိလုံး၏ ချင်ပင်ဓားက နှစ်ဖက်သွားဓားဖြစ်သလို ကုခွမ်းကျန့်၏ဓားကလည်း နှစ်ဖက်သွားဓားပင်ဖြစ်၏။

ဓားနှစ်လက်စလုံး ဓားကောင်းများ ဖြစ်သလို ကိုင်ထားသူများကလည်း ထိပ်တန်းဓားသမားများပင် ဖြစ်၏။

ထိပ်တန်းအဆင့်ကို ကျော်လွန်နေသော ဓားသမားများအညီး ဖြစ်ကြပေ၏။

ဓားရိပ်ဓားငွေ့ များက နှစ်ယောက်စလုံးကို ဖုံးလွှမ်းထားလျက်ရှိကြ၏။

အေးစက်စက်ဓားရိပ်များက ဝန်းကျင်တစ်ခုလုံးကို ရိုက်ခတ်လျက်ရှိနေ၏။

ဤပွဲတွင် အနိုင်ရသူက ရွှေသူငယ်အဲ့ထူး ရရှိမည် မဟုတ်ပါလား။

'ဒူ....'

နောက်ဆုံးအဆင့် ခွင့်ပြုသည့်ဓမောင်းသံက ထွက်ပေါ်လာခဲ့လေပြီ။

'ယား'

'ဟိုင်း'

'ထန်း'

စလျင်စချင်းပင် ကုခွမ်းကျန့်က ဓားကို ဝေ့ယမ်းကာ အပေါ်မှနေ၍ စင်းပိလုံးအား ခပ်စွေစွေ ခုတ်ပိုင်းချလိုက်၏။

ဓားကွက်မှာ ရိုးရိုးကလေးဖြစ်သော်လည်း လက်တွေ့တွင်မူ ကြောက်စရာကောင်းလှပေသည်။





စင်းပိလုံးက ကုခွမ်းကျန့်၏ဓားချက်ကို သူ့ဓားဖြင့် ခတ်ထုတ်လိုက်ပြီးနောက် ဓားကို အောက်သို့ တစ်ဆက်တည်း ဆွဲချလိုက်၏။

'ရှမ်း'

ကုခွမ်းကျန့်က ဓားကိုတစ်ပတ်လှည့်လိုက်ကာ ဓားကိုင်လက်ကို အမြန်ဆုံးရုတ်လိုက်သဖြင့် လက်ပြတ် ကျမသွားရခြင်းပင်ဖြစ်၏။

နှစ်ယောက်စလုံးက တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူများပီပီ တစ်ယောက်ခြေတစ်ယောက်မြင်ကာ အရှောင်အတိမ်းကောင်းနေကြ၏။

'ဝှီး ဝှီး ဝှီး ဝှီး'

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

နှစ်ယောက်စလုံး၏ ဓားချက်များက လေပြင်းတိုက်ခိုက်နေသည့်အလား အထူးပင် မြန်ဆန်သွက်လက်နေ၏။

မြင်ရသူများမှာ ဟာခနဲ ဟင်ခနဲဖြစ်နေကြရ၏။ ကုခွမ်းကျန့်က ဝတ်ရုံလွှာကြီးကို ဝှီးခနဲ ဝေ့ယမ်းပစ်လိုက်ပြီး စင်းပိလုံး၏လည်မျိုဆီသို့ ဓားဦးဖြင့် ခုန်ပျံထိုးသွင်းပစ်လိုက်၏။

ကုခွမ်းကျန့် အသုံးပြုလိုက်သော ဓားချက်မှာ နဂါးရေဆင်းဓားချက်ပင်ဖြစ်၏။

'ဝှီး'

စင်းပိလုံးက ဓားကို ရင်ဘတ်ရှေ့တွင် ကန့်လန့်ဖြတ်ကိုင်ပြီး တွန်းထုတ်ပစ်လိုက်ရာ ကုခွမ်းကျန့်မှာ လူရောဓားပါ စင်းပိလုံးပေါ်မှ ကျော်ဖြတ်သွားရ၏။

'ငှစ်'

စင်းပီလုံကခေါးကို အထက်သို့မြှောက်ကာ ဝေ့ယမ်းတိုက်ခိုက်ပစ်လိုက်ရာ ကုခွမ်းကျန့်က စင်းပီလုံခေါးကိုပင် ဘက်နင်းကာ တစ်ဘက်သို့ ကျွမ်းပစ်ထွက်သွား၏။

'ဟင်'

စင်းပီလုံပင် ကုခွမ်းကျန့်၏ သိုင်းပညာစွမ်းကိုကြည့်ကာ တအံ့တဩဖြစ်သွားရ၏။

ကုခွမ်းကျန့်ကို အထင်သေး၍မရသလို ပေါ့တွက်၍လည်း မရပါချေ။

'ယား'

စင်းပီလုံနှင့်ကုခွမ်းကျန့်တို့ လူချင်းပူးကပ်သွားမိကြ၏။

'ဟိုင်း'

စင်းပီလုံက မာန်သွင်းကာ ခေါးဦးဖြင့် ကုခွမ်းကျန့်၏ရင်ဝကို ဆောင့်ထိုးပစ်လိုက်၏။

ကုခွမ်းကျန့်က ကိုယ်ကိုယိမ်းကာ ရှောင်တိမ်းပေးလိုက်ပြီး သူ့ခေါးဖြင့် စင်းပီလုံ၏ခေါးချက်ကို ဖြတ်ခိုင်းပစ်လိုက်၏။

'ဖူး'

'ငှစ်'

နှစ်ယောက်စလုံး အတယ့်သေကွင်းသေကွက်ချည်း တိုက်ခိုက်လိုက်ကြခြင်းပင်ဖြစ်၏။

စင်းပီလုံက ကုခွမ်းကျန့်၏ခေါးကို ကိုယ်တစ်ပတ်လှည့်ကာ ရှောင်တိမ်းပေးလိုက်ရ၏။

ခေါးနှစ်လက်စလုံးမှာ လွဲချော်သွားရ၏။





'ဝုန်း'

'ဝုန်း'

ဘယ်ဘက်ဆက်လက်ဝါးချင်း ရိုက်ပစ်လိုက်ကြ၏။ လက်ဝါးနှစ်ခုဆုံကာ ဝုန်းခနဲ မြည်ဟည်းသွားပြီး အခိုးအငွေ့များ ထွက်ပေါ်သွားရ၏။

နှစ်ယောက်စလုံးက ဘယ်ဘက်လက်ဝါးချင်း ပူးကပ်ထား မိလိုက်ကြ၏။

လက်ဝါးပြင်နှစ်ခုမှာ တစ်ခဏအကြာ၌ အခိုးအငွေ့များက တထောင်းထောင်း ထွက်ပေါ်လာ၏။

'ဝုန်း'

'ဖြောင်း'

မကြာမီ နှစ်ယောက်စလုံး နောက်သို့ ယိမ်းယိုင်ထွက်သွားကာ လက်ဝါးများမှာ ပြန်ကွာသွားရ၏။

'ယဲား'

'ငှစ်'

စင်းပီလုံက ခေါးကို လှန်လိုက်ပြီး ဘုန်းတော်ကြီး တရားထိုင် ခေါးချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

ခေါးရိပ်များက ဖြာထွက်သွားကာ ကုခွမ်းကျန့်၏ တစ်ကိုယ်လုံးကို လွှမ်းခြုံထားလိုက်၏။

ကုခွမ်းကျန့်က အသာ ပြုံးလိုက်ပြီး သူ့ခေါးကို စက်ဝိုင်းသဏ္ဌာန် ဝှေ့ယမ်းပစ်လိုက်ရာ စင်းပီလုံ၏ ခေါးချက်များမှာ ပျက်ပြယ်သွားရ၏။

'ဟိုင်း

'ဝှီး'

ကုလ္လမ်းကျန့်က ဓားကို ဆန့်လန့်ဖြတ် ကိုင်ကာ ရှေ့သို့ ခုန်ဝင်လာပြီး နဂါးအမောက်ထောင် ဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

နဂါးအမောက်ထောင် ဓားချက်မှာ ဓားရိပ်ဆယ့်ရှစ်ရိပ်ပါရှိကာ ဓားရိပ် ဆယ့်ရှစ်ရိပ်က စင်းပိလုံကို လွှမ်းခြုံထားလိုက်၏။

ဓားရိပ်များက ငွေရောင်ပိုက်ကွန်ကြီး တစ်ခုအလား ဖြန့်ကြက်ကာ အုပ်မိုးကျလာရ၏။

ဤနေရာတွင် သာမန် သိုင်းသမားတစ်ယောက် ဆိုပါက အသက် ပျောက်သွားရပေလိမ့်မည်။

စင်းပိလုံက ဓားကို အထက်သို့ ပင့်မြှောက်ကာ ဘုန်းတော်ကြီး စကြဲလျှောက် ဓားကွက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

'ဆွမ်း ထန်း တန်း'

'ချွမ်း ချွမ်း ချွမ်း'

ဓားဓားချင်း ထိခတ်ကာ မီးပွင့်မီးစွားများ ပွင့်လိုက်သွားရ၏။ စင်းပိလုံ၏ ဘုန်းတော်ကြီး စကြဲလျှောက် ဓားချက်ကြောင့် ကုလ္လမ်းကျန့်၏ နဂါးအမောက်ထောင် ဓားချက်မှာ ပျက်ပြယ်သွားရ၏။

'ဟင်'

ကုလ္လမ်းကျန့်မှာ ... အလွန်အားထားသော ဓားချက်များ လွှင့်စဉ် ပျက်ပြားသွားသည်ကို တွေ့လိုက်ရလျှင် တိတ်ဘခိုး ကလေး ချောက်ချားသွားရ၏။





ကုလ္လမ်းကျန့်က နောက်သို့ ပြန်ဆုတ်လိုက်ရင်း....

'ဗီအောင့်ကို ဒီလို တိုက်ခိုက်လို့ မဖြစ်တော့ဘူး၊ ငါ့ တီထွင်ထားတဲ့ ဝက်ပါဓားချက်နဲ့ ထုတ်ပြီး တိုက်ခိုက်မှ ဖြစ်တော့မယ်'

ကုလ္လမ်းကျန့် မျက်နှာတည်သွားသည်ကို တွေ့ရလျှင် စင်းပိလုံက အတွေးသတိထားနေလိုက်၏။

'ယား'

မကြာမီ ကုလ္လမ်းကျန့်၏ ဝက်ပါ ဓားချက်များက မျက်စိအမြင် ရှုပ်ထွေးကာ ဝင်းလက်တောက်ပစွာ ထွက်ပေါ်လာ၏။

ဝက်ပါဓားချက် ဆိုသည့်အတိုင်း ဓားချက်များက ရှုပ်ထွေးနေကာ ဖောက်ထွက်ရန် မလွယ်ကူလှပါချေ။

ဝက်ပါ ဓားချက်ကို တွေ့လိုက်ရသည်နှင့် စင်းပိလုံက ဝက်ပါဓားချက်များ အတွင်းမှ ဖောက်မထွက်ဘဲ အတွင်းသို့ ဆက်လက် တိုးဝင်သွား၏။

'ဟင်'

စင်းပိလုံ၏ ထူးဆန်းသော အပြုအမူကို တွေ့မြင်လိုက်ရလျှင် ကုလ္လမ်းကျန့်မှာ ကအံ့တဩ ဖြစ်သွားရ၏။

သာမန် သိုင်းသမားဆိုပါက ဝက်ပါဓားချက်များကြားမှ ဖောက်ထွက်သွားရန် ကြိုးစားမည် ဖြစ်၏။

ထိုသို့ ဖောက်ထွက်ရန် ကြိုးစားမည်ဆိုပါက ဓားချက်များ အနက်မှ တစ်ချက်ချက် ထိကာ ကျဆုံးသွားရပေမည်။

ယခု စင်းပိလုံကမူ ဝက်ပါခေါ်ချက်များကို ရှောင်တိမ်း ပေးခြင်း မပြုသည့် အပြင် အကွင်းသို့ တိုးဝင်ကာ ရင်ဆိုင် လိုက်၏။

ကုခွမ်းကျန်၏ ဝက်ပါ ခေါ်ချက်များက ဝက်ပါပိုက်ကွန် ကြီးများသဖွယ် အဖက်ဖက်မှ ပိတ်ဆို့ထားလိုက်၏။

'ဝှီ ဝှီ ဝှီ'

'ဝှစ် ဝှစ် ဝှစ်'

ကုခွမ်းကျန်က ဝက်ပါခေါ်ချက်ကို ပိုမိုမြန်ဆန်အောင် ပြု လုပ်လိုက်၏။

စင်းပိလုံက ခေါ်ချက်များကြားတွင် လိပ်ပြာတစ်ကောင် ပျံဝဲသည့်ပမာ ပျံဝဲရင်း ချားပြားလှသည့် ခေါ်ချက်များကို ရှောင်တိမ်းပေးလိုက်၏။

ကုခွမ်းကျန်၏ ခေါ်ချက်များက စင်းပိလုံ၏ ခန္ဓာကိုယ် နံဘေးတွင် ပွတ်ကာသီကာကလေး လွဲချော်နေရ၏။

ကုခွမ်းကျန်က ကြိုးစား တိုက်ခိုက်သော်လည်း စင်းပိလုံ၏ ခန္ဓာကိုယ်ကို မဆိုထားနှင့်။ အင်္ကျီစကလေးကိုပင် ထိအောင် ခုတ်ပိုင်းနိုင်စွမ်း မရှိပါချေ။

အတန်ကြာလျှင် ကုခွမ်းကျန်၏ ခေါ်ချက်များမှာ နှေး ကွေးလာသလို ဝက်ပါ ခေါ်ချက်များမှာလည်း ဟာကွက်များ ဖြစ်ပေါ်လာချေ၏။

သို့ဖြစ်သည့်တိုင် ကုခွမ်းကျန်က အံကြိတ်ကာ အပြင်း အထန် တိုက်ခိုက်နေဆဲပင်ဖြစ်၏။





သူ့တစ်ကိုယ်လုံး ချွေးများရွှဲစိုကာ မျက်နှာ ထက်တွင် ချွေးသီး ချွေးပေါက်ကြီး များက ကျဆင်းလျက် ရှိနေလေ သည်။

'ယား'

စင်းပိလုံက ဟာကွက် ဖြစ်ပေါ်လာသည်နှင့် ခုနကိုဝှေ့ ယမ်းကာ ဝက်ပါခေါ်ရိပ်ခေါ်ကွက်များကြားမှ ခုန်ပျံ ဖောက် ထွက်သွား၏။

'ဟာ'

'ဟယ်'

'ဟင်'

စင်မအောက်မှ ပရိသတ်များမှာ ခေါ်ချက်များကြားမှ လိပ်ပြာ ကလေး တစ်စလို ပေါ့ပါးစွာလွင့်ပျံထွက်သွားသည့် စင်းပိ လုံကို ကြည့်ကာ မင်တက်မိရင်း ပါးစပ်အဟောင်းသားဖြစ် သွားကြရလေတော့၏။

'ဟေး ဟေး ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း'

'စင်းပိလုံကွ'

'တိမ်လွှာနဂါးကွ'

'ကုခွမ်းကျန်ကွ'

'နေ့စကြာကွ'

ပရိသတ်များက လက်ခုပ် သြဘာများ ပေးလိုက်ကြသလို စင်းပိလုံနှင့် ကုခွမ်းကျန်တို့ကိုပါ အော်ဟစ် အားပေးလိုက်ကြ သည်။

စင်းပီလုံက ဟက်ခနဲရယ်မောလိုက်ပြီး—

'ခင်ဗျားတို့ရဲ့ ဝက်ပါခါးချက်အမဆိုးပါဘူး၊ ဒီနေရာမှာ ကျုပ်သာမဟုတ်ဘဲ တခြားဓားသမားတစ်ယောက် ဖြစ်နေမယ်ဆိုရင် အသက်ပျောက်သွားမှာ သေချာတယ်၊ ကိုင်း ကျုပ် တီထွင်ထားတဲ့ဓားချက်ကို မြည်းစမ်းကြည့်လိုက်ပါဦး'

စင်းပီလုံကစကားဆုံးသည်နှင့် လူရောဓားပါလွှားဝင်လာလေတော့၏။

'ယား'

'ဟျှး'

စင်းပီလုံ အသုံးပြုလိုက်သောဓားချက်မှာ သူ တီထွင်ထားသည့် မဟာမီးလျှံအတွင်းအားဓားချက်ပင်ဖြစ်၏။

ကြီးမားသောအတွင်းအားကို ပေါင်းစပ် တိုက်ခိုက်လိုက်သဖြင့် စင်းပီလုံ၏ဓားမှာ မီးကျီးခဲတစ်ခဲပမာ နီရဲလာကာ အပူငွေ့များက အလျှံငြီးငြီး ထွက်ပေါ်လာရ၏။

'ဟိုင်း'

'ဟူး'

စင်းပီလုံ၏ မဟာမီးလျှံအတွင်းအားဓားကို တွေ့မြင်လိုက်ရလျှင် ကုခွမ်းကျန့်ကအတတ်နိုင်ဆုံး ခုခံ ကာကွယ်နိုင်ရန်ကို အသင့်ပြင်ထားလိုက်ရ၏။

မီးတောက်မီးလျှံကြီးများက စင်းပီလုံ၏ ချင်ပင်ကျန်ဓားမှ ထွက်ပေါ်လာကာ ကုခွမ်းကျန့်ကို ထွက်ပေါက် မရှိအောင် ဝိုင်းရံထားလိုက်၏။

'ဟင်'





ကုခွမ်းကျန့်မှာ ထိုဆန်းပြားသောဓားချက်ကိုတွေ့မြင်လိုက်ရလျှင် မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားရ၏။

သူက ဓားဆီသို့ အတွင်းအားပို့လွှတ်ကာ စင်းပီလုံ၏ ဓားချက်များကို ကာကွယ်ပေးလိုက်၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

မီးလုံးကြီးများကလှည့်ပတ်ပြေးနေသလို နှစ်ယောက်စလုံးက ခုန်ပျံတိုက်ခိုက်လျက်ရှိနေ၏။

ကုခွမ်းကျန့်က စင်းပီလုံ၏ ဓားချက်များကြားမှ လှည့်ပတ် ရှောင်တိမ်းပေးနေရ၏။

'ရှိုး ရှိုး ရှိုး'

မကြာမီ ကုခွမ်းကျန့်၏ဝတ်ရုံလွှာကြီးမှာ မီးများစွဲလောင်လာရ၏။

ကုခွမ်းကျန့်က လက်တစ်ဖက်ကိုဝှေ့ယမ်းပစ်လိုက်ရာ လေအဟုန်ကြောင့် မီးတောက်မီးလျှံများမှာ ငြိမ်းကျသွားရလေသည်။

'ချွမ်း'

'ဖြောင်း'

နှစ်ယောက်သား ပြင်းထန်သောဓားချင်းဆိုင်လိုက်သည်နှင့် စင်းပီလုံ၏ မဟာအတွင်းအားဓားချက်ကြောင့် ကုခွမ်းကျန့်၏ ဓားမှာ ခါးလယ်မှ ဖြောင်းခနဲ ကျိုးထွက် သွားရလေတော့သည်။

'ဝှစ် ဝှစ် ဝှစ်'

တစ်ချိန်တည်းမှာပင် စင်းပီလုံ၏ မဟာအတွင်းအားချက်ကြောင့် ကုဒ္ဒမ်းကျန်၏ အင်္ဂျင်ဘတ်စမှာ ကွဲထွက်သွားရကာ ဖြူဖွေးသော ရှင်ဘုတ်ကြီးက အသင်းသား ထွက်ပေါ်လာတော့၏။

'ဟာ'

ကုဒ္ဒမ်းကျန်မှာ ထိတ်လန့်ကာ မျက်ဝိုင်းမျက်နှာပျက်ရင်း နောက်သို့ ကျွမ်းပစ်ခုန်ဆုတ်လိုက်ရ၏။

ကုဒ္ဒမ်းကျန် ရှုံးနိမ့်သွားရပြီ ဖြစ်၏။

'ဟေး ဟေး ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း'

'စင်းပီလုံကွ စင်းပီကွ'

'ခနစကြာကွ နေစကြာကွ'

ပရိသတ်များက စင်းပီလုံကို အော်ဟစ်အားပေးလိုက်ကြ၏။ ထို့နောက် ပွိုင်ပွဲကြီးကြပ်သော တောက်ရသေ ဂိုဏ်းချုပ်ကြီး ဆုကြွင်းက မတ်တပ်ရပ်လိုက်ကာ စင်းပီလုံ အနိုင်ရရှိကြောင်း ကြေညာလိုက်တော့သည်။

'ဟေး'

'စင်းပီလုံကွ'

ပွိုင်ပွဲပရိသတ်များ၏ အော်ဟစ်သံမှာ ဆူညံပွက်လောရိုက်သွားရ၏။

တောက်ရသေ ဂိုဏ်းချုပ်ကြီး ဆုကြွင်းက စင်ပေါ်တက်လာကာ ပန်းကုံးစွပ်ပေးလိုက်ရင်း ရွှေသူငယ်အထိမ်းအမှတ်





ဆွဲပြားနှင့်တကွ ငှက်တောင်ပစ္စည်းများကို ချီးမြှင့်လိုက်လေသည်။

ပထမဆုအဖြစ် ကျောက်သံပတ္တမြား စီချယ်ထားသော ရတနာဓားတစ်လက်ကို ချီးမြှင့်လိုက်၏။

ပရိသတ်များ၏ အော်ဟစ်သံများမှာ တစ်ခဲနက် ထွက်ပေါ်လာရ၏။

• • •

ပွိုင်ပွဲကို ခဏနားပြီးနောက် ကျောက်စိမ်းမယ် ဗိုလ်လုပွဲကို ဆက်လက်ကျင်းပ၏။

ကျောက်စိမ်းမယ် ယှဉ်ပြိုင်မည့် မိန်းမပျိုနှစ်ယောက်မှာ ခြင်္သေ့အားမာန် ဂိုဏ်းချုပ်ကြီး၏ သမီး ရှန်ကျီစင်းနှင့် ချယ်ရီပန်းဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး၏ သမီး ရှောင်ချွေတို့ပင် ဖြစ်ကြသည်။

သူမတို့နှစ်ယောက်သည် အသက်အရွယ်ချင်း မတိမ်းမယိမ်းဖြစ်ကာ လှပပျိုမြစ်သော မိန်းမချောလေးများလည်း ဖြစ်ကြသည်။

ရှန်ကျီစင်း၏ ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ရှောင်ချွေက ပန်းရောင်ဝတ်စုံ ဝတ်ဆင်ထား၏။

နှစ်ယောက်စလုံး၏ ဓားများမှာ နှစ်ဖက်သွားဓားများပင် ဖြစ်ကြ၏။

'ဒူ....'

ဗမောင်းသံထွက်ပေါ်လာသည်နှင့် နှစ်ယောက်စလုံးက စင်ထက်သို့ လွှားတက်လာကြ၏။

လှပပျို့မြစ်သော မိန်းမချောကလေးနှစ်ယောက်ကို တွေ့လိုက်ရလျှင် ပရိသတ်များက တစ်ခဲနက် အားပေးလိုက်ကြသည်။

ရှန်ကျီစင်းနှင့် ရှောင်ချေတို့က ဓားများကို လက်ဖြင့်ဆုပ်ကိုင်ကာ ပရိသတ်ကို ဦးညွှတ် အရိုအသေ ပြုလိုက်ကြလေသည်။

ထောက်ရသေ့ဂိုဏ်းချုပ်ကြီး ဆုကြွင်းက ဝတ်ရုံလွှာကြီးကို ဝေ့ယမ်းကာ မတ်တပ်ရပ်လိုက်ပြီး...

'ကိုင်း မင်းတို့နှစ်ယောက်ထဲက တစ်ယောက်ဟာ ကျိန်းသေပေါက် ကျောက်စိမ်းမယ်ဘွဲ့နဲ့အတူ ဆုပစ္စည်းတွေ ရမှာ သေချာတယ်၊ ဒီတော့ နောက်ဆုံးဗိုလ်လုပွဲဖြစ်တဲ့အတိုင်း မီးကုန်ယမ်းကုန် ယှဉ်ပြိုင်ကြပါ၊ မင်းတို့နှစ်ယောက်ရဲ့ ပွဲကို ပွဲကောင်းတစ်ပွဲဖြစ်မယ်ဆိုတာ အားလုံးက မျှော်လင့်ယုံကြည်ထားကြတယ်'

ထို့နောက် ထောက်ရသေ့ဂိုဏ်းချုပ်ကြီး ဆုကြွင်းက ပြိုင်ပွဲစတင်ရန် အချက်ပေးလိုက်တော့၏။

'ဒူ....'

မောင်းသံ ထွက်ပေါ်လာပြီးနောက် မိန်းမပျိုနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ဦးညွှတ်အရိုအသေး ပြုလိုက်ကြသည်။

'ဟေး ဟေး ဟေး'

'ပြောင်း ပြောင်း ပြောင်း'

'ရှန်ကျီစင်းကွ၊ ခြသေ့အားမှာန်ကွ'





'ရှောင်ချေကွ၊ ချယ်ရီပန်းကွ'

ပရိသတ်များက ရှန်ကျီစင်းနှင့် ရှောင်ချေတို့ကို အော်ဟစ်အားပေးလိုက်ကြ၏။

'ရှမ်း'

'ရှမ်း'

ရှန်ကျီစင်းနှင့် ရှောင်ချေတို့က ဓားများကို ပြိုင်တူဆွဲထုတ်လိုက်ကြ၏။

ဓားနှင်လက်မှာ နေခြည်တွင် ဝင်းလက်တောက်ပသွားရ၏။ ရှန်ကျီစင်းက ဓားကို ရှေ့သို့ ညွှန်လိုက်သလို ရှောင်ချေက ဓားကို ခပ်စွေစွေချကာ ကိုင်ထားလိုက်၏။

'ယား'

'ဟိုင်း'

'ထန်း'

စလျင်စချင်းပင် ရှောင်ချေက လေဓပွေဓားချက်ဖြင့် စတင်တိုက်ခိုက်လိုက်၏။

ရှန်ကျီစင်းက မိုးကြိုးဓားချက်ဖြင့် တုန့်ပြန်လိုက်ရာ ရှောင်ချေ၏ လေဓပွေဓားချက်မှာ နောက်သို့ ပြန်ကန်ထွက်သွားရ၏။

'ယား'

ရှန်ကျီစင်းက ခုန်ပျံဝင်ရောက်လာပြီး ဘီလူးခေါင်းဖြတ်ဓားချက်နှင့် တိုက်ခိုက်လိုက်ရာ ရှောင်ချေက နတ်သမီးရေဆင်းဓားချက်ဖြင့် တန်ပြန်တိုက်ခိုက်လိုက်၏။

ထို့နောက် နှစ်ယောက်စလုံး အထက်သို့သွားတက်ကာ ပျံလွှားဓားများဖြင့် တိုက်ခိုက်လိုက်ကြ၏။

'ထန်း ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

လေထဲတွင် ခရမ်းရောင်လူရိပ်နှင့် ပန်းရောင်လူရိပ်က ချာချာလည်ထွက်သွားရ၏။

သူမတို့နှစ်ယောက်ဆီမှ အော်ဟစ်မာန်သွင်းသံ၊ တိုက်ခိုက်သံများနှင့်အတူ ဓားစက်ဝိုင်းကြီးများက တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လျက်ရှိနေ၏။

'ဝှီ ဝှီ ဝှီ'

'ဝှစ် ဝှစ် ဝှစ်'

ဓားစက်ဝိုင်းကြီးများအတွင်း နှစ်ယောက်သား ယှဉ်ပတ်တိုက်ခိုက်လျက်ရှိနေကြ၏။

ရွှေဝင်းချိုက ရှန်ကျီစင်း၏ မျက်နှာဆီသို့ ဓားကို ရွတ်တရက်သွင်းပစ်လိုက်၏။

'ဟူး'

ဓားလေတိုးသံကြားလိုက်ရသည်နှင့် ရှန်ကျီစင်းက ဦးခေါင်းကို ဖျပ်ခနဲယိမ်းကာ ရှောင်တိမ်းပေးလိုက်ရ၏။

ပြီးနောက် ရှန်ကျီစင်းက သူမ၏ဓားဖြင့် ရွှေဝင်းချို၏ဓားကိုင်လက်ဆီသို့ ဖြတ်ခုတ်ပစ်လိုက်၏။

'ဝှီး'

ရွှေဝင်းချိုက ကိုယ်ကိုနောက်သို့လှန်ချကာ ရှောင်တိမ်းပေးလိုက်ပြီး ဟသ်ာခြေကွက်ဖြင့် ရှန်ကျီစင်း၏ရင်ဝကို ဆန့်ထုတ်ပစ်လိုက်၏။

'ဝှစ်'





ရှန်ကျီစင်းမှာ နောက်သို့ ကပျာကယာခုန်ပျံဆုတ်ရင်း ရှောင်ပေးလိုက်ရ၏။

ဟသ်ာခြေကန်ချက်နှင့်သာ ထိထိမိမိကြီး ရင်ဝတွင် အကန်ခံလိုက်ရပါက ရင်ပွင့်ထွက်သွားရမည်မှာ သေချာလှပေတော့၏....။

သူမတို့နှစ်ယောက်တိုက်ခိုက်ပုံမှာ အထူးပင် မြန်ဆန်လှပြီး ကြည့်ကောင်းလှပေ၏။

'ဝှန်း'

နှစ်ယောက်သား ခုန်ထလာကာ လက်ဝါးချင်း ဆိုင်ရိုက်မိလိုက်ကြ၏။ လက်ဝါးပြင်များဆီမှ အစိမ်းရောင် အခိုးအငွေ့များက ဝင်းခနဲ ထွက်ပေါ်သွားရ၏။

'ယား'

ရွှေဝင်းချိုက ရုတ်တရက် ကိုယ်ကိုဝပ်ချလိုက်ရင်း ကြမ်းပြင်မှဓားကိုရှပ်ကာ နဂါးမြွေလူးဓားချက်နှင့် တိုက်ခိုက်ပစ်လိုက်၏....။

ဓားချက်များက ရှန်ကျီစင်း၏ ခြေထောက်နှစ်ဘက်ဆီသို့ ဟူးခနဲ တိုးဝင်သွား၏။

ရှန်ကျီစင်းက ရွှေဝင်းချို၏ နဂါးမြွေလူးဓားချက်ကို တွေ့မြင်လိုက်ရသည်နှင့် ခြေနှစ်ဖက်ကို အမြန်ဆုံးရုတ်ကာ အထက်သို့ လွှားတက်လိုက်၏။

ရွှေဝင်းချို၏ ဓားချက်များက သူမ ခြေထောက်အစုံအောက်မှ ပွတ်ကာသီကာကလေး ပြေးထွက်သွားသည်ကို ဓားလေတိုးသံများကြည့်၍ သိသာနိုင်ပေသည်။'

'ဟာ'

'ဟယ်'

'ဟင်'

ကြည့်နေကြသော ပရိသတ်များမှာ မိန်းမပျိုနှစ်ယောက် အထိုးအခုတ်အရှောင်အတိမ်းကိုကြည့်ကာ အံ့ဩမင်တက်မိရင်း တဟာဟာ တဟင်ဟင် ဖြစ်သွားကြရ၏။

'ယား'

ရှန်ကျိစင်းက အပေါ်သို့ ခုန်တက် ရှောင်တိမ်းပေးရင်း အောက်သို့ပြန်ကျလာသည်နှင့် နတ်သမီး ပန်းကြဲဓားချက်ဖြင့် ကိုက်ခိုက်ပစ်လိုက်၏။

ရှန်ကျိစင်း၏ ဓားချက်များက ရှောင်ချေ၏ကိုယ်ပေါ်သို့ ပန်းများ ကြဲချလိုက်သည့်အလား တဖွဲဖွဲကျရောက်သွားကြ၏။

ရှောင်ချေက ကိုယ်ကိုကျုံ့ကာ ဓားကို အထက်သို့ မြှောက်လိုက်ပြီး မုန်တိုင်းဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်ရာ ပန်းကြဲ ဓားချက်များမှာ မုန်တိုင်းနှင့် တွေ့လိုက်ရသကဲ့သို့ ဖြစ်ပွားကာ လွင့်စဉ် ထွက်သွားရတော့၏။

တစ်ဆက်တည်းမှာပင် ရှောင်ချေက ဓားကွက်ကို ပြောင်း လိုက်ပြီး ဓားကို ဝဲယာနှစ်ချက်ခွဲကာ ဝှေ့ယမ်းပစ်လိုက်၏။

လိပ်ပြာနှစ်ကောင် တူပိုင်ဓားချက်ပင် ဖြစ်၏။ လိပ်ပြာ နှစ် ကောင် တူပိုင်ဓားချက်ကြောင့် ရှောင်ချေ၏ဓားမှာ တစ်လက် တည်းမှ နှစ်လက်အလား ဖြစ်ပေါ် ပြောင်းလဲသွားကာ ရှန်ကျိ စင်းအား ညှပ်ပူးညှပ်ပိတ် ခုတ်ပိုင်းပစ်လိုက်၏။

'ဝှီ ဝှီ ဝှီ'





'ဝှစ် ဝှစ် ဝှစ်'

ရှန်ကျိစင်းက ဓားနှစ်လက်ကြားမှ ရှောင်တိမ်း ထွက်သွား ကာ ရှောင်ချေ၏ ရင်ကို ဓားဦးဖြင့် ထိုးသွင်းပစ်လိုက်၏။

'ဟင်'

ရှောင်ချေမှာ တိုက်ခိုက်နေသည့်ကြားမှ ရှန်ကျိစင်း၏ ဓား က သူမ့ရင်ဝဆီသို့ တစ်ဟုန်ထိုး ဝင်ရောက်လာသည်ကို တွေ့ လိုက်ရသဖြင့် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားမိရ၏။

'ဝှစ်'

'ထန်း'

ရှောင်ချေက ဓားရိုပ်နှစ်ရိုပ်ကို တစ်ရိုမ်တည်း ပေါင်းကာ ရင်ဝရှေ့တွင် ကန့်လန့်ဖြတ်ကာ ဟန့်တားထားလိုက်တော့မှ ရှန်ကျိစင်း၏ ဓားမှာ ထန်းခနဲ မြည်ဟည်းကာ ရင်ဝရှေ့မှ ပွတ်ကာသီကာကလေး လွဲချော်ထွက်သွားရ၏။

'ယား'

ရှောင်ချေက အံ့ကလေး ကြိတ်လိုက်ပြီး လက်နက်ပုန်းများ ပစ်လွှတ်လိုက်၏။

'ရွှီ ရွှီ ရွှီ'

လက်နက်ပုန်း လေတိုးသံများ ကြက်ပေါ် လာသည်နှင့် ရှန်ကျိစင်းက ဓားကို စက်ဝိုင်းသဏ္ဌာန် ဝှေ့ယမ်းပစ်လိုက်၏။

လက်နက်ပုန်းကလေးများမှာ ရှန်ကျိစင်း၏ ဓားချက် ကြောင့် လွင့်စဉ်ထွက်သွားကြရ၏။

'ဟိုင်း'

ရှန်ကျူစင်းက မာန်သွင်းလိုက်ပြီး ရှောင်ချွေကို ခါးလယ်မှ ဖြတ်ကာ ဓားချက်ကို ဖြတ်ခုတ်ပစ်လိုက်၏။

ရှောင်ချွေက အဆက်သို့ ထိုးတက်သွားရင်း လေ်နက်ပုန်းများကို ပစ်လွှတ်လိုက်ပြန်၏။

'ဝှစ် ဝှစ် ဝှစ်'

ရှန်ကျူစင်းက လက်နက်ပုန်းများကြားမှ အပေါ်သို့ ထိုးတက်ရင်း ယောင်ဖောက်ဓားချက်ဖြင့် ရှောင်ချွေကို ထိုးသွင်းပစ်လိုက်၏။

ရှောင်ချွေက လေထဲမှာပင် နောက်တစ်ဆင့် ခုန်လိုက်ပြန်၏။ ရှန်ကျူစင်းက နောက်တစ်ဆင့်တပ်ခုန်ကာ မီလုမီခင် ဖြစ်နေသော ရှောင်ချွေကို ဓားဖြင့် ဝှေ့ယမ်း တိုက်ခိုက် ပစ်လိုက်၏။

ရှောင်ချွေက ဓားကို အောက်သို့ နှိမ့်ချကာ ကာကွယ် ပေးလိုက်ရင်း အောက်သို့ ကျွမ်းပစ် ပြန်ဆင်းလိုက်၏။

'ဝှန်း'

ပြန်ဆင်းချိန်တွင် ရှောင်ချွေက ကြိုးကြာ ခြေကွက်ဖြင့် ရှန်ကျူစင်းကို ကန်ပစ်လိုက်၏။

ရှန်ကျူစင်းက ရင်ဝသို့ ကန်ထုတ်လာသည့် ရှောင်ချွေ၏ ကန်ချက်ကို ဓားနှင့်ဖြတ်ပိုင်းပစ်လိုက်ရာ ရှောင်ချွေက ခြေကွက်ကို ပြန်သိမ်းပြီး အောက်သို့ ခုန်လွှား ဆင်းသွားတော့၏။

ရှန်ကျူစင်းက ရှောင်ချွေနောက်ကို ထက်ကြပ်မကွာ လိုက်ပါသွား၏။

'ယား'





'ထန်း'

အောက်သို့ ပြန်ရောက်သည်နှင့် ရှောင်ချွေက လှည့်ပြီး ပြင်းထန်သော ဓားချက်နှင့် တိုက်ခိုက်ပစ်လိုက်ရာ ရှန်ကျူစင်းက ဓားခါးချင်း ခတ်ထုတ်ပစ်လိုက်ရ၏။

'ချွမ်း'

မကြာမီ ဓားနှစ်လက်က ချွမ်းခနဲ မြည်ဟည်းကာ ဂဟေဆော်သည့်အလား ပူးကပ်သွားကြ၏။

နှစ်ယောက်သား ဓားသွားများတစ်လျှောက် အတွင်းအား ထည့်ကာ တရွရွ ပွတ်တိုက်ရင်း ယှဉ်တွန်းအားမိကြ၏။

ဓားနှစ်လက်မှာ မည်သည့်ဖက်မှ မယိမ်းယိုင်ဘဲ အလယ်ခေါင်တွင် တန့်ရပ်လျက် ရှိနေ၏။

ဓားနှစ်လက်မှာဖြူဖွေးလာကာအခိုးအငွေ့များတထောင်းထောင်း ထွက်ပေါ်လာ၏။

'ဝှစ်....'

ရုတ်တရက် ရှောင်ချွေက ပါးစပ်ထဲမှ ငုံထားသော အဆိပ်အပ်တစ်ချောင်းကို ရှေ့သို့ ဖူးခနဲ မှုတ်ထုတ်လိုက်၏။

လူချင်း အလွန်နီးအပ်နေသဖြင့် လက်နက်ပုန်းကို ရှောင်တိမ်းရန် မလွယ်ကူလှပေချေ။

ဓားချင်းပူးအပ်ဆဲ အတွင်းအားချင်း ယှဉ်ပြိုင်နေသော အချိန် ဖြစ်သဖြင့်လည်း ပိုမိုအကြပ်တွေ့နေသော အချိန်ပင် ဖြစ်၏။

ရှန်ကျီစင်းမှာ မည်သို့မျှ မတတ်နိုင်တော့ပါချေ။ သူမက ရှောင်တိမ်း၍လည်းမရ၊ ဓားကလည်း မြန်ခွာ၍မရ လက်နက်ပုန်း အမှန်ခံရရုံသာ ရှိပေတော့မည်။

'ဝှစ်'

'ထောက်'

ယင်းအချိန်မှာပင် လက်နက်ပုန်းတစ်ခုက လေထဲမှ လွင့်ပျံလာပြီး ရှောင်ချေ၏လက်နက်ပုန်းကို ထိခတ်ပစ်လိုက်၏။

လက်နက်ပုန်း လက်နက်ပုန်းချင်း ထိခတ်ကာ ရှောင်ချေ၏ အဆိပ်အပ်ကလေးမှာ ရှန်ကျီစင်း၏ လည်မျိုနား ရောက်ကာမှ လွင့်စဉ်တွက်သွားရ၏။

ထိုဖြစ်ရပ်ကို စင်အောက်မှရှိနေကြသော တောက်ရသေ့ကြီးများနှင့် ပရိသတ်များ လုံးဝမရိပ်မိလိုက်ကြပါချေ။

ရှောင်ချေ၊ ရှန်ကျီစင်းနှင့် ရှန်ကျီစင်းကို ကယ်တင်ပေးလိုက်သူ စုစုပေါင်း သုံးယောက်သာ သိရှိကြ၏။

'ဟင်....'

ရှောင်ချေမှာ သူမပစ်လွှတ်လိုက်သော အဆိပ်အပ် လက်နက်ပုန်းကို ကြားမှဖြတ်ကာ အခြား လက်နက်ပုန်းတစ်ခုက တိုက်ခိုက်ခြင်းခံလိုက်ရသည့်အတွက် အလွန်အံ့ဩ ချောက်ချားသွားမိရ၏။

ရှန်ကျီစင်းမှာလည်း လက်နက်ပုန်းထိမှန်ခံရတော့မည့်ဆဲဆဲအချိန်ကလေးမှာပင် အမည်မသိ လူတစ်ယောက်၏ကယ်တင်ပေးမှုကြောင့် အသက်ချမ်းသာရာ ရသွားသဖြင့် တအံ့တဩဖြစ်သွားရ၏။





မိမိ၏အသက်ကို ကယ်တင်ပေးသွားသူမှာ မည်သူဖြစ်ပါသနည်း။

ရှန်ကျီစင်းမှာ အကြံပက်စက်စွာ တိုက်ခိုက်လိုက်သည့် ရှောင်ချေကိုကြည့်ရင်း မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွားရ၏။

ရှောင်ချေမှာ ရှန်ကျီစင်း၏မျက်နှာအမူအရာကို ကြည့်ကာ တိတ်တခိုးလေး ချောက်ချားသွားရရင်း မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားရလေတော့သည်။

'ဝုန်း'

'အား'

ရှန်ကျီစင်းမှာ ထောင်းခနဲ ဒေါသဖြစ်သွားရပြီး သွေးများ ဆူပွက်လာကာ ကြီးမားပြင်းထန်သော အတွင်းအား တစ်ရပ်ကို မချော်လင့်ဘဲ စုစည်းမိလိုက်ပြီး သူမ၏ဓားဖြင့် ရှောင်ချေ၏ဓားကို တွန်းထုတ်ပစ်လိုက်ရာ ရှောင်ချေမှာ နောက်သို့ ယိုင်ထွက်သွားရ၏။

'ဝှစ် ဝှစ် ဝှစ် ရှစ်'

'အား'

တစ်ချိန်တည်းမှာပင် ရှန်ကျီစင်းက ဓားကို ဝေ့ယမ်းတိုက်ခိုက်ပစ်လိုက်ရာ ရှောင်ချေမှာ ဓားကိုင်လက်တွင် ရှန်ကျီစင်း၏ ဓားချက်ထိကာ သွေးများပန်းထွက်သွားရ၏။

ရှောင်ချေက အရှောင်မြန်လိုက်သဖြင့်သာ ဓားကိုင်လက် ပြတ်ထွက်မသွားရခြင်းပင်ဖြစ်၏။

ရှောင်ချေမှာ လက်မောင်းမှသွေးများ ပန်းထွက်လာပြီး နောက် ခါးမှာလည်း လွင့်စဉ်ထွက်သွားရ၏။

ရှောင်ချေမှာ ရှန်ကျိစင်းကိုကြည့်ကာ မျက်နှာတစ်ခုလုံး ဖြူဖွေးကာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်သွားရ၏။

ရှောင်ချေမှာ ဒဏ်ရာလည်းရ၊ ခါးလည်း လွတ်ထွက်သွား ပြီဖြစ်ရာ ရှုံးနိမ့်သွားရလေတော့၏။

'ဟေး ဟေး ဟေး ဟေး'
'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'
'ရှန်ကျိစင်းကွ'
'ရှန်ကျိစင်းကွ'
'ခြသေ့ အားမာန် ဂိုဏ်းချုပ်ကြီးရဲ့သမီးကွ'

ပရိသတ်များက တခဲနက် အားပေးအော်ဟစ်လိုက်ကြ၏၊ ရှောင်ချေမှာ ရှုံးနိမ့်သွားပြီဖြစ်ရာ ရှက်ရှက်နှင့် စင်အောက် သို့ လွှားဆင်းသွားတော့၏။

တောက်ရသော ဂိုဏ်းချုပ်ကြီး ဆုကြွင်းက စင်ပေါ်သို့ တက်လာကာ...

'ကိုင်း ကျောက်စိမ်းမယ်ရွေးချယ်ပွဲမှာ ခြသေ့ အားမာန် ဂိုဏ်းချုပ်ကြီးရဲ့သမီး ရှန်ကျိစင်းက နောက်ဆုံး ဗိုလ်လုပွဲမှ အနိုင်ရရှိသွားပါပြီ၊ ဒီတော့ ရှန်ကျိစင်းကို ကျောက်စိမ်းမယ် အဖြစ် ကျွန်ုပ်တို့ အိုမေစန်တောင် သိုင်းပြိုင်ပွဲ ကြီးကြပ်သူ များက ဂုဏ်ထူးအဖြဲ့ ပေးအပ်လိုက်ပါတယ်'





ထို့နောက် ဂိုဏ်းချုပ်ကြီးကိုယ်စား ရသေ့မကြီး ယူရိုက ဂုဏ်ထူးပန်းကုံးကို ရှန်ကျိစင်းအားစွပ်ပေးလိုက်ပြီး ကျောက် စိမ်းမယ် တံဆိပ်ကိုပါ ပေးအပ်လိုက်၏။

ကျောက်စိမ်းမယ်အဖြစ် အရွေးချယ်ခံရသူကို ပေးအပ်ရန် သတ်မှတ်ထားသော ဆုပစ္စည်းများကိုလည်း ရသေ့မကြီးယူရို က ဂိုဏ်းချုပ်ကြီးကိုယ်စား ရှန်ကျိစင်းအား ပေးအပ်ချီးမြှင့် လိုက်၏။

'ဟေး'
'ရှန်ကျိစင်းကွ'

ပရိသတ်များ၏ အော်ဟစ်အားပေးသံများမှာ ဆူညံ ပွက် လောရိုက်သွားရ၏။

ရှန်ကျိစင်းက ပရိသတ်များကို ဦးညွှတ်ဂါရဝပြုလိုက်ပြီး စင်အောက်သို့ လွှားဆင်းသွား၏။

တောက်ရသော ဂိုဏ်းချုပ်ကြီး ဆုကြွင်းက ဝတ်ရုံလွှာကြီး တွယမ်းကာ မတ်တတ်ရပ်လိုက်ပြီး

'နောင်ငါးနှစ်ကြာတဲ့အခါမှာလဲ သိုင်းပြိုင်ပွဲကြီး တစ်ရပ် ကို ကျင်းပပါဦးမယ်၊ သိုင်းလောကသားများ လာခဲ့ကြပါဦး၊ ဒီည ကျွန်ုပ်တို့က ကြွရောက်လာတဲ့ ဧည့်ပရိသတ်ကြီးကို နှုတ်ဆက် ညစာစားပွဲကြီးတစ်ရပ်နဲ့ တည်ခင်းဧည့်ခံမှာ ဖြစ်ပါ တယ်၊ အားလုံး တက်ရောက်လာကြပါလို့ ဖိတ်ခေါ်ပါတယ်၊ ပြိုင်ပွဲပိတ်တဲ့အထိမ်းအမှတ်အနေနဲ့ သိုင်းသမားနှစ်ယောက် ချစ်ကြည်ရေးသိုင်း ယှဉ်ပြိုင်ကြပါလိမ့်မယ်၊ ဒီသိုင်းသမား နှစ်ယောက်ကတော့ ရှောင်လင်ဂိုဏ်း လက်ထောက် ဂိုဏ်းချုပ်

ကြီး လျှောင့်ရင်နဲ့ ဝတ်ရုံနီလာမာဂိုဏ်း လက်ခွထောက်ဂိုဏ်းချုပ် ကြီး ယဲ့ပိုစူးတို့ပဲ ဖြစ်ကြပါတယ်'

'ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း'

ပရိသတ်များက ဝမ်းသာအားရ အော်ဟစ်လိုက်ကြ၏၊ ဂိုဏ်းချုပ်ရသေ့ကြီး ဆုကြွင်းက လက်တစ်ဖက် မြှောက် လိုက်ပြီး—

'ဒီပုဂ္ဂိုလ်ကြီးနှစ်ယောက်ဟာ ပရိသတ်များကို ဂုဏ်ပြု ချီ မြှင့်တဲ့ အနေနဲ့ သိုင်းကွက်အချို့ကို ထုတ်ဖော် ပြသပေးမှ ဖြစ်ပါတယ်။ ဒီပညာရှင်ပုဂ္ဂိုလ်ကြီးနှစ်ယောက်ရဲ့ ယှဉ်ပြိုင် ကို ဒီနှစ်ပွဲတော်မှာ နောက်ဆုံးပွဲအဖြစ်အားပေးကြပါ၊ဒီပုဂ္ဂို ကြီး နှစ်ယောက်ဟာ ကြုံရခဲ ဆုံရခဲ ပုဂ္ဂိုလ်ကြီးများလဲဖြစ် ပါတယ်'

တောက်ရသေ့ဂိုဏ်းချုပ်ကြီး ဆုကြွင်းက စကားဆုံးသည် နှင့် လက်တစ်ဖက်ကို ဝှေ့ယမ်းပြလိုက်၏။

'ဒူ ဒူ ဒူ'

မောင်းသံသုံးချက်ထွက်ပေါ်လာပြီးနောက် စင်မြင့်ပေါ် လူရိပ်ကြီးနှစ်ရိပ် ထိုးဆင်းကျရောက်လာကြ၏။

တစ်ယောက်မှာ ရွှေလင်ကျောင်း လက်ခွထောက် ဂိုဏ် ချုပ်ကြီး လျှောင်ရင်ဖြစ်ကာ တစ်ယောက်မှာ ဝတ်ရုံနီလာမ ဂိုဏ်းချုပ်ကြီး ယဲ့ပိုစူး ဖြစ်နေသည်ကို တွေ့လိုက်ကြရ သည်။

'ဖြောင်း ဖြောင်း ဖြောင်း'





'ဖြောင်း ဖြောင်း ဖြောင်း'

ပရိသတ်များက အော်ဟစ် အားပေးလိုက်ကြ၏။ အလွန် ကြည့်ရခဲသော ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်ကာ ရှောင်လင်ဂိုဏ်းမှ ထိပ်သီးပညာရှင်တစ်ယောက်နှင့် ဝတ်ရုံနီလာမာကျောင်းတော် မှ ထိပ်သီးပညာရှင်တို့သည် ယခုလို စင်မြင့်ထက်တွင် တွေ့ရခဲ သည် မဟုတ်ပါလား။

ရှောင်လင်လက်ထောက်ဂိုဏ်းချုပ်ကြီး လျှောင်ရင်နှင့် ဝတ် ရုံနီ ကျောင်းတော် လက်ထောက် ဂိုဏ်းချုပ်ကြီး ယဲ့ပိုစူးတို့က ညီပရိသတ်များကို လက်များ ဝှေ့ယမ်းကာ နှုတ်ဆက်လိုက် ကြ၏။

'ဒူ ဒူ ဒူ'

စတင်ယှဉ်ပြိုင်ရန် အချက်ပေး မောင်းသံများ ထွက်ပေါ် လာပြီးနောက် ရှောင်လင်လက်ထောက် ဂိုဏ်းချုပ်ကြီးလျှောင် ရင်က ဝတ်ရုံလွှာကြီးကို ဝှီးခနဲဝှေ့ယမ်းကာ လက်ဝါးနှစ် ဖက်ကို ရှေ့သို့ဆန့်ထုတ်ပစ်လိုက်၏။

'ဝေါ'

လေလုံးကြီးတစ်လုံးက ရှေ့သို့ပြေးထွက်သွား၏။ လေ မုန် တိုင်းကြီးတစ်ခု ဖြစ်ပေါ်လာ သကဲ့သို့ တွေ့မြင် လိုက်ရလေ သည်။

စင်အောက်မှကြည့်နေသော ပရိသတ်များပင် လေအဟုန် အားကြောင့် လွင့်စဉ်လုမတတ် ဖြစ်သွားကြရ၏။

'ဖူး'

ယင်းအချိန်မှာပင် ဝတ်ရှုံနီလာမာကြီးက ဗိုက်ကြီးလှန်ထား၍ မျက်နှာကို အထက်သို့မော့ပြီး လေများကို ဝမ်းဗိုက်ကြီးထဲသို့ စုပ်သွင်းနေ၏။

တစ်ခဏ အတွင်းမှာပင် ဝတ်ရှုံနီ လာမာကြီး၏ ဝမ်းဗိုက် ဖောင်းဖောင်းကြီးမှာ ပိုမိုဖောင်းကားလာရ၏။

'ယား'

'ဟိုင်း'

နှစ်ယောက်သား မာန်သွင်းသံကာ တိုက်ခိုက်လိုက်ကြ၏။ သူတို့နှစ်ယောက်၏ မာန်သွင်း အော်ဟစ်သံများမှာ ထိပ်ဘန်း သိုင်းပညာရှင်များကိုပင် နားများအူထွက်သွားစေသည်။

ဝတ်ရှုံနီ လာမာကြီးယဲ့ပိုစူးက ဘောလုံးကြီးပမာ ရှေ့သို့ စူထွက်နေသော ဝမ်းဗိုက်ကြီးကို လှန်ကာ လေများကို ပြန်မှုတ် ထုတ်လိုက်သည်။

'ဝေါ'

'ဝုန်း'

ဝတ်ရှုံနီလာမာကြီး မှုတ်ထုတ်လိုက်သော လေလုံးကြီးသည် လမ်းတစ်ဝက်မှာပင် နှစ်ခြမ်းကွဲသွားကာ တစ်ခြမ်းက မီးလျှံ ဖြစ်သွားပြီး တစ်ခြမ်းက အစက်အပျောက်များသဏ္ဍာန် လက် နက်ပုန်းများ ဖြစ်သွားကြ၏။

'ဖြန်း ဖြန်း'

'ဝုန်း ဝုန်း'

ရွှေဝင်လင် လက်ထောက်ဂိုဏ်းချုပ်ကြီး လျှောင်ရင်က အင်္ကျီလက်စနှစ်ဖက်ကို ဝေ့ယမ်းခတ်ထုတ်ပစ်လိုက်ရာ ဝတ်ရှုံနီ လာမာကြီး ယဲ့ပိုစူး ဖန်တီးထုတ်လွှတ်လိုက်ကာ မီးလျှံများနှင့် လက်နက်ပုန်းများမှာ တစ်စစီ ပေါက်ကွဲကာ လွင့်စဉ်ထွက် သွားကြရ၏။

ကြည့်နေကြသော ပရိသတ်များပင် အလွန်ပင် ကျေနပ် အားရသွားကြရ၏။ ကြည့်ရှုမြင်ခဲ့သော သိုင်းကွက်များပင် မဟုတ်ပါလား။

'ယား'

ဝတ်ရှုံနီလာမာကြီးက လက်ဝါးတစ်ဖက်ကို ဝေ့ယမ်းပစ် လိုက်ရာ လက်ထဲတွင် ကြီးမားသော သံတူကြီးတစ်လက်က ထွက် ပေါ်လာခဲ့၏။

'ဟိုင်း'

'ဝုန်း'

'ဒုန်း....

ဝတ်ရှုံနီလာမာကြီးက သံတူကြီးကိုဝေ့ယမ်း ရိုက်ချလိုက် ရာ ဘုန်းတော်ကြီး လျှောင်ရင်က ခုန်ပျံ ရှောင်ထွက်ပေးသွား သည်။

သံတူကြီးက လူကို မရိုက်မိဘဲ ကြမ်းပြင်ကို ရိုက်ချမိလိုက်ရာ ပြိုင်ပွဲစင်မြင့်ကြီးတစ်ခုလုံး ဝုန်းခနဲ မြည်ဟည်းပြီး လျှော်လွှစ် သည့်အလား သိမ့်သိမ့်တုန် ခါထွက်သွားရ၏။

'ဖြောင်း'

'ချွမ်း'

ဘုန်းတော်ကြီး လျှောင်ရှင်က ခေါင်းပေါ်သို့ ရိုက်ချလာသည့် သံတူကြီးကို လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်ကာ ရိုက်ချိုးပစ်လိုက်ရာ သံတူကြီးမှာ ဖြောင်းခနဲ ကျိုးထွက်သွားရသည်။

သံတူကြီး ကျိုးထွက်သွားပြီးနောက် ဘုန်းတော်ကြီး လျှောင်ရှင်က ဓားတစ်လက်ဆွဲထုတ်သလို ဝတ်ရုံနီလာမာကြီး ယဲ့ပိုစူးကလည်း ဓားတစ်လက် ဆွဲထုတ်လိုက်သည်။

'ဝှစ် ဝှစ် ဝှစ်'

နှစ်ယောက်စလုံးက ဓားများကို အထက်သို့ ပစ်လွှတ်လိုက်ကြ၏။

ဓားနှစ်လက်က အထက်တွင် လည်ပတ်ရင်း အဆက်မပြတ် တိုက်ခိုက်လျက် ရှိနေကြ၏။

နှစ်ယောက်စလုံးကမူ မတိုက်ခိုက်ဘဲ ဓားဆီသို့ အတွင်းအားသာ ပို့လွှတ်လားလိုက်၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

ဓားနှစ်လက်က အပေါ်မှ ကျလာလိုက် အထက်သို့ ထိုးတက်သွားလိုက်နှင့် လည်ပတ်တိုက်ခိုက်လျက်ရှိနေ၏။

ကြီးမားသော ဓားစက်ဝိုင်းကြီးများက တစ်ထပ်ပြီးတစ်ထပ် ဖြစ်ပေါ်လျက် ရှိနေ၏။

ဓားလိုင်းများက တုန်ခါနေကာ အဖြူရောင် အပြာရောင် အနီရောင် ဓားစက်ဝိုင်းကြီးများက ပြေးလွှားတိုက်ခိုက်လျက် ရှိနေ၏။





အောက်မှ ဓားနှစ်လက်မှာ တရှဲရှဲ ပွတ်တိုက်ကာ မီးများ ပွင့်ထွက်လျက်ရှိနေ၏။

'ဖြောင်း'

မကြာမီ ဓားနှစ်လက်စလုံး မီးခိုးများ အူထွက်ကာ အပိုင်းပိုင်းကျိုးပြတ်ထွက်သွားကြရ၏။

'ဟေး ဟေး ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း'

ပရိသတ်များက တစ်ခဲနက် အော်ဟစ် အားပေးလိုက်ကြ၏။ သို့သော် ဓားနှစ်လက်စလုံးက ကျိုးပြတ်ထွက်သွားပြီဖြစ်ရာ ပြိုင်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်၏။

ဘုန်းတော်ကြီး လျှောင်ရှင်နှင့် ဝတ်ရုံနီလာမာကြီး ယဲ့ပိုစူးတို့က ပရိသတ်ကို ဦးညွှတ်လိုက်ကြပြီး စင်ပေါ်မှ လွှားဆင်းသွားကြလေတော့၏။

အိုမေစန်တောင်တောက် ရသေ့ကြီးများ၏ သိုင်းပြိုင်ပွဲကြီးမှာလည်း ပြီးဆုံးသွားရလေပြီ။

ရွှေသူငယ်နှင့် ကျောက်စိမ်းမယ်ရွေးချယ်ပွဲတွင် ရွှေသူငယ်အဖြစ် စင်းပီလိုက ရွေးချယ်ခြင်းခံရကာ ကျောက်စိမ်းမယ်အဖြစ် ရှန်ကျိစင်းက ရွေးချယ်ခံရ၏။

ယနေ့ညတွင် ပရိသတ်များကို အိုမေစန်တောင် ရသေ့ကြီးများက ကြီးကျယ်ခမ်းနားသော ညစာစားပွဲကြီးတစ်ရပ်ဖြင့် တည်းခင်းဧည့်ခံမည်ဖြစ်၏။

စင်းပီလုံနှင့် ရှန်ကျိစင်းတို့မှာ မမျှော်လင့်သောအောင်ပွဲကြောင့် အထူးပင် ပျော်ရွှင်နေမိကြလေတော့၏။

## (၄၄)

သိုင်းပြိုင်ပွဲကြီး ပြီးဆုံးပြီးနောက် စင်းပိလုံနှင့် ရှန်ကျိစင်း တို့သည် မိမိတို့၏ ဌာနေအသီးသီးသို့ ပြန်ခဲ့ကြ၏။

စင်းပိလုံက နေစကြာဂိုဏ်းသို့ ပြန်ခဲ့ပြီး ရှန်ကျိစင်းက ခြသေ့အားမာန်ဂိုဏ်းသို့ ပြန်ခဲ့၏။

နေစကြာဂိုဏ်းချုပ်ကြီး စင်းဟန်ကျဲမှာ သားဖြစ်သူ၏ အောင်မြင်မှုအတွက် အထူးပင် ဝမ်းသာကျေနပ်သွားရ၏။

ကြိုးကြာတောင်ရှိ ရသေ့ကြီး ကြင်လိုဟန်ထံသွားရောက် ကာ အကျိုးအကြောင်းများ ပြောပြလိုက်ရ၏။

ရသေ့ကြီး ကြင်လိုဟန်မှာ သူ့မိတ်ဆွေ ဘုန်းတော်ကြီး ဟဲစန်ချုံ၏တပည့် ယန့်စန်လန် မျော်လင့်ဘဲ သေဆုံးသွားရ သည့်အတွက် အထူးပင် စိတ်မကောင်းဖြစ်သွားရ၏။





ရသေ့ကြီး ကြင်လိုဟန်မှာ တိမ်ဖိုးစွန်းသိုင်းကျောင်းတော် ရှိ ဘုန်းတော်ကြီးဟဲစန်ချုံကို သွားရောက်တောင်းပန်ရန် ကြိုး ကြာတောင်မှ အလျင်အမြန် ထွက်ခွာသွားတော့၏။

စင်းပိလုံသည် ကြိုးကြာတောင်မှ ထွက်ခွာလာပြီးနောက် ရှန်ကျိစင်းရှိရာ ခိုလန်တောင်ဆီသို့ သွက်ခွာလာခဲ့၏။

ခိုလန်တောင်တွင် ခြသေ့အားမာန်ဂိုဏ်းကြီးက တည်ရှိ နေ၏။

ခြသေ့အားမာန်ဂိုဏ်းချုပ်ကြီးမှာလည်း သမီးဖြစ်သူ ရှန် ကျိစင်းက အိုမေစန်တောင် သိုင်းပြိုင်ကြီးတွင် အနိုင်ရရှိလာ သဖြင့် အထူးပင် ဝမ်းသာကျေနပ်လျက်နေ၏။

စင်းပိလုံသည် ခိုလန်တောင်သို့ အမြန်ဆုံးလိုက်လာခဲ့၏။

သူက မိန်းမချောလေး ရှန်ကျိစင်းနှင့် ဆုံတွေ့လိုနေပြီ မဟုတ်ပါလား။

• • •

တိမ်ပြာပြာများကို မိုးကောင်းကင်ထက်တွင် တရွေ့ရွေ့ သွားလျက်ရှိနေကြ၏၊

ခိုအန်တောင်ကြီးမှာ အလွန်မြင့်မားကာ တောင်ထိပ်သည် မိုးကောင်းကင်ကို ခွားတစ်လက်ထိုးဖောက်နေသကဲ့ တွေ့မြင် နေရ၏၊

ခိုလန်တောင်ထိပ်တွင် ခြသေ့အားမာန်ဂိုဏ်း၏ နဂါးတစ် ထောင်စံအိမ်ကြီးမှာ တည်ရှိနေ၏၊

နဂါးတစ်ထောင်စံအိမ်ကြီးမှာ ကြီးကျယ်ခမ်းနားလှကာ ကျောက်ဖြူသားဖြင့် ပကတိတည်ဆောက်ထားသော စံအိမ်ကြီးလည်း ဖြစ်ပေ၏။

စံအိမ်ကြီး၏ပတ်ပတ်လည်တွင် ခြင်္သေ့အားမာန်ဂိုဏ်းသားများ နေထိုင်ရာ အဆောက်အဦငယ်များက ဝိုင်းရံတည်ရှိနေ၏...။

ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီးမှာ ယောင်ရှန်ဖြစ်သော စိတ်သဘောထားပြည့်ဝသော အဖြူရောင် သိုင်းပညာရှင်ကြီးတစ်ယောက်တည်းဖြစ်ပေ၏။

ဂိုဏ်းချုပ်ကြီးတွင် သားသမီးဟူ၍ ဤသမီးကလေး ရှန်ကျီစင်းတစ်ယောက်သာ ထွန်းကားခဲ့၏။

ရှန်ကျီစင်း၏မိခင်မှာ ရှန်ကျီစင်း အသက်ရှစ်နှစ်အရွယ်ခန့်မှာပင် ဆုံးသွားခဲ့၏။

ထို့ကြောင့် ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီး ယောင်ရှန်မှာ သမီးကလေး ရှန်ကျီစင်းကို အတိုးချချစ်ခဲ့ရ၏။

ဂိုဏ်းချုပ်ကြီးသည် အိမ်ထောင်လည်း ထပ်မပြုခဲ့ပေ။

စင်းပီလုံသည် ခိုလန်တောင်ခြေသို့ ရောက်ရှိလာသည်နှင့် ခြင်္သေ့အားမာန်ဂိုဏ်းသားများနှင့် ဆုံတွေ့လိုက်ရ၏။

ခြင်္သေ့အားမာန်ဂိုဏ်းသားများကစင်းပီလုံကိုကြိုဆိုကာ တောင်ပေါ်သို့ ခေါ်ဆောင်သွားကြ၏။

နဂါးတစ်ထောင်စံအိမ်ကြီး၏ ခန့်ထည်ဝင့်ကြွားမှုကို စင်းပီလုံ တွေ့မြင်လိုက်ရ၏။





လက်ရာမြောက်စွာ တည်ဆောက်ထားသောစံအိမ်ကြီးပင် ဖြစ်၏။

ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီး ယောင်ရှန်နှင့် သမီးဖြစ်သူ ရှန်ကျီစင်းတို့က စင်းပီလုံကို ထွက်ကာ ကြိုဆိုလိုက်ကြ၏....။

ဂိုဏ်းချုပ်ကြီးက သမီးဖြစ်သူနှင့် စင်ပီလုံတို့ မေတ္တာရှိနေကြပြီကို ရိပ်စားမိလိုက်၏။

ညစာခန်းမဆောင်အတွင်း ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီးက စင်းပီလုံကို အရက်၊ စားစရာများနှင့် ညစာခံကျွေးမွေးလိုက်၏။

လက်ထောက်ဂိုဏ်းချုပ်ကြီးများ၊ ဂိုဏ်းခွဲမှူးများနှင့် စင်းပီလုံကို မိတ်ဆက်ပေးလိုက်၏။

မိန်းမချောလေးရှန်ကျီစင်းမှာ စင်းပီလုံ ရောက်ရှိလာသည်အတွက် အထူးပင် ဝမ်းမြောက်လျက်ရှိနေ၏။

ယင်းအချိန်မှာပင် ညသည်များ ထပ်မံရောက်ရှိလာပြန်၏။

ရောက်ရှိလာသော ညသည်များမှာ မီးစကြာ ဂိုဏ်းချုပ်ကြီးနှင့် သူ၏သားဖြစ်သူ စန်ကွမ်ယွန်တို့ပင် ဖြစ်ကြ၏။

သူတို့နှင့်အတူ အခြွေအရံသိုင်းသမားများလည်း ရောက်ရှိလာကြ၏။

ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီး ယောင်ရှန်က မီးစကြာဂိုဏ်းချုပ်ကြီး စန်ကွမ်ဖုန့်ကို တွေ့လိုက်ရလျှင် ဝမ်းသာအားရ ကြိုဆိုလိုက်၏။

မီးစကြာဂိုဏ်းချုပ်ကြီး စန်ကွမ်ဖုန့် ရောက်ရှိလာခြင်းမှာ သူ့သားနှင့် ခြသေ့အားမာန်ဂိုဏ်းချုပ်ကြီး ယောင်ရှန်၏ သမီး ရှန်ကျိစင်းနှင့် လာရောက်စေ့စပ်ခြင်းပင်ဖြစ်၏။

မီးစကြာဂိုဏ်းချုပ်ကြီး၏သား စန်ကွမ်ယွန့်က ရှန်ကျိစင်းကို တစ်ဖက်သတ် ချစ်ကြိုက်နေသူဖြစ်၏။

ရှန်ကျိစင်းကမူ စန်ကွမ်ယွန့်ကို လုံးဝကြည့်မရပေ။ စန်ကွမ်ယွန့်က ဖခင်၏အရှိန်အဝါဖြင့် မောက်မာဝင့်ကြွားနေသူဖြစ်၏။

မီးစကြာဂိုဏ်းချုပ်ကြီး စန်ကွမ်ဖုန့်က တဟဲဟဲ ရယ်မောလိုက်ပြီး....

'ကျုပ်တို့ အခုရောက်လာရတဲ့အကြောင်းကတော့ သားရေး သမီးရေးအတွက်ပါပဲ ဂိုဏ်းချုပ်ကြီး'

မီးစကြာဂိုဏ်းချုပ်ကြီး၏စကား ကြားလိုက်ရလျှင် ခြသေ့အားမာန်ဂိုဏ်းချုပ်ကြီး ယောင်ရှန်မှာ ကဲ့အားသင့်သွားရ၏။

'ဒီကိစ္စကို ကျုပ်သမီးကလေးနဲ့ တိုင်ပင်ပါဦးမယ်'

ထို့နောက် ဂိုဏ်းချုပ်ကြီးသည် သမီးဖြစ်သူနှင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးလိုက်၏။

ဂိုဏ်းချုပ်ကြီးသည် ရှန်ကျိစင်း ကို....

'သမီး ပြဿနာကတော့ ပေါ်နေပြီ။ အခု သမီးကြားရမြင်ရတဲ့အတိုင်းပဲ၊ မီးစကြာဂိုဏ်းချုပ်ကြီးက သူ့သားနဲ့ သမီးကို လာရောက်စေ့စပ်ကြောင်းလမ်းနေကြတယ်၊ ဒီကိစ္စကို တစ်ချိန်က ဖေဖေနဲ့ မီးစကြာဂိုဏ်းချုပ်ကြီးဟာ အမှတ်မထင် သဘောတူခဲ့ကြတယ်၊ အခု သမီးမှာလည်း ချစ်သူ





စင်းပီလုံ ရှိနေတော့ ဒီပြဿနာကို ဖေဖေ ဘယ်လိုဖြေရှင်းရမလဲ'

ရှန်ကျိစင်းက တစ်ချက်စဉ်းစားလိုက်ပြီး....

'သမီးက မီးစကြာဂိုဏ်းချုပ်ရဲ့သားကို ဘယ်လိုမှ ကြည့်လို့မရဘူး၊ ဒီတော့ ဖေဖေက ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါ၊ အစ်ကိုစင်းပီလုံနဲ့ မီးစကြာဂိုဏ်းချုပ်ရဲ့သား စန်ကွမ်ယွန့်တို့ကို သိုင်းပညာချင်း ပြိုင်ပါစေ၊ နိုင်တဲ့လူကို သမီးနဲ့လက်ထပ်ပေးမယ်လို့ ပြောလိုက်ပါ၊ ဒီပွဲမှာ အစ်ကိုစင်းပီလုံ အနိုင်ရမှာ သေချာတယ်၊ အစ်ကိုစင်းပီလုံရဲ့ သိုင်းပညာကို စန်ကွမ်ယွန့် ဘယ်လိုမှ ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး'

သမီးဖြစ်သူ၏အကြံပေးချက်ကို ကြားရလျှင် ခြသေ့အားမာန်ဂိုဏ်းချုပ်ကြီး ယောင်ရှန်မှာ အနည်းငယ် အသက်ရှူချောင်သွားရ၏။

ထို့နောက် ခြသေ့အားမာန် ဂိုဏ်းချုပ်ကြီးက စကြာဂိုဏ်းချုပ်ကြီး စန်ကွမ်ဖုန့်နှင့်တွေ့ဆုံကာ ပွင့်ပွင့်လင်းလင်း ပြောကြားလိုက်၏။

'ဂိုဏ်းချုပ်ကြီးကို ပြောရမှာတော့ အားနာပါတယ်၊ ကျွန်တော့်သမီးမှာ ချစ်သူရှိနေပါတယ်'

'ဘာ....သူ့မှာ ချစ်သူရှိနေတယ် ဟုတ်လား၊ သူ့ချစ်သူက ဘယ်သူလဲ'

'သူ့ချစ်သူက နေစကြာဂိုဏ်းချုပ်ကြီးရဲ့သား စင်းပီလုံပါပဲ၊ အခုလဲ သူက ဒီမှာရောက်နေပြီ'

မီးစကြာဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဒါဆို ကျုပ်တို့ကိစ္စကို ဘယ်လိုလုပ်ကြမလဲ၊ စေ့စပ်တာကို ဖျက်သိမ်းရတော့မှာလား'

ခြင်္သေ့အားမာန် ဂိုဏ်းချုပ်ကြီးက သက်ပြင်းတစ်ချက်ရှိုက်လိုက်ကာ....

'အင်း...ကျုပ်က ဒီလိုလုပ်ချင်တယ်၊ စင်းပိလုံနဲ့ စန်ကွမ်ယွန်တို့ကို သိုင်းပညာချင်း ပြိုင်ခိုင်းမယ်၊ နိုင်တဲ့လူကို ကျုပ်သမီးနဲ့လက်ထပ်ပေးမယ်'

မီးစကြာဂိုဏ်းချုပ်ကြီး စန်ကွမ်ဖုန်က တစ်ချက်စဉ်းစားလိုက်ရင်း....

'ခင်ဗျားက သူတို့နှစ်ယောက်ကို ဘယ်လိုယှဉ်ပြိုင်ခိုင်းမလို့လဲ'

ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီး ယောဝ်ရှန်က....

'ကျုပ်တို့ဂိုဏ်းရဲ့ မြောက်ဘက်တောင်ကြောမှာ ကျောက်ဂူကြီးနှစ်ခုရှိတယ်၊ ကျောက်ဂူကြီးနှစ်ခုထဲမှာ တောင်ပို့ကြီးတွေ ရှိတယ်၊ တောင်ပို့ကြီးတစ်ခုပေါ်မှာ ဓားတစ်လက်စီ စိုက်ထားတယ်၊ ကျောက်ဂူတစ်ခုထဲမှာ ဓားတစ်လက်ပေါ့၊ ဒါပေမယ့် ဒီကျောက်ဂူကြီးတွေထဲမှာ မြွေနဂါးကြီးတွေ ရှိတယ်လို့ ပုံပြင်ဆန်ဆန်ကြားဖူးတယ်၊ ဒီဓားတွေက ကျုပ်တို့ရဲ့ အတိုးအဘွားတွေ လက်ထက်က စိုက်ပစ်ခဲ့တာပဲ၊ ကျုပ်တို့လက်ထက်မှာ ဘယ်သူမှ ဝင်ပြီးမယူရဲကြဘူး၊ ယှဉ်ပြိုင်မှုပထမအဆင့်အနေနဲ့ သူတို့နှစ်ယောက်ကို ကျောက်ဂူတစ်ခုစီဝင်ပြီး တောင်ပို့ပေါ်က စိုက်ထားတဲ့ ဓားတစ်လက်စီ ယူဆောင်ခိုင်း





ရမယ်၊ ဓားရတဲ့လူကို အနိုင်ပေးမယ်၊ နှစ်ယောက်စလုံးက ဓားရရင် ဒုတိယအဆင့် ပြိုင်ခိုင်းရမယ်'

မီးစကြာဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်လိုက်ကာ....

'ဒုတိယအဆင့်က ဘယ်လိုပြိုင်မှာလဲ'

'ဒုတိယအဆင့်ကတော့ သူတို့နှစ်ယောက်ကို သိုင်းပညာချင်း ပြိုင်ဆိုင်ဖို့ပါပဲ၊ ကြိုက်ရာလက်နက်နဲ့ ယှဉ်ပြိုင်ခွင့်ရှိပါတယ်၊ နေရာကတော့ တောင်ထိပ်က သမာဓိကျောက်ဖျာကြီးပေါ်မှာပဲ ဖြစ်ပါတယ်'

မီးစကြာဂိုဏ်းချုပ်ကြီးစန်ကွမ်ဖုန်က တစ်ချက် စဉ်းစားလိုက်ပြီး....

'ပထမအဆင့် ကျောက်ဂူဝင်ရမှာက အန္တရာယ်မများလား၊ အထဲမှာမြွေနဂါးကြီးတွေရှိနေရင် ကလေးနှစ်ယောက်စလုံး အသက်ပျောက်သွားမှာ သေချာတယ်'

ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီးက တဟဲဟဲရယ်မောလိုက်ရင်း....

'သိုင်းပညာထက်မြက်တဲ့ သိုင်းသမားဆိုရင် ဒီမြွေနဂါးတောင်လောက်တော့ အသာလေး နှိမ်နင်းနိုင်မှာပါဗျာ၊ ဒါမှသာ တကယ့်လူစွမ်းကောင်းအစစ်အမှန် ဖြစ်နိုင်မယ် မဟုတ်လား'

မီးစကြာဂိုဏ်းချုပ်ကြီးက မကျေမနပ်ဖြင့်....

'ခင်ဗျားတောင် မဝင်ရဲဘဲနဲ့ ကလေးတွေကို ဝင်ခိုင်းရသလား၊ ကလေးတွေက ခင်ဗျားလောက် အစွမ်းထက်ပါ့မလား'

'ဆရာလေးတွေက ကျုပ်တို့ထက်တော်ပ် အစွမ်းထက်နေပါ၊ ဘယ်မျှား၊ ခုနေ ကျုပ်နဲ့စင်းပိလုံတို့ သိုင်းပညာချင်းယှဉ်ပြိုင်ရင်တောင် ကျုပ်ရှုံးမှာ သေချာတယ်'

ဖိုးစကြာဂိုဏ်းချုပ်ကြီးက—

'ကောင်းပြီ၊ သူတို့ကို ကျောက်ဂူထဲ ဝင်မခိုင်းခင်မှာ သူရဲ့ခွန်အားကို စစ်ဆေးကြည့်ချင်တယ်'

ခြသေ့အားမာန်ဂိုဏ်းချုပ်ကြီးက မျက်ခုံးနှစ်ဖက် မြှင့်လိုက်ရင်း....

'ခင်ဗျားက ဘယ်လိုမျှား စမ်းသပ်စစ်ဆေးချင်လို့လဲ'

'ကျုပ်က စင်းပိလုံကို လက်ဝါးသုံးကွက်လောက် စမ်းကြည့်ချင်တယ်၊ ခင်ဗျားက ကျုပ်သား စန်ကွမ်ယွန်ကို လက်ဝါးသုံးကွက် စမ်းကြည့်ပါ၊ တကယ်လို့ သူတို့က ကျုပ်တို့လက်ဝါးသုံးကွက်ကို ခံနိုင်မယ်ဆိုရင် ခင်ဗျားအစီအစဉ်အတိုင်း ဆက်လုပ်ပါ'

ခြသေ့အားမာန် ဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်လိုက်ရင်း....

'ကောင်းပြီ၊ ခင်ဗျားအစီအစဉ်က ကောင်းပါတယ်၊ ကျုပ်တို့ သွားကြရအောင်လား'

ထို့နောက် နှစ်ယောက်သား တိုင်ပင်ဆွေးနွေးလိုက်ကြပြီး ခန်းမဆောင်ကြီးအတွင်း ထွက်လာခဲ့ကြ၏။

ခန်းမဆောင်ကြီးအတွင်းတွင် ရှန်ကျုံစင်း၊ စင်းပိလုံနှင့် စန်ကွမ်ယွန်တို့သာ စကားများ ပြောကာ အရက်များ အတူတကွ သောက်စားလျက်ရှိနေကြ၏။





ဂိုဏ်းချုပ်ကြီး နှစ်ယောက် ခန်းမဆောင်ကြီးအတွင်း ဝင်ရောက်လာသည်ကို တွေ့လိုက်ရလျှင် လူငယ်များက ထိုင်ရာမှ ထကာ လက်များဆုပ်၍ အရိုအသေ ပြုလိုက်ကြ၏။

ယင်းအချိန်မှာပင် အပြင်ဖက်မှ သံတောင်ဝှေးကြီး တဒုန်းဒုန်း ထောက်လာသံ ကြားလိုက်ရသဖြင့် ကြည့်လိုက်ကြရာ ကိုးကြာတောင်မှ ရသေ့ကြီးကြွင်လိုဟန် ဖြစ်နေသည်ကို တွေ့ရှိလိုက်ရ၏။

ရသေ့ကြီး ကြွင်လိုဟန်ကို တွေ့လိုက်ရလျှင် ဂိုဏ်းချုပ်ကြီး နှစ်ယောက်က ထိုင်ရာမှထကာ အရိုအသေ ပြုလိုက်ကြ၏။

ခြသေ့အားမာန် ဂိုဏ်းချုပ်ကြီးက ရသေ့ကြီးကြွင်လိုဟန်ကို နေရာထိုင်ခင်းများ ပေးလိုက်ပြီး....

'ရသေ့ကြီးပါလား၊ ဘယ်လေနဲ့တိုက်ပြီး ရောက်လာရတာပါလဲ'

ရသေ့ကြီးကြွင်လိုဟန်က တဟားဟား ရယ်မောလိုက်ပြီး....

'ကျုပ်က ဘယ်လေနဲ့ တိုက်လို့မှ ရောက်လာတာ မဟုတ်ပါဘူး၊ ဒီမှာ ကျုပ်တပည့် စင်းပိလုံ ရောက်နေတယ် သတင်းကြားလို့ လိုက်လာတာပါ'

စင်းပိလုံက ထိုင်ရာမှထကာ ရသေ့ကြီးကြွင်လိုဟန်ကို အရိုအသေ ပြုလိုက်ပြီး....

'အရှင်ဘုရား၊ ဘယ်လိုကဘယ်လို ဒီနေရာကို ရောက်ရှိလာရတာပါလဲ'

ရသေ့ကြီး ကြွင်လိုဟန်က ရယ်မောရင်း....

'ငါက မင်းကို သတိရလို့ပေါ့ကွာ၊ မင်းမေမေ နေစကြာ ဂိုဏ်းချုပ်ကြီး စင်းဟန်ကျဲဆီကို ငါ ရောက်ပြီးပြီ၊ မင်း ဒီကို ထွက်သွားတယ်ဆိုတာ သိရလို့ ငါချက်ချင်း လိုက်လာတာ'

'အကြောင်းထူးများ ရှိပါသလား ဘုရား'

'အကြောင်းထူးကတော့ မရှိပါဘူး၊ မင်းနဲ့တွေ့ချင်လို့ လာခဲ့တာပါပဲ၊ ကိုင်း အခု ဘာတွေ ဖြစ်နေသလဲ ပြောစမ်း'

ခြေသော့ အားမာန်ဂိုဏ်းချုပ်ကြီးနှင့် မီးစကြာဂိုဏ်းချုပ်ကြီး တို့အား ရသေ့ကြီးကြင်လိုဟန်အား အကျိုးအကြောင်းများ ရှင်းလင်း ပြောပြလိုက်ကြ၏။

ရသေ့ကြီးကြင်လိုဟန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

'အင်း ဂိုဏ်းချုပ်ကြီးတွေရဲ့ အစီအစဉ်က ကောင်းမွန်ပါတယ်၊ ဒါမှလဲ လူငယ်နှစ်ယောက်ရဲ့ ပင်ကို အရည်အချင်းကို ဖော်ထုတ် တွေ့ရှိနိုင်ရတော့မှာပေါ့'

ထို့နောက် ခန်းမဆောင်ကြီးအတွင်း စက်ဝိုင်းကြီး အတွင်း တွင် ပထမဆုံး စမ်းသပ်မည့်သူ နှစ်ယောက်ဖြစ်သည့် မီးစကြာ ဂိုဏ်းချုပ်ကြီး စန်ကွမ်ဖုန်နှင့် စင်းပီလုံတို့က မျက်နှာချင်းဆိုင် ရပ်လိုက်ကြ၏။

မီးစကြာဂိုဏ်းချုပ်ကြီး စန်ကွမ်ဖုန်က စင်းပီလုံအား....

'ကိုင်း မင်းကို ငါ လက်ဝါးသုံးချက် ရိုက်မယ်၊ ဒီ လက်ဝါး သုံးချက်ကို ခံနိုင်ရင် မင်းဟာ မြေနဂါးဂူထဲကို ဝင်နိုင်ပါပြီ'

'ယား'





'ဝုန်း'

စကားဆုံးသည်နှင့် မီးစကြာ ဂိုဏ်းချုပ်ကြီးက လက်ဝါး တစ်ဖက်ကိုမြှောက်ကာ စင်းပီလုံအား ရိုက်ချပစ်လိုက်၏။

စင်းပီလုံကလည်း လက်ဝါးတစ်ဖက်ဖြင့် ပြန်လည်ရိုက်လိုက်ရာ လက်ဝါးနှစ်ဖက်မှာ လေထဲတွင် ဆုံတွေ့ကာ ဝုန်းခနဲ မြည်ဟည်းသွားရ၏။

မီးစကြာဂိုဏ်းချုပ်ကြီးက လက်ဝါးကို ပြန်ရုပ်လိုက်ပြီး....

'ကိုင်း ပထမလက်ဝါး ရိုက်ချက်တော့ ပြီးသွားပြီ၊ ဒုတိယ လက်ဝါးရိုက်ချက်ကို ခံနိုင်ရင် ခံပေတော့'

မီးစကြာဂိုဏ်းချုပ်ကြီးက စကားဆုံးသည်နှင့် အတွင်းအား ကို စုစည်းလိုက်၏။

ပြီးနောက် မီးစကြာ လက်ဝါးရိုက်ချက်ဖြင့် လက်ဝါး နှစ် ဖက်ကို ရှေ့သို့ ဆန့်ထုတ်ပစ်လိုက်၏။

'ယား'

'ဝုန်း'

စင်းပီလုံကလည်း အတွင်းအားစုစည်းကာ လက်ဝါးနှစ်ဖက် ကို ဆန့်ထုတ်လိုက်ရာ ဝုန်းခနဲ မြည်ဟည်းသွားရ၏။

'မီးစကြာ ဂိုဏ်းချုပ်ကြီးက သူ၏ အပြင်းအထန် အထက် မြက်ဆုံးဖြစ်သည့် မီးစကြာ လက်ဝါးရိုက်ချက်ဖြင့် တိုက်ခိုက် လိုက်ခြင်းပင် ဖြစ်၏။

စင်းပီလုံက အတွင်းအားကို စုစည်းကာ ခုခံပေးလိုက်သဖြင့် ကြီးမားပြင်းထန်သော အတွင်းအားချင်း ဆုံတွေ့လိုက်ရခြင်း ပင် ဖြစ်ပေ၏။

လက်ဝါးနှစ်ခု ပြင်းထန်စွာဆုံတွေ့လိုက်သော်လည်း စင်းပိလုံက နောက်သို့ ယိမ်းယိုင်လွင့်စဉ်သွားခြင်း မဖြစ်ပေ။

မီးစကြာဂိုဏ်းချုပ်ကြီး စန်ကွမ်ဖုန့်မှာ စင်းပိလုံကို ကြည့်ကာ တအံ့တသြ ဖြစ်သွားရ၏။

'ဟင် ဒီကောင်လေးရဲ့ အတွင်းအားက ကြီးမားလှချည်လား'

မီးစကြာဂိုဏ်းချုပ်ကြီးက လက်ဝါးနှစ်ဖက်ကို ပြန်ရုပ်လိုက်ပြီး စင်းပိလုံက....

'ကိုင်း လက်ဝါးနှစ်ကွက်တော့ ပြီးသွားပြီ၊ နောက်ဆုံး တတိယလက်ဝါးကွက်ပဲ ကျန်တော့တယ်'

မီးစကြာဂိုဏ်းချုပ်ကြီးကပြောရင်း လက်ဝါး နှစ်ဖက်ကို စေ့ယှမ်းလိုက်၏။

'ဝေါ'

'ဝှီး'

တစ်ခဏချင်းမှာပင် လက်ဝါး နှစ်ဖက်မှာ အပြာရောင်အဖြစ်သို့ ပြောင်းလဲသွားရပြီး လေလုံးကြီးများ ထိုးထွက်သွားကာ ဝန်းကျင်တစ်ခုလုံးမှာ လေမုန်တိုင်းကျသည့်အလား ဖြစ်ပေါ်လာရ၏။

မီးစကြာဂိုဏ်းချုပ်ကြီး အသုံးပြုလိုက်သည့် လက်ဝါးသိုင်းကွက်မှာ မုန်တိုင်းလက်ဝါးရိုက်ချက်ဖြစ်၍ အလွန်ပြင်းထန်လှပေ၏။

'ယား'

'ဝုန်း'





မီးစကြာဂိုဏ်းချုပ်ကြီးက မာန်သွင်းကာ မုန်တိုင်း လက်ဝါးရိုက်ချက်ဖြင့် စင်းပိလုံအားရိုက်ချပစ်လိုက်၏။

စင်းပိလုံက အတွင်းအားစုစည်းကာ မိုးဖြိုး လက်ဝါးရိုက်ချက်ဖြင့် တန်ပြန်တိုက်ခိုက်ပစ်လိုက်၏။

လက်ဝါးချင်းရိုက်လိုက်သံကြီးက ကျယ်လောင်မြည်ဟည်းပေါက်ကွဲထွက်ပေါ်လာ၏။

'ဝုန်း'

'ဝုန်း'

နှစ်ယောက်စလုံး ပြင်းထန်သော အရှိန် အဟုန်ကြောင့် နောက်သို့ယိုင်ဆင်းသွားကြရ၏။

လက်ဝါးချင်းပူးကပ်ကာ ယှဉ်တွန်းထားမိကြ၏၊ တစ်ခဏမျှကြာလျှင် နှစ်ယောက်စလုံး၏ငယ်ထိပ်များမှအဖြူရောင်မီးခိုးအငွေ့များက တလောင်းလောင်းထွက်ပေါ်လာကာ လက်ဝါးပြင်များဆီမှလည်း အခိုးအငွေ့များ ထွက်ပေါ်လာကြသည်။

အတန်ကြာသည်အထိ မီးစကြာဂိုဏ်းချုပ်ကြီးကအားစိုက်တွန်းလိုက်သော်လည်း သူ့လက်ဝါးအစုံက ကျောက်တောင်ကြီး တစ်တောင်ကို တွန်းနေရသကဲ့သို့ ရှိနေ၏။

နောက်ဆုံးတွင် မီးစကြာဂိုဏ်းချုပ်ကြီးက လက်ဝါးအစုံကို ပြန်ရုပ်ကာ နောက်သို့ခုန်ဆုတ်လိုက်၏။

ပြီးနောက် ကိုယ်ကို ကင်းမြီးကောက်ထောင်ကာ လေးဝါးပတ်၍ လှည့်ပတ်ပစ်လိုက်၏။

ထိုသို့ ပြုလုပ်လိုက်ရခြင်းမှာ သူက ပျံ့လွင့်သွားသော အတွင်းအားများကို ပြန်လည် စုစည်းလိုက်ခြင်းပင် ဖြစ်ပေသည်။

ယခု သူ၏လက်ဝါးရိုက်ချက်သုံးချက်စလုံးကို စင်းပိလုံက ကောင်းကောင်းကြီး ကာကွယ်လိုက်နိုင်လေပြီ။

မီးစကြာဂိုဏ်းချုပ်ကြီးက စင်းပိလုံအား တအံ့တသြနှင့် ကြည့်လိုက်ရင်း—

'အင်း မောင်ရင့်ကြည့်ရတာ တကယ့်ကို အတွင်းအားနဲ့ ပြည့်စုံပါပေတယ်၊ ဒီနေရာမှာ မောင်ရင် မဟုတ်ဘဲ တခြားသိုင်းသမားတစ်ယောက် ဖြစ်နေမယ် ဆိုရင် လဲကျသွားမှာသေချာတယ်'

ထို့နောက် ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီးနှင့် မီးစကြာဂိုဏ်းချုပ်ကြီး၏သား စန်ကွမ်ယွန်တို့က အလယ်ခေါင် စက်ဝိုင်းပြင် မျက်နှာချင်းဆိုင် ရပ်လိုက်ကြ၏။

ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီးက စိတ်ထဲမှ....

'စန်ကွမ်ယွန်ကို ငါက အပြင်းအထန်တိုက်ခိုက်လိုက်ရင် မီးစကြာ ဂိုဏ်းချုပ်က ငါ့ကို တစ်ဖက်သတ်တိုက်ခိုက်တယ် ဆိုပြီး အထင်မှားမှာ သေချာတယ်၊ ဒီတော့ ငါ ဒီကောင်လေးကို လျော့တိုက်မှပဲ'

ထို့နောက် ခြင်္သေ့အားမာန် ဂိုဏ်းချုပ်ကြီးက အတွင်းအားကို လက်ဝါးနှစ်ဖက်တွင်စုစည်းကာ လက်ဝါးနှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်ပစ်လိုက်၏၊

'ဝုန်း'





'ဝုန်း'

မီးစကြာဂိုဏ်းချုပ်ကြီး၏သား စန်ကွမ်ယွန်ကလည်း လက်ဝါး နှစ်ဖက်ကို ဆန့်ထုတ်ပစ်လိုက်ရာ လက်ဝါးချင်း တွေ့ဆုံကာ ဝုန်းခနဲ မြည်ဟည်းသွားရ၏။

ခြင်္သေ့အားမာန်ဂိုဏ်းချုပ်ကြီးက လျော့ပေါ့ တိုက်ခိုက်လိုက်သဖြင့် စန်ကွမ်ယွန်မှာ ဘာမှဖြစ်မသွားချေ။

လက်ဝါးရိုက်သုံးချက်စလုံးကို ခြင်္သေ့အားမာန် ဂိုဏ်းချုပ်ကြီးက လျော့ပေါ့တိုက်ခိုက်လိုက်သဖြင့် စန်ကွမ်ယွန်မှာထာမှ မဖြစ်ဘဲ စမ်းသပ်မှုကို စင်းပိလုံနည်းတူ အောင်မြင်သွားရလေတော့၏။

ထို့နောက် သူတို့နှစ်ယောက်ကို တောင်ကြောမြောက်ဖက်ရှိ ကျောက်ဂူကြီးနှစ်ဂူဆီသို့ ခေါ်ဆောင်သွား၏။

ကျောက်ဂူကြီးနှစ်ဂူမှာ မကောင်းဆိုးဝါးကောင်ကြီးများ ပါးစပ်ကြီးများ ဖြဲထားသကဲ့သို့ရှိနေကာ ဂူဝတွင် ချိန်ွယ် စိတ်ပေါင်းများက ပုံးလွှမ်းလျက် ရှိနေကြ၏။

ခြင်္သေ့အားမာန် ဂိုဏ်းချုပ်ကြီး မီးစကြာဂိုဏ်းချုပ်ကြီး ရသေ့ကြီး ကျင်လိုယာန်၊ ရှန်ကျိစင်း၊ စင်းပိလုံနှင့် စန်ကွမ်ယွန်တို့မှာ ကျောက်ဂူကြီးများရှေ့တွင် ရပ်လိုက်ကြ၏။

ခြင်္သေ့အားမာန် ဂိုဏ်းချုပ်ကြီးက စင်းပိလုံနှင့် စန်ကွမ်ယွန်တို့အား....

'ကျောက်ဂူထဲမှာ တောင်ပို့ကြီးတွေရှိတယ်၊ ကျောက်ဂူတစ်ခုမှာ ခေါ်တစ်လက်ရှိနေတယ်၊ တောင်ပို့မှာ ခေါ်စိုက်ထား

တယ်၊ ဒီခေါးကို အရယူဆောင်လာခဲ့ကြရမယ်၊ ခေါးပါလာတဲ့ လူကို အနိုင်ပေးမယ်'

'ကောင်းပါပြီ၊ ဂိုဏ်းချုပ်ကြီး'

'ကောင်းပါပြီ၊ ဂိုဏ်းချုပ်ကြီး'

စင်းပိလုံနှင့် စန်ကွမ်ယွန်တို့အား ခြသေ့်အားမာန် ဂိုဏ်းချုပ်ကြီးကို အရှိအသေပြုကာ ပြောကြားလိုက်ကြ၏။

ရှန်ကျိစင်းက စင်းပိလုံကို စိုးရိမ်သော အကြည့်တစ်ချက်နှင့် လှမ်းကြည့်လိုက်၏။

စင်းပိလုံက မစိုးရိမ်ရန် အချက်ပြလိုက်၏။

'ကိုင်း သွားကြပေတော့၊ နှစ်ယောက်စလုံး အောင်မြင်ပါစေလို့ ငါ ဆုတောင်းပေးလိုက်ပါတယ်'

ထို့နောက် စင်းပိလုံနှင့် စန်ကွမ်ယွန်တို့က ဂိုဏ်းချုပ်ကြီးများကို အရှိအသေပြုကာ ကျောက်ဂူကြီးများအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေတော့၏၊



(၃၄)

ကျောက်ဂူကြီးတစ်ခုလုံးသည် မှောင်မည်းတိတ်ဆိတ်လျက် ရှိနေ၏။

ဂူကြီးအတွင်း မှောင်မည်းနေသော်လည်း စင်းပိလုံက ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်သည့်အတိုင်း ညကြည့်မျက်လုံးအားနှင့် စူးစိုက်ကြည့်လိုက်ရာ အားလုံးကို လင်းချင်းစွာ တွေ့မြင်နေရ၏။

ကျောက်ခုံအရှင်းပိုင်းမှာ ကျယ်ဝန်းလှပြီး မြေလိပ်မြွေကောက်အမှယ် ကွေ့ကွေ့ကောက်ကောက်နှင့် တည်ရှိနေပေသည်။

ကျောက်ဂူကြီးမှာ ချောက်ချားစရာ ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

စင်းပိလုံက ကျောက်ဂူအတွင်းပိုင်းသို့ ဆက်လျှောက်လာ
ခဲ့၏။

ကျောက်ဂူကြီးအဆုံးတွင် လူတစ်ရပ်ကျော်ကျော် ကြီးမား
သော တောင်ပို့ကြီးများကို တွေ့လိုက်ရ၏။

တောင်ပို့ကြီးတစ်ခုထွက်တွင် ဓားတစ်လက် စိုက်ထားသည်
ကို တွေ့ရှိလိုက်ရ၏။

သူ့အ ဓားကို သွားပြီးယူမည် ဟန်ပြင်လိုက်စဉ်မှာပင်....

'စုန်း....'

'ရှူး'

'ရှူး'

ရုတ်တရက် တောင်ကြီးနှစ်ခုသည် ကျယ်လောင်သော
အသံများနှင့်အတူ ပွင့်ထွက်သွားပြီး၊ အတွင်းမှ မည်းနက်ရှ
လျားသော သတ္တဝါကြောင်ကြီးနှစ်ကောင် ထွက်ပေါ်လ
သည်ကို တွေ့လိုက်ရ၏။

'ရှူး'

'ရှူး'

'ဟာ'

စင်းပိသုံမှာ ချွင်ပင်ကျန်ဓားကို ရွှမ်းခနဲ ဆွဲထုတ်ပြီး နော
သို့ ဆုတ်ပေးလိုက်ရ၏။

တောင်ပို့ကြီးများအတွင်းမှ ထွက်ပေါ်လာ သတ္တဝါကော
ကြီးနှစ်ကောင်မှာ အလွန်တရာမှ ကြီးမားလှသော မြွေကြီး
ကောင်ပင် ဖြစ်၏။





မြွေကြီးနှစ်ကောင်က ပါးစပ်များ ဖြဲဟထားသောကြောင့်
ပြူဖွေးချွန်ထက်သော အစွယ်များကို တွေ့မြင်နေရ၏။

စင်းပိလုံက ချွင်ပင်ကျန်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်
ကိုင်ထားရင်း မြွေကြီးနှစ်ကောင်ကို စူးစိုက်ကြည့်နေမိလေ
သည်။

'ရှူး'

'ရှူး'

မကြာမီ မြွေကြီးနှစ်ကောင်က စင်းပိလုံထံသို့ တစ်ဟုန်ထိုး
ခုန်ပျံဝင်ရောက်လာကြ၏။

စင်စစ် မြွေကြီးနှစ်ကောင်က မြေပြင်တွင် အမြီးကိုခထောက်
ကာ ခုန်ပျံဝင်ရောက်လာကြခြင်းပင် ဖြစ်ပေ၏။

'ခွစ် ဝှစ် ဝှစ်'

'ဝှ ဝှ ဝှ'

'ခွီး'

စင်းပိလုံ၏ ဘီလူးခေါင်းဖြတ် ဓားချက်ကြောင့် မြွေကြီး
တစ်ကောင်၏ ဦးခေါင်းမှာ ပြတ်ထွက်သွားပြီး သွေးများက
ပန်းထွက်သွား၏။

'ဘုန်း'

ခေါင်းမရှိတော့သည့် မြွေကြီးမှာ တွန့်လိမ်ထွက်သွားကာ
မြေပေါ်သို့ ဘုန်းခနဲ ပြုတ်ကျသွားရ၏။

'ခွီး'

ကျန်မြွေကြီးတစ်ကောင် စင်းပိသုံကို ချွန်ထက်သော
အစွယ်များနှင့် ပေါက်ချလိုက်၏။

'ယား'

စင်းပိလုံက အထက်သို့ ခုန်ပျံရှောင်တက်ရင်း ကျောက်စက်ကြီးတစ်ခုကို အချိန်မီ လှမ်းဆွဲထားလိုက်ရ၏။

'ရှူး'

'ခွီး'

အောက်မှ မြွေကြီးက အမြီးကို တစ်ချက်ခေါက်ဆောင့်လိုက်သည်နှင့် အထက်သို့ မြားပစ်သလို ထိုးတက်လာ၏။

မါးစပ်ကြီး ပြဲဟထားသည်မှာ ကြောက်စရာ ကောင်းလှပေတော့၏။

'ရွှီး ရွှီး ရွှီး'

'ခွီး'

စင်းပိလုံက မြွေကြီး၏ ပြဲဟထား ပါးစပ်ပေါက်အတွင်းသို့ လက်နက်ပုန်းများကို ပစ်သွင်းပေးလိုက်၏။

လက်နက်ပုန်းနှစ်ခုက မြွေကြီး၏ မျက်လုံးကို စိုက်ဝင်သွားသလို လက်နက်ပုန်း အသိပ်အသပ်များစွာက မြွေကြီး၏ ပါးစပ်ထဲသို့ နစ်မြုပ်ဝင်ရောက်သွားကြ၏။

'စွီး'

'ဝုန်း'

စင်းပိလုံက ကျောက်စက်ကို လွှတ်ကာ တစ်ဘက်သို့ ကျွမ်းပစ် လွှားထွက်သွားသည်နှင့် မြွေကြီးမှာ ချွန်ထက်သော ကျောက်စက်ကြီးနှင့် ဝင်ဆောင့်မိလိုက်၏။





မြွေကြီးတစ်ကိုယ်လုံး ချွန်တက်သော ကျောက်စက်ကြီး၏ ထိုးဖောက်ခြင်း ခံလိုက်ရကာ တံကျင်လျှိုပြီးသား ဖြစ်သွားရလေတော့၏။

မြွေကြီးသည် ကျောက်စက်ကြီးတွင် ငြိတွယ်ကာ တွန့်လိမ်နေ၏။

တခွီးခွီးတရှူးရှူး အော်မြည်ရင်း နောက်ဆုံးတွင် ငြိမ်သက်သွားရလေတော့၏။

'ဝှစ်'

'ဟူး'

စင်းပိလုံက တောင်ပို့အပေါ်သို့ ခုန်ဆင်းလာကာ တောင်ပို့ထက်တွင် စိုက်ထားသော ဓားကို ဆွဲနှုတ်ယူလိုက်၏။

'ဝေါ'

'ဝုန်း'

ဓားကို နှုတ်ယူလိုက်သည်နှင့် အထက်မှ ကြီးမားလေးလံသော ကျောက်မြားတံခါးကြီးတစ်ချပ်က အောက်သို့ ဝုန်းခနဲ အရှိန်ပြင်းစွာ ကျဆင်းလာကာ ထွက်ပေါက်ကို မိတ်ဆို့ထားလိုက်လေတော့၏။

စင်စစ် ဓားစိုက်ထားသော နေရာနှင့် ကျောက်မြားတံခါးကို ဆက်နွယ်ထားဟန် တူပေသည်။

'ရှီး ရှီး ရှီး'

'ဝှစ် ဝှစ် ဝှစ်'

တစ်ချိန်တည်းမှာပင် ကျောက်ဂူနံရံများဆီမှ ချိန်ထ
သော ခါးသွား၊လိုသွားများက တစ်ဟုန်ထိုး ပစ်လွှင့်ဝဲပျံ
ကြ၏။

'ထန်း ထန်း ထန်း'

'ချမ်း ချမ်း ချမ်း'

စင်းပိလိုက တစ်ဟုန်ထိုး ဝဲပျံလာသည့် ခါးသွား၊လိုသွ
များကို ချင်ပင်ကျန်ခါးဖြင့် ဝှေ့ယမ်းခုတ်ထုတ်ပစ်လိုက်၏။

ချင်ပင်ကျန် ခါးစွမ်းကြောင့် ချိန်ထက် များပြားလှ
ခါးသွား၊ လိုသွားများမှာ အဝေးသို့ လွင့်စဉ် ထက်သွာ
ရ၏။

ခါးသွား၊ လိုသွားများ လွင့်စဉ်ထွက်သွားပြီးနောက်
ယန္တရားများ ရပ်ဆိုင်းသွားသံများကို ကြားလိုက်ရ၏။

စင်းပိလိုက တောင်ပို့များထက်မှ လွှားဆင်းကာ ပိတ်
နေသည့် ကျောက်ပြား တံခါးချပ်ကြီးကို စစ်ဆေး
လိုက်၏။

ကျောက်ပြား တံခါးချပ်ကြီးမှာ ထုထည် ကြီးမားလ
အခိုင်အမာ ပြုလုပ်ထားခြင်းပင်ဖြစ်၏။

ယင်းအချိန်မှာပင် ကျောက်စက်ကြီးဆီမှ မြွေသွေးမျ
ခေအာက်သို့ကျလာ၏။

စင်းပိလိုက မြွေသွေးတစ်စက်ကို လျှာဖြင့် တို့ကြည့်
ရာ အရသာတစ်မျိုး ထူးခြားနေကြောင်းကို တွေ့မြင်
ရ၏။





မြွေသွေးများကို လက်ခုပ်ဖြင့် ခံပြီး သောက်လိုက်ရာ
ခွန်အားများ အဆမတန် တိုးပွားလာသည်ကို တွေ့မြင်လိုက်
ရ၏။

စင်စစ် မြွေကြီးများသည် ရိုးရိုးမြွေကြီးများ မဟုတ်ဘဲ
အလွန်အစွမ်းထက်သော မြွေနဂါးမျိုးနွယ်များပင် ဖြစ်ကြ၏။

သူတို့၏သွေးများမှာ အလွန်အဖိုးတန်ကာ ခွန်အားကို တိုး
ပွားစေ၏။

ထို့ကြောင့် စင်းပိလိုမှာ အချိန်မဆိုင်းတော့ဘဲ မြွေကြီး
နှစ်ကောင်၏ သွေးများကို အမြန်ဆုံး စုပ်ယူ သောက်ဖုံလိုက်
၏။

မြွေနဂါးကြီးများ၏ သွေးများကို သောက်သုံး လိုက်ရ
သဖြင့် စင်းပိလိုမှာ အတွင်းအားများ အဆမတန် တိုးပွားလာ
ရ၏။

သူက အတွင်းအားကြီးမားလာသည်နှင့် လက်ဝါးနှစ်ဖက်
တွင် အတွင်းအား စုစည်းကာ ကျောက်တံခါးကြီးကို ရိုက်ချ
ပစ်လိုက်၏။

'ဝုန်း'

'ဖြောင်း'

စင်းပိလို၏ အတွင်းအား လက်ဝါး ရိုက်ချက်ကြောင့်
ကျောက်တံခါးကြီးမှာ အက်ကြောင်းကြီးများ ဖြစ်စေကာ
နက်ရှိုင်းသော လက်ဝါးရာကြီးနှစ်ခု ဖြစ်ပေါ်လာ၏။

ကျောက်မှုန်သဲမှုန်များမှာ တဖွားဖွား လွင့်စဉ်ထွက်သွား
ရ၏။

စင်းပိလုံက လက်ဝါးနှစ်ဖက်တွင် အတွင်းအားစုစည်းကာ ထပ်မံ ရိုက်ပစ်လိုက်ပြန်၏။

'ယား'

'ခုန်း'

'ဝေါ'

ကြီးမားသော အတွင်းအား လက်ဝါး ရိုက်ချက်ကြောင့် ကျောက်တံခါးကြီးမှာ အစိပ်စိပ်အမြွာမြွာ ကွဲအက် လွင့်စဉ် ထွက်သွားရ၏။

ကျောက်တံခါးကြီး ပွင့်ထွက်သွားသည်နှင့် စင်းပိလုံက ဓားကို ယူကာ အပြင်သို့ အမြန်ဆုံး ပြန်ထွက်လာခဲ့လေ၏။

'ယော'

'စင်းပိလုံ'

အပြင်သို့ ရောက်သည်နှင့် ရဲသေ ကြီးကြင်လိုဟန်က စင်းပိလုံအား ဝမ်းသာအားရ ဆီးကြိုလိုက်၏။

'အစ်ကို'

ရှန်ကျိစင်းကလည်း စင်းပိလုံဆီသို့ ပြေးလာကာ စိုးရိမ်တကြီး ခေါ်လိုက်၏။

'အစ်ကို ဘာဖြစ်သွားသေးသလဲ ဟင်'

ရှန်ကျိစင်းက မေးလိုက်၏။ စင်းပိလုံက....။

'အစ်ကို ဘာမှမဖြစ်ပါဘူးကွယ်၊ ဒါနဲ့ စန်ကွမ်ယွန်တစ်ယောက်ကော'

'သူ ခုထိ ထွက်မလာသေးဘူး အစ်ကို'

'ဟင်'





စင်းပိလုံမှာ အံ့ဩထိတ်လန့်သွားရပြီး တောင်ပို့မှ ယူဆောင်လာသော ဓားကို ရှန်ကျိစင်းထံ ပေးအပ်ခဲ့ကာ စန်ကွမ်ယွန် ဝင်သွားသေး ကျောက်ဂူကြီးအတွင်းသို့ ပြေးလိုက်ဝင်သွားတော့သည်။

ကျန်သူများကလည်း နောက်မှ ပြေးဝင်လာကြသည်။ ကျောက်ဂူကြီးအတွင်းဘက်တွင် တရှူးရှူးတခွီးခွီး အသံများနှင့်အတူ စန်ကွမ်ယွန်၏ 'မာန်သွင်းတိုက်ခိုက်သံများကို ကြားလိုက်ရ၏။

'ဟင်'

'ဟာ'

'ဟယ်'

မြင်လိုက်ရသော မြင်ကွင်းကြောင့် အားလုံးမှာ အံ့အားသင့်သွားကြရ၏။ စန်ကွမ်ယွန်က ကြီးမားသော မြွေကြီးနှစ်ကောင်နှင့် လုံးထွေးသတ်ပုတ်နေခြင်းပင် ဖြစ်၏။

စန်ကွမ်ယွန်၏ ဓားချက်ကြောင့် မြွေနဂါးကြီးနှစ်ကောင်မှာ အတော်ကလေး အထိနာနေပြီ ဖြစ်သလို စန်ကွမ်ယွန်မှာလည်း အတော်ကလေး မောဟိုက်လျက် ရှိနေ၏။

'ရှူး'

မြွေနဂါးတစ်ကောင်၏ ပေါက်ချက်ကို စန်ကွမ်ယွန်က ရှောင်တိမ်းပေးလိုက်ပြီး မြွေနဂါး၏ ခေါင်းကို ဓားဖြင့် ခုတ်ပိုင်းချလိုက်သည်။

'ဒုတ်'

'ရှူး'

ဓားက မြေနဂါး၏ ဦးခေါင်းတွင် စိုက်ဝင်နစ်မြုပ်သွားကာ ချက်ချင်း နှုတ်ယူမရတဲ့ ဖြစ်နေ၏။

'ဝေါ'

'အား'

ယင်းအချိန်မှာ ကျန်မြေတစ်ကောင်က စန်ကွမ်ယွန်ကို အမြီးနှင့် ရိုက်ပစ်လိုက်ရာ စန်ကွမ်ယွန်မှာ မြေပေါ်တွင် လိမ့်ဆင်းသွားရသည်။

သူ့လက်ထဲတွင် ဓားလည်းရှိမနေတော့ပေ၊ သူ့ဓားက သူ ခုတ်ပိုင်းခဲ့သော မြေ၏ ဦးခေါင်းတွင် စိုက်ဝင်ကျန်ခဲ့ပြီဖြစ်သည်။

'ရှူး'

မြေနဂါးတခုန်ပျံဝင်ရောက်လာကာမက်ယက်လန့်လဲကျသွားသော စန်ကွမ်ယွန်အား အပေါ်မှမိုးကာ ချွန်ထက်သော အစွယ်များဖြင့် တအားကုန် ပေါက်ချလိုက်သည်။

စန်ကွမ်ယွန်မှာ ဘာမှ မဟတ်နိုင်တော့ဘဲ မျက်လုံးအစုံကိုသာ မှိတ်ထားလိုက်ရပါသည်။

'ဝုန်း'

'ဖြောင်း'

'ခွီး'

ရှတ်တရက် လူရိပ်တစ်ရိပ်က ခုန်ပျံဝင်ရောက်လာကာ အရှိန်ပြင်းစွာ ကျဆင်းလာသည့် မြေ၏ ဦးခေါင်းကို ခြေထောက်ဖြင့် ကန်ထုတ်ဖ  က်သည်။





ထိုသူ၏ မိုးကြိုးပစ်လိုက်သည့်အလား ပြင်းထန်သော ခြေကန်ချက်ကြောင့် မြေကြီးမှာ အဝေးသို့ လွင့်စဉ်ထွက်သွားရသည်။

'ယား'

ထိုလူရိပ်ကလည်း မြေကြီး လွင့်ထွက်သွားရာဘက်သို့ ခုန်ပျံကာ ထက်ကြပ်မကွာ လိုက်ပါသွားသည်။

မြေကြီးက ချက်ချင်းပင် လေထဲသို့ ပြန်လည်ထိုးတက်လာပြီး ထိုလူရိပ်ဆီသို့ တစ်ဟုန်ထိုး ဝင်ရောက် ကိုက်ခဲလိုက်သည်။

'ရှူး'

'ဝုစ်'

'ခွီး'

နှာမှုတ်သံ၊ ဓားဝှေ့ ယမ်းသံ၊ မာန်ဖီအော်ဟစ်သံများနှင့်အတူ တဝုန်းဝုန်း လိမ့်ဆင်းသွားသော မြေကိုယ်လုံးကြီးကို အားလုံးက ကြောက်ခမန်းလိလိ တွေ့မြင်လိုက်ကြရ၏။

စန်ကွမ်ယွန်က ခုန်ထကြည့်လိုက်ရာ မြေနဂါးကြီးမှာ ခေါင်းပြတ်ထွက်သွားရသလို စင်းပီလုံက သွေးများပေကျံနေသော ဓားကို ကိုင်ဆောင်ထားရင်း ရပ်နေသည်ကို တွေ့လိုက်ရသည်။

စန်ကွမ်ယွန်က စင်းပီလုံကို လက်နှစ်ဖက်ဆုပ်ကာ အရှိအသေပြုလိုက်ပြီး....

'စင်းပီလုံ၊ ကျုပ်အသက်ဟာ ခင်ဗျားပေးတဲ့ အသက်ပဲ ရှိပါတော့တယ်ဗျာ၊ ခင်ဗျားကို ကျုပ် အထူးပဲ ကျေးဇူးတင်ပါတယ်'

'ကျုပ်ကို ကျေးဇူးအထူးတင်နေစရာ မလိုပါဘူးဗျာ၊ သိုင်းလောကသား အချင်းချင်း ကူညီရတာပဲ၊ ကူညီရမယ့် တာဝန်ရှိလို့ ကူညီရတာပါ'

စန်ကွမ်ယွန်မှာ စင်းပီလုံ၏ သိုင်းသမားကောင်းစိတ်ဓာတ်ကို အထူးပင် လေးစားသွားမိရသည်။

စန်ကွန်ယွန်က ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ရင်း....

'အင်း ခင်ဗျားရဲ့ စိတ်ဓာတ်ကတော့ တကယ့်ကို ချီးကျူးလေးစားထိုက်ပါပေတယ်၊ ခင်ဗျားဟာ တကယ့်ကို စိတ်ထားဖြူစင်တဲ့ သိုင်းသမားကောင်းတစ်ယောက်ပါပဲ'

စင်းပီလုံကို အားလုံးက ဝိုင်းဝန်း ချီးကျူးစကားများ ပြောကြားလိုက်ကြသည်။

မီးစကြာဂိုဏ်းချုပ်ကြီး စန်ကွန်ဖုန်က စင်းပီလုံအား—

'ကျုပ်သခင်အသက်ကို ကယ်တင်ပေးလိုက်တဲ့အတွက် မောင်ရင့်ကို ကျုပ်က အထူးပဲ ကျေးဇူးတင်ပါတယ်၊ မောင်ရင့်ကို ကျုပ် အထင်အမြင်လွဲမှားမိခဲ့တာကို ခွင့်လွှတ်ပါ'

'ရပါတယ် ဦးရယ်၊ တစ်ယောက်နဲ့တစ်ယောက် မသိကြလို့ဖြစ်ရတာပဲ ကိစ္စမရှိပါဘူး'

ထို့နောက် သူတို့အားလုံးက ကျောက်ဂူကြီးအပြင်သို့ ထွက်ခဲ့ကြသည်။

• • •





စင်းပီလုံနှင့် ရှန်ကျီစင်းတို့၏ မင်္ဂလာပွဲမှာ အထူးပင် ကြီးကျယ်ခမ်းနားကာ စည်ကားလှပေသည်။

သိုင်းလောကမှ ဧည့်ပရိသတ်များ စုံလင်စွာတက်ရောက်လာကြသည်။

သိုင်းဂိုဏ်းကြီးများမှ ဂိုဏ်းချုပ်ကြီးများပါ တက်ရောက်လာကြသည်။

စင်းပီလုံနှင့် ရှန်ကျီစင်းတို့မှာ ပျော်မဆုံးအောင် ရှိခဲ့ကြသည်။

မင်္ဂလာပွဲတွင် ရသေ့ကြီးကြင်လိုဟန်က ဩဝါဒစကားများ ပြောကြားပေးလိုက်သည်။

စင်းပီလုံနှင့် ရှန်ကျီစင်းတို့သည် နေစကြာဂိုဏ်းတွင် နေထိုင်ခဲ့ကြသည်။

သူတို့လက်ထပ်ယူပြီး နောက်တစ်နှစ်မှာပင် နေစကြာဂိုဏ်းချုပ်ကြီး စင်းဟန်ကျဲမှာ ကွယ်လွန်အနိစ္စရောက်ခဲ့ရသည်။

နေစကြာဂိုဏ်းချုပ်ကြီး နေရာတွင် စင်းပီလုံက ဆက်ခံခဲ့သည်။

စင်းပီလုံ ဂိုဏ်းချုပ်ကြီးဖြစ်လာသောအခါ လက်ထောက်ဂိုဏ်းချုပ်ကြီးမှာ မုရှန်ကွန်းဖြစ်သည်။

မုရှန်ကွန်းက နေစကြာဂိုဏ်းတွင် ဂိုဏ်းချုပ်နေရာရဖို့ရန် တိတ်တဆိတ် ကြံစည်အားထုတ်လာခဲ့သည်။

မုရှန်ကွန်း၏ ယုတ်မာသောအကြံအစည်များကို စင်းပီလုံနှင့် ရှန်ကျီစင်းတို့က မရိပ်မိခဲ့ကြပေ။

ရှန်ကျိစင်း သားယောကျ်ားလေးတစ်ယောက် မွေးဖွားပြီး နောက် သားကလေးကို စင်းပိလျ ဟု အမည်ပေးလိုက်သည်။

စင်းပိလျ ဆယ်နှစ်သားအရွယ်မှာပင် စင်းပိလုံနှင့် ရှန်ကျိစင်းတို့မှာ ရန်သူများ၏ တိုက်ခိုက်ခြင်း ခံခဲ့ကြရသည်။

အဆိပ်ငွေ့များမိကာ နှစ်ယောက်စလုံးမှာ မေ့မြော သွားကြရသည်။

နှစ်ယောက်စလုံး ရုပ်ပျက်ဆင်းပျက် ဖြစ်သွားကြရပြီး ကလေးပါ ပျောက်ဆုံးသွားရသည်။

ရှန်ကျိစင်းမှာ ရူးသွပ်သလိုဖြစ်သွားရ၏။ သူမကို ကယ်တင် ရှင် သိုင်းသမားတစ်ယောက်က ကယ်တင်ကာ မျက်နှာ ပေါ်မှ ဒဏ်ရာများကို ကုသပေးခဲ့သည်။

စင်းပိလုံမှာလည်း ဝင်ရှုံဘိုးဘိုးနှင့်တွေ့ဆုံရကာ ရောဂါ များ ပျောက်သွားရသည်။

စင်းပိလုံသည် နေစကြာဂိုဏ်းသို့ မပြန်တော့ဘဲ ရှန်ကျိ စင်းနှင့် သားငယ်ကို လိုက်လံ ရှာဖွေခဲ့သည်။

ရှန်ကျိစင်းမှာ သီလရှင်ကျောင်းတွင် သီလရှင်ဝတ်နေခဲ့၏။ ယခု စင်းပိလျ က နေစကြာဂိုဏ်းသို့ ရောက်လာကာ မုရှန် ကွန်းကို ချေမှုန်းခဲ့ရာတွင် စင်းပိလုံက ကူညီပေးခဲ့သည်။

• • •

စင်းပိလုံက သူ့အဖြစ်အပျက်များကို သားဖြစ်သူ စင်းပိ လျ အား ပြောပြလိုက်သည်။

ယစ်ထုတ်သိုင်းသမားကြီးက ခေါင်းကို ဆတ်ဆတ်ညိတ် လိုက်ပြီး...





'အင်း ဂိုဏ်းချုပ်ကြီးရဲ့ အဖြစ်အပျက်ကတော့ တကယ့်ကို စိတ်ဝင်စားစရာ ကောင်းပါပေတယ်၊ ကိုင်း ရှန်ကျိစင်းဆီကို သွားကြရအောင်'

သူတို့က ရှန်ကျိစင်းရှိရာ သီလရှင်ကျောင်းသို့ သွားရောက် ကြသည်။

ရှန်ကျိစင်းမှာ တရားဘောင်တွင် ပျော်မွေ့နေပြီဖြစ် ကြောင်း ပြောပြလိုက်သည်။

စင်းပိလုံမှာ ရှန်ကျိစင်းကိုကြည့်ကာ ဝမ်းသာဝမ်းနည်း မျက်ရည်များပင် ကျဆင်းလာမိရသည်။

စင်းပိလျ က မိခင်ကြီးကို ကန်တော့လိုက်၏။ ထို့နောက် သူတို့သည် နေစကြာဂိုဏ်းသို့ ပြန်လာခဲ့ကြလေတော့သည်။

## (၃၅)

တောင်ပင်လယ်တွင် လေသည် တဟူးဟူးတိုက်ခတ်နေ၏။ စန်းချုံယဲ့အား တောင်ပင်လယ်မင်းသားလေးနှင့်အတူ ရှိနေသည့် သိုင်းသမားကြီးက သံမဏိငှက်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြောပြခဲ့၏။

စန်းချုံယဲ့က....

'ဤသံမဏိငှက်က ဘာကယ်ပဲရှိနေတာပေါ့'

'ဟုတ်တယ်၊ စင်းပိလျံဟာ သံမဏိငှက်ကို စားခဲ့ရလို့ အတွင်းအားတွေဟာ အံ့မခန်းလောက်အောင် ကြီးထွားလာခဲ့တာပဲ'

တောင်ပင်လယ် မင်းသားလေးက စန်းချုံယဲ့အား သေတ္တာကလေးတစ်လုံး ပေးအပ်လိုက်ရင်း...





'ဒီအထဲမှာ ရှောင်လင်ကျောင်းတော်ဆရာ ရှောင်ဟန်ချူး ခိုးယူသွားခဲ့တဲ့ စကြာဝဠာသိုင်းကျမ်း ရှိပါတယ်'

စန်းချုံယဲ့က သေတ္တာကလေးကို ဖွင့်ကြည့်လိုက်ရာ အတွင်း၌ အမှန်တကယ်ပင် စကြာဝဠာသိုင်းကျမ်း ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

စန်းချုံယဲ့မှာ အံ့အားသင့်သွားရကာ...

'စကြာဝဠာသိုင်းပဲ၊ ခင်ဗျား ဘယ်လို လုပ် ရထားတာလဲ'

'ရှောင်ဟန်ချူးက ကျုပ်ဆီမှာလာပြီး သိမ်းထားဖို့ ပေးထားတာ ဒါပေမယ့် ကျုပ်က စုံစမ်းကြည့် လိုက်တော့ ရှောင်လင်ကျောင်းတော်က သိုင်းကျမ်းဖြစ်နေတယ်၊ ပထမတော့ ကျုပ်ကိုယ်တိုင် လာပေးမလို့ဘဲ၊ နောက်တော့ ခင်ဗျား လာမယ်ဆိုတာသိရလို့ စောင့်နေခဲ့တာပါ၊ ဒီသိုင်းကျမ်းကို ခင်ဗျား ယူသွားပြီး ရှောင်လင်ကျောင်းတော်ကို ပေးလိုက်ပါ'

'ကောင်းပါပြီ၊ အခုလို ကူညီတာ အထူးပဲကျေးဇူးတင်ပါတယ်'

စန်းချုံယဲ့က ပြောရင်း သိုင်းကျမ်းကို အင်္ကျီအတွင်းအိတ်ထဲတွင် သေချာ သိမ်းဆည်းထားလိုက်၏။

ထိုနေ့မှာပင် စန်းချုံယဲ့သည် တောင်ပင်လယ်မှနေ၍ရှောင်လင်ကျောင်းတော်သို့ အမြန်လာခဲ့တော့၏။

• • •

ရှောင်လင်ကျောင်းတော်သို့ ရောက်လျှင် စန်းချုံယဲ့က သိုင်းကျမ်းအား ရှောင်ယင်ဂိုဏ်းချုပ်ကြီးထံ ဆက်သလိုက်သည်။

ရွှောင်လင်ဂိုဏ်းချုပ်ကြီးမှာ ပျောက်ဆုံးသွားသော သို
ကျမ်းကို တွေ့မြင်လိုက်ရလျှင် အလွန်အားရစမ်းသာဖြစ်သွာ
ပြီး....

'စန်းချုံယဲ့ မင်းရဲ့အစွမ်းဟာတော့ အံ့မခန်းလောက်စ
ပါပဲ၊ မင်းကို တစ်ခုပြောရဦးမယ်၊ အခုတစ်လော သို
လောကမှာ မဟူရာသိုင်းနတ်သမီးဆိုတာ ပေါ်နေတယ်၊ သ
ကို ဘယ်သူမှ မမြင်ဖူးကြဘူးဖြစ်နေတယ်၊ မဟူရာ သိုင်းန
သမီးဟာ အဖြူရောင်သိုင်းသမားတစ်ယောက် မဟုတ်သ
အနက်ရောင်သိုင်းသမားတစ်ယောက်လဲ မဟုတ်ဘူးလို့ အမ
မျိုး ပြောနေကြတယ်၊ တချို့က မဟူရာ သိုင်းနတ်သမီ
အဘွားကြီးလို့ပြောနေပြီး၊ အချို့က မဟူရာ သိုင်းနတ်သ
ဟာ မိန်းမပျိုတစ်ယောက်လို့ ပြောနေတယ်၊ မဟူရာ သို
နတ်သမီးရဲ့ လက်ချက်ကြောင့် နာမည်ကြီး သိုင်းပညာ
အကောင်များ သေဆုံးခဲ့ကြရပြီ၊ သေသွားကြတဲ့ သိုင်းသမ
တွေအားလုံးဟာ အနက်ရောင်ဒုစရိုက်သမားဝေ့ချည်း ဖြ
နေတယ်၊ မင်းကို တာဝန်တစ်ခုပေးလိုက်မယ်'

'တပည့်တော် ထမ်းဆောင်ပါ့မယ်ဘုရား'

'အိမ်း....မဟူရာသိုင်းနတ်သမီးကို မင်း စုံစမ်းကြည့်ပ
မင်းမှာ နဂါးခွားနဲ့ နဂါးသိုင်းကျမ်းလဲ ရှိနေတယ် မဟု
လား၊ ခရီးမထွက်ခင် နဂါးခွားနဲ့ နဂါးသိုင်းကျမ်းကို အခ
အချာ လေ့ကျင့်သွားပါ၊ ခရီးမထွက်ခင် နဂါးခွားနဲ့အ
နဂါးသိုင်းကျမ်းကို အသေအချာ လေ့ကျင့်သွားပါ၊ မ





ရာ သိုင်းနတ်သမီးကို ရင်ဆိုင်ဖို့ဆိုတာ တော်ရုံတန်ရုံ သိုင်း
ပညာအဆင့်နဲ့ ရမှာမဟုတ်ဘူး'

'ကောင်းပါပြီဘုရား'

ထို့နောက် စန်းချုံယဲ့က ရှောင်လင်ကျောင်းတော်တ
အကျဉ်းခံနေရသည့် ရှောင်ဟန်ချူးကို သွားရောက်ေ
လိုက်ရ၏။

ရှောင်ဟန်ချူးမှာ ပိန်ချုံးကာ လူရုပ်ပင် မပေ
မည်ကို တွေ့ရှိလိုက်ရ၏။

စန်းချုံယဲ့ကို တွေ့လိုက်ရလျှင် ရှောင်ဟန်ချူးမှာ
ချည်များပင် ကျဆင်းလာရကာ...

'စန်းချုံယဲ့ ငါ နောင်တရပါပြီကွာ၊ ငါ့ကို အကျဉ်
နေ လွတ်ပေးဖို့ ဆရာတော်ကြီးတွေကို မင်း ပြောေ
ပါ၊ စန်းချုံယဲ့ ငါ့ကို ကူညီပါကွာ'

ရှောင်ဟန်ချူးမှာ ပြောရင်းက မျက်ရည်များ ကျနေ
သည်။

စန်းချုံယဲ့ပင် ရှောင်ဟန်ချူးကို အတော်ကလေး သနား
သွားမိရ၏၊

စန်းချုံယဲ့က သူယူလာသော အစားအသောက်များကို
ရှောင်ဟန်ချူးအား ကျွေးမွေးလိုက်ရင်း...

'ရှောင်ဟန်ချူး မင်းအပြစ်ကျဘာတွေမှီးရင် မင်းကို ပြန်
လွှတ်ပေးလိုက်မှာပါကွာ၊ ဘာမှ အားငယ်မနေပါနဲ့၊ ငါ
တတ်နိုင်ဘာကတော့ မင်းကို အဖြစ်ရက်တွေ အကောင်များ
များ လျှော့ပေါ့ပေးဖို့ တောင်းပန်ပေးခဲ့ပါ့မယ်'

'စန်းချုံယဲ့ မင်း ဘယ်သွားဦးမလို့လဲ၊ ငါ့ကို ဒီမှာ တစ်ယောက်တည်း မထားခဲ့ပါနဲ့ကွာ'

'ရှောင်ဟန်ချူး၊ ငါ့မှာ ခရီးထွက်စရာတွေ ရှိနေတယ်၊ ငါ အမြန်ဆုံး ပြန်ခဲ့ပါမယ်ကွ'

ထို့နောက် စန်းချုံယဲ့မှာ အပေါ်ထပ်သို့ ပြန်တက်လာခဲ့တော့၏။

စန်းချုံယဲ့သည် မဟူရာသိုင်းနတ်သမီးကို စုံစမ်းရှာဖွေရန် နက် နဂါးဓားနှင့် နဂါးသိုင်းကျမ်းကို ခြောက်လမျှ လေ့ကျင့်ခဲ့ရ၏။

အားလုံး အစစအရာရာ ပြင်ဆင်ပြီးသည်နှင့် စန်းချုံယဲ့သည် ရှောင်လင် ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် ဆရာတော်များ ု ဂါရဝပြုကာ ရှောင်လင် ကျောင်းတော်မှ ထွက်ခွာလာခဲ့လေတော့၏။

သူ၏ တောင်းပန် လျှောက်ထားမှုကြောင့် ရှောင်လင် ဂိုဏ်းချုပ်ဆရာတော်ကြီးက ရှောင်ဟန်ချူးအား ပြစ်ဒဏ် ငါးနှစ် သတ်မှတ်ထားရာမှ လေးနှစ်သို့ လျှော့ချပေးလိုက်၏။

● ● ●

မဟူရာသိုင်းနတ်သမီး။

သူမကို မည်သူမျှ မမြင်ဖူးကြပါချေ။ မြင်ဖူးသူများကလည်း မျက်နှာဖုံး စွပ်ထားသော သူမကို ချောသည်လှသည် ရုပ်ဆိုးသည်ကို မသိရပါချေ။





မဟူရာသိုင်းနတ်သမီးဆိုသူ၏ လက်ချက်ကြောင့် သိုင်းလောကမှ နာမည်ကြီးအနက်ရောင်ဒုစရိုက်သမားအချို့ ကျဆုံးခဲ့ကြရ၏။

လူကောင်းဟန်ဆောင်ကာ မင်းသားခေါင်း ဆောင်းထားသည့် မြို့မျက်နှာဖုံး သူဌေးကြီး အတော်များများမှာ မဟူရာသိုင်းနတ်သမီး၏ လက်ချက်ကြောင့် မရှုမလှ သေဆုံးခဲ့ကြရ၏။

ထိုသူဌေးကြီးများမှာ သူတော်ကောင်းဟန် ဆောင်ထားကြသော ဒုစရိုက်သမားကြီးများသာ ဖြစ်ကြပေ၏။

မဟူရာ သိုင်းနတ်သမီးသည် သူ့မ လာလျှင် ကြိုတင် အကြောင်းကြားထားတတ်ပြီး လူသတ်မှု ကျူးလွန်ပြီးတိုင်း စက္ကူပန်း အနက်ရောင် တစ်ပွင့်ကို အိပ်ရာထက်တွင် ထားရစ်ခဲ့တတ်၏။

● ● ●

ညဉ့်နက်ပြီဖြစ်၏။

သူဌေးကြီး ဖန်းမှာ အိပ်မပျော်သေးပါချေ။ သူသည် အခန်းထဲရှိ ကုလားထိုင်တစ်လုံးထက်တွင် ထိုင်နေ၏။

သူ၏ စားပွဲပေါ်တွင် အနက်ရောင်စက္ကူပန်းတစ်ပွင့်က ရှိနေ၏။

သူဌေးကြီးဖန်းသည် စက္ကူပန်းပွင့်ကို စူးစိုက်ကြည့်လျက် ရှိနေ၏။

စက္ကူပန်းပွင့်သည် မဟူရာသိုင်းနတ်သမီး၏ အထိမ်းအမှတ်ပန်း မဟုတ်ပါလော။

ဤအနက်ရောင်စက္ကူပန်းပွင့်ပါရှိသော စက္ကူဘူးငယ်တစ်ခုသည် နံနက်စောစောကပင် အိမ်ရှေ့တွင် ကျရောက်နေခဲ့၏။

အိမ်တော်အမှုထမ်းများက တွေ့ရှိကာ သူဌေးကြီးဖန်းထံ လာရောက် ပေးအပ်ခဲ့ကြ၏။

သူဌေးကြီးဖန်းတည် အနက်ရောင် စက္ကူပန်းပွင့်ကို တွေ့ရှိရသောအခါ လုံးဝ တုန်လှုပ်ချောက်ချားခြင်း မဖြစ်မိခဲ့ရပါချေ။

သူ့မိတ်ဆွေ အတော်များများသည် မဟူရာသိုင်းနတ်သမီး၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရပြီ မဟုတ်ပါလော။

သူဌေးကြီးဖန်းသည် ဒုစရိုက် လုပ်ငန်းများဖြင့် ကြီးပွားချမ်းသာလာခဲ့သူ တစ်ယောက် ဖြစ်သလို သေဆုံးသွားရသော သူ့မိတ်ဆွေများမှာလည်း ဒုစရိုက်လုပ်ငန်းနှင့် ကြီးပွား ချမ်းသာနေသော သူများပင် ဖြစ်ကြ၏။

သူဌေးကြီးဖန်းသာ မီးအိမ်ကို မြှင့်ကာ ခါးတစ်ချက် ဆန့်လိုက်၏။

ယနေ့ညအဖို့ သူ့ထံသို့ မဟူရာ သိုင်းနတ်သမီး လာမည်မှာ သေချာလှပေတော့၏။

သူဌေးကြီးဖန်းသာလည်း ဒုစရိုက်သမားကြီးတစ်ယောက်ပီပီ သိုင်းပညာအတတ်ကျွမ်းသူ ဖြစ်၏။

ထို့ကြောင့် သူက မဟူရာသိုင်းနတ်သမီးကို လုံးဝ ဂရုမစိုက်ပါချေ။

မဟူရာသိုင်းနတ်သမီး လာလျှင် သိရှိနိုင်ရန် အစီအစဉ်များကို သူက လုပ်ဆောင်ထားပြီး ဖြစ်၏။





သူ့အိပ်ခန်းနှင့် ကပ်လျက် အခန်းတွင် သိုင်းသမားများက အသင့် စောင့်ဆိုင်းနေကြ၏။

ခြံဝင်းထဲတွင်လည်း သိုင်းသမားများ စောင့်ကြပ်နေကြ၏။ ယုတ်စွအဆုံး အိမ်ခေါင်မိုးထက်တွင်ပင် အစောင့်များ ချထား၏။

မဟူရာ သိုင်းနတ်သမီးက သူဌေးကြီးဖန်းထံသို့ မြေလျှိုးမိုးပျံလာမှ ရောက်ရှိမည်ဖြစ်ပေ၏။

သူဌေးကြီးဖန်းက ပြတင်းပေါက်မှနေ၍ အပြင်ဖက်သို့ တစ်ချက် လှမ်းကြည့်လိုက်၏။

ခြံဝင်းထဲတွင် သူ၏ သိုင်းသမားများ လှည့်ပတ်ကင်းစောင့်နေသည်ကို တွေ့လိုက်သောအခါ ကျေနပ်အားရစွာ ပြုံးလိုက်မိ၏။

သူက နှုတ်ခမ်းထောင့်ကို အသာတွန့်ကာ ပြုံးလိုက်ရင်း....

'ဟင်း ဟင်း မဟူရာသိုင်းနတ်သမီးတော့လာရင် သူ့ သေတွင်း သူတူးသလို ဖြစ်သွားရမှာပဲ၊ ဒင်းကို အပိအရဖမ်းပြီးမှ သက်ဆိုင်ရာမှာ ဆုငွေထုတ်ရမယ်'

တွက်ရေးကတော့ စက်သူဌေးပင်ဖြစ်၏။ မဟူရာသိုင်းနတ်သမီးကို သူက လျှော့တွက်ထားလိုက်မိလေပြီ။

ယင်းအချိန်မှာပင် အပြင်ဘက်မှ ခြေသံကို ကြားလိုက်ရ၏။

'ဘယ်သူလဲ'

သူဌေးကြီးဖန်းက လှမ်းမေးလိုက်၏။ အပြင်ဘက်မှ....

'ကျွန်မပါ၊ သူဌေးကြီးအတွက် နို့ကြက်ဥနဲ့ ကြက်ဥ လာပို့တာပါ'

အပြင်ဘက်မှ စံအိမ်တာဝန်ခံ အမျိုးသမီးကြီး စုရီ၏အသံ ထွက်ပေါ်လာ၏။

'စုရီလား ဝင်ခဲ့ပါ'

သူဌေးကြီးဖန်းက အမိန့်ပေးလိုက်၏။ ခန်းစီးလိုက်ကာ လှပ်ရှားသွားပြီးနောက် အတွင်းသို့ စံအိမ်တာဝန်ခံအမျိုးသမီးကြီး စုရီ ဝင်ရောက်လာ၏။

စုရီလှ လင်ပန်းတစ်ချပ်ကို ကိုင်ဆောင်ထား၏။ လင်ပန်းအပေါ်တွင် နို့ခရားနှင့် ကြက်ဥများထည့်ထားသော ရေနွေးဖန်ခွက်ကြီးတစ်လုံး၊ သားခရား၊ ဇွန်းနှင့်ဖန်ခွက်၊ ရေခရားတစ်လုံးအာ ပါရှိလာ၏။

စုရီက ပစ္စည်းများကို စားပွဲကြီးအပေါ်သို့ စနစ်တကျထင် လိုက်၏။

သူဌေးကြီးဖန်းက စံအိမ်တာဝန်ခံ အမျိုးသမီးကြီး စုရီ၏ လှုပ်ရှားမှုများကို မျက်ခြေမပြတ် ကြည့်နေ၏။

စုရီက ပစ္စည်းများကို တင်ထားလိုက်ပြီးနောက် အပြင်သို့ ပြန်ထွက်သွားမည်အပြုတွင် သူဌေးကြီးဖန်းက လက်ကာပြ လိုက်ပြီး...

'ခဏနေဦး'

'ဘာများ ခိုင်းစရာရှိနေလို့ပါလဲ သူဌေးကြီး'

'ခိုင်းစရာရှိလို့ မဟုတ်ပါဘူး၊ မှာစရာရှိလို့ပါ'

'ဟုယ်ကဲ အမိန့်ရှိပါရှင့်'

'စံအိမ်ထဲမှာ အထူးသတိထားပါ၊ လူရိပ်လူရောင်မြင်တာ နဲ့ တပ်ဆင်ထားတဲ့ကြိုးစတွေကို ဆွဲလိုက်ပါ'





'ကောင်းပါပြီရှင့်'

'အေး သွားပေတော့'

စုရီ အပြင်သို့ ပြန်လည်ထွက်ခွာသွား၏၊ စုရီထွက်သွား ပြီးနောက် သူဌေးကြီးဖန်းက နွားနို့ခရားထဲမှ နို့များကို ခွက်ထဲသို့ လောင်းငှဲလိုက်၏။

သူဌေးကြီးဖန်းက နွားနို့ခွက်ထဲမှ နွားနို့များကို တစ်ချက် စူးစိုက်ကြည့်၏။

ပြီးနောက် အင်္ကျီအတွင်းအိတ်ထဲမှ ဓားပါးတစ်လက် ထုတ် ယူလိုက်၏။

ထိုဓားမှာ ဖြူဝင်းနေပြီး အဆိပ်အတောက်နှင့် ထိတွေ့ လိုက်ပါက အရောင်ပြောင်းကာ မည်းနက်သွားလေ့ရှိ၏။

သူဌေးကြီးဖန်က နို့ခွက်ထဲသို့ ဓားသွားကိုစိုက်လိုက်၏။

ဖြူဝင်းသောဓားမှာ အရောင်ပြောင်းမသွားပါချေ။ နွား နို့ထဲတွင် အဆိပ်များ မပါရှိပါချေ။

သူဌေးကြီးဖန်းက တစ်ချက်ပြုံးလိုက်ပြီး ကြက်ဥများ ဖောက်ကာ ပန်းကန်ပြားတစ်ချပ်ထဲသို့ ထည့်လိုက်၏။ ဆေး မှုန့်တစ်မျိုးကိုပါ ကြက်ဥအနှစ်များပေါ်သို့ လောင်းချပေး လိုက်၏။

သူဌေးကြီးဖန်းက နွားနို့နှင့်ကြက်ဥများကို အေးဆေးစွာ စားသောက်နေလိုက်၏။

အချိန်မှာ အတော်ကလေး ညဉ့်နက်နေပြီဖြစ်၏၊ အပြင် ဘက်ခြံဝင်းကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

လေတိုးသဖြင့် သစ်ရွက်လှုပ်ခတ်သံ ပွတ်တိုက်သံကလေးများသာ တစ်ခါတစ်ခါတွင် ထွက်ပေါ်လျက်ရှိနေ၏။

မကြာမီ သူဌေးကြီးဖန်းသည် စားသောက်ပြီးစီး သွားလေပြီ။ သူက ခါးတစ်ချက်ဆန့်လိုက်ရင်း အိပ်ရာအောက်မှ ရှည်မျောမျောအရာတစ်ခု ဆွဲထုတ်လိုက်၏။

ထိုရှည်မျောမျောအရာမှာ အနီရောင်ကတ္တီပါစဖြင့် ရစ်ပတ်ထားသောအရာတစ်ခုပင်ဖြစ်၏။

သူဌေးကြီးဖန်းက ထိုအရာကို အိပ်ရာထက်တွင်တင်လိုက်ပြီး အပေါ်မှရစ်ပတ်ထားသော ကတ္တီပါစကို ခွာလိုက်၏။

ကတ္တီပါစကို ဆွဲခွာလိုက်သောအခါ အထဲတွင် ရွှေရောင်တောက်ပနေသော ဓားတစ်လက် ထွက်ပေါ်လာ၏။

သူဌေးကြီးဖန်းက ရွှေရောင်တောက်ပနေသော ဓားကို အပြင်သို့ ရွှမ်းခနဲ ဆွဲထုတ်ပစ်လိုက်၏။

အိပ်ခန်းတစ်ခန်းလုံး၊ ရွှေရောင် ဓားရိပ်ဓားငွေ့များနှင့် ဖုံးလွှမ်းသွားသယောင် ထင်မှတ်လိုက်ရ၏။

ထိုရွှေဓားမှာ သူကိုင်ဆောင်ခြင်းမပြုဘဲ သိမ်းထားခဲ့သည်မှာ ဆယ်နှစ်ပင် ကျော်ရှိသွားပြီဖြစ်၏။

ဓားမှာ ဆယ်နှစ်ကျော်ကြာကြာမျှ သိမ်းဆည်းထားခဲ့သော်လည်း ဖုန်တစ်စက်မှ ပေကျံခြင်းမရှိသည့်အပြင် သံချေးလည်းတက်ခြင်း မရှိပါချေ။

သူဌေးကြီး ဖန်းက ဓားကို ဓားအိမ်ထဲ ပြန်မထည့်ထားဘဲ စားပွဲပေါ်တွင် အသင့်တင်ထားလိုက်၏။

‘တွံ့ တုံ တုံ’





‘တုံ တုံ တုံ’

အဝေးမှ သန်းခေါင်ယံအချိန် ရောက်ပြီဖြစ်ကြောင်းကို ကင်းသမားများ၏ တုံးခေါက်သံများ ကြားလိုက်ရ၏။

လေအေးများက တစိမ့်စိမ့် တိုက်ခတ်လာ၏။ ခန်းစီးလိုက်ကာစသည် လေမတိုက်ဘဲ လှုပ်ရှားနေသည်ဟု သူဌေးကြီးဖန်းက စိတ်ထဲမှ ထင်မှတ်လိုက်မိ၏။

သူဌေးကြီးဖန်းက ထိုင်ရာမှ ထကာ ခန်းစီးလိုက်ကာစဆီသို့ လျှောက်သွားကြည့်လိုက်၏။

ခန်းစီးလိုက်ကာစမှာ အဖြူရောင်ဖြစ်၏၊ ခန်းစီးလိုက်ကာ အဖြူရောင်ကြားတွင် အဖြူရောင်ပိုးသားဝတ်စုံနှင့် မိန်းမပျို တစ်ယောက်သဏ္ဌာန် ရပ်နေသည်ကို ဝိုးတဝါး တွေ့မြင်လိုက်ရသည်။

‘ဟင်’

သူဌေးကြီးဖန်းသည် ထိတ်လန့်ချောက်ချားကာ နောက်သို့ ခုန်ဆုတ်သွားပြီး စားပွဲပေါ်မှ ရွှေဓားကို လှမ်းယူလိုက်လေသည်။

သူ ရွှေဓားလက်ထဲရောက်လာသည်နှင့် ခန်းစီးလိုက်ကာဆီသို့ ပြန်စူးစိုက်ကြည့်လိုက်သည်။

ခန်းစီးလိုက်ကာစသည် လေတိုက်သဖြင့် လွင့်ချောသွား၏ စောစောက သူတွေ့ခဲ့ရသော အဖြူရောင်ဝတ်စုံရှင် သဏ္ဌာန်ကို မတွေ့ရတော့ပေ။

‘ဟင် ငါများ မျက်စိအကြည့် မှားနေသလား’

သူဌေးကြီးဖန်းက ဓားကို ဆုပ်ကိုင်ထားရင်း မျက်မှောင်ကြုတ်ကာ တွေးလိုက်မိ၏။

'အင်း ငါများ အိပ်ချင်နေပြီလား'

သူက ခေါင်းကို တစ်ချက်ခါယမ်းလိုက်၏။

'ဟင်'

သူက ခေါင်းကို ခါယမ်းလိုက်ပြီးနောက် ခန်းစီးလိုက်ကာကြားသို့ လှမ်းကြည့်လိုက်ရင်း မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားရပြန်၏။

ခန်းစီးလိုက်ကာမှာ ငြိမ်သက်နေကာ လိုက်ကာစကြားတွင် အဖြူရောင်ဝတ်စုံရှင်သဏ္ဍာန် ရပ်နေသည်ကို ဝိုးတဝါး တွေ့မြင်လိုက်ရသောကြောင့်ပင်တည်း။

'ခစ်'

ခန်းစီးလိုက်ကာစကြားမှ ခစ်ခနဲ ရယ်မောသံတစ်ချက်ပါ ကြားလိုက်ရ၏။

'ဟိတ်'

'ယား'

သူဌေးကြီးဖန်းက ခန်းစီးဆီသို့ ခုန်ပျံကာ ဓားနှင့် ပိုင်းချလိုက်၏။

ယမ်းအချိန်မှာပင် ခန်းစီးလိုက်ကာစက သူဌေးကြီးဖန်း၏ ကိုယ်ပေါ်သို့ ပြုတ်ကျလာ၏။

'ဝုန်း'

သူဌေးကြီးဖန်းက မျက်နှာပေါ်သို့ အုပ်ကျလာသည့် ခန်းစီးလိုက်ကာစကို ဖယ်ရှားရန် ဟန်ပြင်လိုက်စဉ်မှာပင် ချွန်ထက်





သော ဓားတစ်လက်က သူ၏ ရင်ဝကို ဖောက်ထွင်း ဝင်ရောက်သွားတော့၏။

'ဂွစ်'

'အား'

ဓားသွားက အဆုံးတိုင်ဝင်ရောက်သွား၏။ သူဌေးကြီးဖန်း၏ အသံနက်ကြီးနှင့် အော်ဟစ်လိုက်သံကြောင့် တစ်ဘက်ခန်းမှ စောင့်နေကြသော သူဌေးကြီးဖန်း၏ ကိုယ်ရံတော်သိုင်းသမားများ အခန်းထဲသို့ ပြေးဝင်လာကြ၏။

'ဟာ'

'ဟင်'

'ဟယ်'

သိုင်းသမားများမှာ တွေ့လိုက်ရသော မြင်ကွင်းကြောင့် အားလုံး ကြက်သေ သေသွားကြရ၏။

သူဌေးကြီးဖန်းသည် ဓားတစ်လက် ရင်ဝတွင် စိုက်ဝင်ကာ သွေးအိုင်ထဲ ပက်လက်ဆန့် လဲကျနေ၏။

သူဌေးကြီးဖန်း၏ မျက်လုံးအစုံမှာ ပြူးကျယ်နေကာ မသေဆုံးမီက ချောက်ချားစရာကောင်းသော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့သွားခဲ့ရဟန်တူပေ၏။

ထို့ပြင် စက္ကူပန်းအနက်တစ်ပွင့်။ ထိုအပြင် အနက်ရောင်ပန်းပွင့်က သူဌေးကြီးဖန်း၏ ရင်ပတ်တစ်ဖက်တွင် စိုက်ထားသည်။

'မဟူရာသိုင်းနတ်သမီး'

'မဟူရာသိုင်းနတ်သမီး'

သိုင်းသမားများက တုန်လှုပ်ချောက်ချားစွာ ရေရွတ်လိုက်ကြ၏။ အားလုံးမှာ သူဌေးကြီးဖန်း မရှိမလှ အသက်ပျောက်နေပုံကိုကြည့်ကာ ထိတ်လန့်ချောက်ချားသွားမိကြရသည်။

'ဟိတ်....ခြံထဲ လိုက်ရှာကြစမ်း'

'တချို့က စံအိမ်ကြီးထဲမှာ နေရာအနှံ့ လိုက်ရှာကြ'

ချက်ချင်းပင် သိုင်းသမားများက နေရာအနှံ့ လူခွဲကာ လိုက်ရှာကြ၏။

ခြံဝင်းကြီးအတွင်းရော စံအိမ်ကြီးအတွင်းမှာပါ နေရာအနှံ့ လိုက်ရှာကြသော်လည်း ရန်သူ၏အရိပ်အရောင်ကို လုံးဝမတွေ့လိုက်ကြရပါချေ။

● ● ●

ကြင်ချမ်မြို့။

ခရီးလမ်းဆုံကျရာ မြို့ဖြစ်သည့်အတိုင်း စည်ကားသော မြို့တစ်မြို့ပင် ဖြစ်၏။

မြို့ထဲတွင် စားသောက်ဆိုင်၊ တည်းခိုဆောင်၊ ပိုးထည်တိုက်၊ အာမခံဌာနများ၊ ကဇာတ်ရုံများနှင့် ပြည့်နှက်လျက်ရှိနေ၏။

ခရီးလမ်းဆုံကျသည့်အတိုင်း ခရီးသွားသော သိုင်းလောကသားများ၊ ကုန်သည်များနှင့် ခြေချင်းလိမ်လျက်ရှိနေ၏။

ဤမြို့သို့ ဖြတ်သန်းသွားသော သိုင်းလောကသားများမှာလည်း မနည်းလှပေ။





တည်းခိုဆောင်များ၊ အရက်ဆိုင်များ၊ စားသောက်ဆိုင်များတွင်လည်း သိုင်းလောကသားများ ပြည့်နှက်လျက်ရှိနေသည်။

စန်းချုံယဲ့သည် မြင်းတစ်စီးဖြင့် ကြင်ချမ်မြို့သို့ ရောက်ရှိလာခဲ့၏။

ကြင်ချမ်မြို့နှင့် နတ်မီးတောင်မှာ ခရီး သိပ်မဝေးတော့ပေ။ နတ်မီးတောင်သိုင်းပြိုင်ပွဲတွင် မဟူရာသိုင်းနတ်သမီး ရောက်လာလိမ့်မည်ဟု သတင်းရထားခဲ့သည် မဟုတ်ပါလား။

ယခု ကြင်ချမ်မြို့သို့ ရောက်ရှိနေကြသည့် သိုင်းလောကသားများမှာလည်း နတ်မီးတောင်သို့ သွားရောက်ကြမည့်များပြားလှသော သိုင်းလောကသားများပင် ဖြစ်ကြ၏။

သိုင်းလောကသားများမှာ အဖြူရောင်သိုင်းလောကသားများရော အနက်ရောင် သိုင်းလောကသားများပါ ရောနှောပါရှိနေ၏။

အဖြူရောင် သိုင်းလောကသားများကလည်း တည်းခိုဆောင်အချို့တွင် သီးသန့် တည်းခိုနေကြပြီး အနက်ရောင် သိုင်းလောကသားများက တည်းခိုဆောင်အချို့တွင် သီးသန့် တည်းခိုနေကြ၏။

အဖြူရောင် သိုင်းသမားများက နတ်မီးတောင် သိုင်းပြိုင်ပွဲသို့ လာရောက်ကြခြင်းဖြစ်ပြီး အနက်ရောင်သိုင်းသမားများက နတ်မီးတောင် သိုင်းပြိုင်ပွဲတွင် မဟူရာ သိုင်းနတ်သမီးဆိုသူကို အမိအရ ဖမ်းရန်လာခဲ့ကြခြင်းပင်ဖြစ်၏။

သိုင်းလောကတွင် သတင်းပျံ့နှံ့နေသည်မှာ မဟူရာ သိုင်းနတ်သမီးက နတ်မီးတောင် သိုင်းပြိုင်ပွဲသို့ လာရောက်မည် ဟူသော သတင်းပင်ဖြစ်၏။

ထိုသတင်းကြောင့်လည်း အခါမကျေသော အနက်ရောင် သိုင်းဂိုဏ်းကြီးများမှ သိုင်းဂိုဏ်းချုပ်ကြီးများနှင့် သိုင်းသမားများ စုံလင်စွာ ရောက်ရှိနေကြခြင်းပင် ဖြစ်ပေတော့၏။

စန်းချုံယဲ့က တည်းခိုဆောင်တစ်ဆောင်တွင် အခန်းငှားကာ တည်းခိုနေလိုက်၏။

ညနေစောင်းလျှင် သူက အရက်သောက်ရန် သောက်ဝေ အရက်ဆိုင်တစ်ဆိုင်သို့ ထွက်ခွာလာခဲ့၏။

သောက်မဝ အရက်ဆိုင်တစ်ဆိုင်လုံးမှာ သိုင်းလောကသားများနှင့် ပြည့်နှက်လျက်ရှိနေ၏။

စန်းချုံယဲ့က သောက်မဝအရက်ဆိုင်အတွင်း ရောက်သည်နှင့် အရက်နှင့် စားစရာများ မှာယူလိုက်ပြီး စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

သူက ရောက်လာသော အရက်နှင့်စားစရာများကို အေးဆေးစွာ စားသောက်နေလိုက်၏။

ယင်းအချိန်မှာပင် သူ့ စားပွဲရှေ့သို့ လူတစ်ယောက် လာရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် မော့ကြည့်လိုက်ရာ ပုံပြင်ဘိုးဘိုး ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'တာ...ပုံပြင်ဘိုးဘိုးပါလား၊ ထိုင်လေ၊ ဒီကို ဘယ်လို လုပ်ရောက်လာတာလဲ'





စန်းချုံယဲ့မှာ ဤသို့နေရာမျိုးတွင် ပုံပြင်ဘိုးဘိုးကိုမမျှော်လင့်ဘဲ တွေ့လိုက်လေရာ အလွန်အံ့အားသင့်ကာ မေးလိုက်မိသည်။

ပုံပြင်ဘိုးဘိုးက တဟဲဟဲရယ်မောရင်း ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ကာ...

'ဟဲ ဟဲ ဟဲ ငါလဲ မင်းလိုပဲ သိုင်းလောကသား တစ်ယောက်ပဲကွာ၊ ဒီနေရာကို ဘာကြောင့် ရောက်လာရသလဲ ဆိုတာ ပြောစရာ လိုသေးသလား'

စန်းချုံယဲ့က ပုံပြင်ဘိုးဘိုးအတွက် အရက်နှင့်စားစရာများ မှာကြားပေးလိုက်ပြီး....

ပြောစရာလိုတာပေါ့ ခင်ဗျာ၊ ကျွန်တော်က ပုံပြင်ဘိုးဘိုး ဒီနေရာကို ဘာကြောင့် ရောက်လာရသလဲဆိုတာ ဘယ်ပြောနိုင်ပါမလဲ၊ ဘယ်သိနိုင်ပါမလဲ ခင်ဗျာ'

ပုံပြင်ဘိုးဘိုးက ဟက်ခနဲ ရယ်မောလိုက်ရင်း....

'မင်းကလဲ သိလျက်သားနဲ့ မေးနေတာပါကွာ၊ နတ်မီးတောင်ကို သိုင်းသမားတွေ အစုလိုက် အပြုံလိုက် သွားနေတဲ့ကိစ္စ၊ မဟူရာသိုင်းနတ်သမီးက နတ်မီးတောင် သိုင်းပြိုင်ပွဲကို လာမယ်လို့ သတင်းကြီးနေတာပဲ၊ ငါလဲ မဟူရာသိုင်းနတ်သမီးကို မမြင်ဖူးလို့ သွားကြည့်မလို့ကွ'

ယင်းအချိန်မှာပင် ပုံပြင်ဘိုးဘိုးအတွက် အရက်နှင့်စားစရာများ ရောက်ရှိလာ၏။

စန်းချုံယဲ့က ပုံပြင်ဘိုးဘိုးအတွက် အရက်များ ငှဲ့ပေးလိုက်ရင်း....

'မဟူရာသိုင်းနတ်သမီးက နတ်မီးတောင်ကိုလာစမ်းသပ်ချင်လို့လား'

ပုံပြင်ဘိုးဘိုးက အရက်ကိုမော့သောက်လိုက်ရင်း....

'အို သိပ် သေချာတာပေါ့ကွာ၊ သတင်းဆိုတာ မဟုတ်တဲ့ ထွက်လာပါ့မလား၊ သေချာလို့သာ သတင်း ထွက်လာတာပေါ့၊ ဒါကြောင့်လဲ သိုင်းသမားတွေ သွားနေကြတာပဲဟာ၊ အခုတောင်ကြည့်လေ၊ ကြင်ချမ်းမြို့ တစ်မြို့လုံး သိုင်းလောကသားတွေနဲ့ ပြည့်နှက်နေတာပဲ'

စန်းချုံယဲ့က အရက်တစ်ခွက် မော့သောက်လိုက်ရင်း....

'မဟူရာ သိုင်းနတ်သမီးက ဘာဖြစ်လို့ ဒီလောက်တောင် နာမည်ကြီးနေရတာလဲ'

ပုံပြင်ဘိုးဘိုးက မျက်ခုံးနှစ်ဖက်မြှင့်လိုက်ကာ ခြောက်ကပ်အက်ကွဲသော အသံကြီးဖြင့်....

'အို ဒီကောင်လေးနှယ် ခက်နေပြန်ပါပြီ၊ မဟူရာ သိုင်းနတ်သမီးဟာ ဒီလောက်နာမည်ကြီးနေတာ ဘာဖြစ်လို့နာမည်ကြီးနေတယ် ဆိုတာကိုတောင် မရိပ်မိဘူးလား၊ မင်းကြည့်ရတာ အခုမှ သိုင်းလောကထဲဝင်လာတဲ့ကောင်လေးတစ်ယောက်ထင်တယ်၊ မင်းကို ငါသနားလို့ပြောရရင် ဒီမြို့ကနေ မင်းနေတဲ့နေရာကို အမြန်ဆုံးပြန်ရင် အသက်ရှည်နိုင်တယ်'

စန်းချုံယဲ့က ပုံပြင်ဘိုးဘိုးအတွက် အရက်များ လောင်းထည့်ပေးလိုက်ရင်း....





'ပြောပါ ပုံပြင်ဘိုးဘိုးရယ်၊ ကျွန်တော်သိချင်လို့ပါ၊ ဒီကနေ့ည ဘိုးဘိုးကို ကျွန်တော် အရက်တစ်ဝတိုက်ပါ့မယ်၊ ကုန်ချင်သလောက် ကုန်စမ်းပါစေ'

ပုံပြင်ဘိုးဘိုးက စန်းချုံယဲ့ကို အထူးအဆန်းသတ္တဝါ တစ်ကောင်သဖွယ် ကြည့်လိုက်ရင်း....

'မင်းက အရက်တစ်ဝတိုက်တာတော့ ဟုတ်ပါပြီ၊ ငါ့အဖြေက တိုတိုနဲ့ရှင်းရှင်းကလေးပါ'

'ကိုင်းပါ ဘိုးဘိုးရယ်၊ အဲဒီတိုတိုနဲ့ရှင်းရှင်းကလေးကိုသာ ပြောစမ်းပါ'

'အေး ဒါဆိုရင် ငါပြောမယ်၊ မဟူရာသိုင်းနတ်သမီးဟာ အနောက်ရောင်သိုင်းလောကက ဒုစရိုက်သိုင်းထိပ်သီးဆိုတဲ့နာမည်ကြီး ဒုစရိုက်သမား အတော်များများကို ရှင်းလင်းသုတ်သင်ပစ်ခဲ့တယ်၊ ဒီအနောက်ရောင်ဒုစရိုက်သမားတွေထဲမှာ သိုင်းလောကမှာ ဩဇာအာဏာကြီးမားတဲ့သူတွေ ပါဝင်နေတယ်၊ ဒီတော့ သူတို့အသိုင်းအဝိုင်းတွေကလဲ အမျက်ကြီးပေါ့ကွာ၊ မဟူရာသိုင်းနတ်သမီးကို သူတို့က အသေရရ အရှင်ရရ လိုချင်လာကြတယ်၊ ဆုငွေတွေ အမြောက်အမြားကို လျှို့ဝှက်ထုတ်ထားကြတယ်၊ ဒုစရိုက်ဂိုဏ်းကြီးတွေရဲ့ အင်အားကလဲ သေးတာမဟုတ်ဘူး၊ သူတို့က လူအင်အား ငွေအင်အား အမြောက်အမြား ရှိနေတယ်၊ သူတို့ကို ရင်ဆိုင်ဖို့ဆိုတာ တော်ရုံ တန်ရုံ သိုင်းပညာနဲ့ မရဘူး၊ တစ်ယောက်ကောင်း တစ်ဦးကောင်းနဲ့လဲ ယှဉ်ပြိုင်လို့ မရဘူး၊ ဒါကြောင့် မဟူရာ သိုင်းနတ်သမီး

ဟာ ဒီနတ်မီးတောင်သိုင်းပြိုင်ပွဲကိုလာမယ် ဆိုရင်တော့ ကျိန်းသေ ကျဆုံးရမှာ သေချာတယ်'

စန်းချုံယဲ့က တစ်ချက် စဉ်းစားလိုက်ပြီး

'မဟာရာသိုင်းနတ်သမီးက ဘာကြောင့် အနက်ရောင်ဒုစရိုက်ထိပ်သီးတွေကို လိုက်လံတိုက်ခိုက်သုတ်သင်နေရတာလဲ'

ပုံပြင်ဘိုးဘိုးက အရက်တစ်ခွက်ကို ကွပ်ခနဲ မော့သောက်လိုက်ကာ

'ဒါကိုတော့ ငါလဲ ဘယ်ပြောတတ်ပါ့မလဲကွာ၊ သူ့လဲ အကြောင်းရှိလို့နေမှာပေါ့'

စန်းချုံယဲ့က

'သူက လူသတ်ပြီးတိုင်း အနက်ရောင် စက္ကူပန်းတစ်ပွင့်ကို ထားခဲ့တယ်ဆို၊ အဲဒါက ဘာသဘောလဲ'

ပုံပြင်ဘိုးဘိုးက စန်းချုံယဲ့ကို စူးစိုက်ကြည့်လိုက်ရင်း....

'အမယ် မင်းက ဒါတွေတောင် သိနေတာ ဘယ်ဆိုးလို့လဲ၊ ဟုတ်တယ်၊ သူက လူသတ်ပြီးတိုင်း အနက်ရောင် စက္ကူပန်းကို ထားရစ်ခဲ့တယ်၊ ဒါပေမယ့် သူ ဘာကြောင့် ထားခဲ့သလဲဆိုတာ မပြောတတ်ဘူး'

စန်းချုံယဲ့က လေသံတိုးတိုးဖြင့်....

'ပုံပြင်ဘိုးဘိုးက မဟာရာသိုင်းနတ်သမီးကို မြင်ဖူးသလား၊ သူက အသက် ဘယ်လောက်ရှိပြီလဲ'

ပုံပြင်ဘိုးဘိုးက ခေါင်းခါယမ်းလိုက်ရင်း....

'သူ့ကို ငါ မြင်ဖူးရင် မင်းနဲ့ ခုလို အရက်အတူသောက်နေနိုင်တော့မှာ မဟုတ်ဘူး'





ပုံပြင်ဘိုးဘိုးက ပြောရင်း ပခုံးနှစ်ဖက် ကျုံ့ပြလိုက်၏၊ ပြီးနောက် အရက်တစ်ခွက် မော့သောက်လိုက်ရင်း....

'မင်းက တော်တော် အမေးအမြန်းထူတဲ့ ကောင်ကလေးပဲ၊ မင်း နောက်ထပ် မေးခွန်း ထုတ်ဦးမယ်ဆိုရင် ငါ စားပွဲပြောင်းလိုက်တော့မယ်၊ ငါ့မှာလဲ အရက်သောက်ဖို့ ငွေ ပါပါတယ်ကွ'

'ဟာ ကျွန်တော် ထပ်ပြီး မမေးတော့ပါဘူး၊ ကျွန်တော်နဲ့လဲ အတူ အရက်သောက်ပါ၊ ကျွန်တော့်မှာ အဖော်မရှိလို့ပါ၊ ပုံပြင်ဘိုးဘိုးသာ မရှိရင် ကျွန်တော်တစ်ယောက်တည်း ကြောင်တောင်တောင် ဖြစ်နေမှာ'

'အေး ငါက အမေးအမြန်းထူတာ မကြိုက်ဘူး၊ အရက်ကို အေးအေးဆေးဆေး သောက်တာပဲ ကြိုက်တယ်၊ ကိုင်း နောက်ထပ် မှာဦးကွာ'

ထို့နောက် စန်းချုံယဲ့က အရက်နှင့်စားစရာများကို ထပ်မံမှာယူ ပေးလိုက်ရပြန်၏။

သောက်မဝ အရက်ဆိုင်ကလေး အတွင်းတွင် အဖြူရောင်သိုင်းသမားများရော အနက်ရောင် သိုင်းသမားများပါ စုံလင်စွာ ရောက်ရှိလျက် ရှိနေကြ၏။

အားလုံးလိုလိုက နတ်မီးတောင် သိုင်းပြိုင်ပွဲကြီးတွင် မဟာရာသိုင်းနတ်သမီးကို မမြင်ဖူး၍ လာရောက် ကြည့်ရှုကြခြင်းပင် ဖြစ်ကြပေ၏။

အနက်ရောင် သုံးသမားများက မဟူရာသိုင်းနတ်သမီးကို တွေ့သည့်နေရာတွင် အပြတ် ချေမှုန်းသုတ်သင်ရန် ရောက်ရှိနေကြခြင်းပင် ဖြစ်တော့၏။

အပြင်ဖက်တွင် နှင်းများ တဖွဲဖွဲ ကျဆင်းလျက် ရှိနေ၏။ အအေးဓာတ်က စိမ့်ဝင်လျက် ရှိနေသည်။

သောက်မဝ အရက်ဆိုင်အတွင်း သိုင်းလောကသားများက ကိုယ့်အစုနှင့်ကိုယ် စားသောက်ကာ ပြောဆိုဆွေးနွေးလျက် ရှိနေကြ၏။

သူတို့ ပြောဆိုနေကြသော အကြောင်းအရာများမှာ များသောအားဖြင့် မဟူရာသိုင်းနတ်သမီးနှင့် ဆက်နွယ်လျက် ရှိနေ၏။

'ကျွီ'

အရက်ဆိုင်တံခါးက ပွင့်သွားပြီးနောက် လေအေးများက အတွင်းသို့ ဝေါခနဲ တိုးဝင်လာပြီးနောက် ဆိုင်တံခါးဝတွင် မရမ်းစေ့ရောင် ဝတ်စုံနှင့် မိန်းမပျိုတစ်စု ထွက်ပေါ်လာကြ၏။

မိန်းမပျိုများက ဓားများကို ကျောတွင် ပိုးလွယ်ထားကြသဖြင့် သိုင်းလောကသားများမှန်း သိသာလှပေသည်။

မိန်းမပျိုများမှာ ခြောက်ယောက်ဖြစ်ပြီး အားလုံးလိုလိုပင် နယ်ရွယ်ချောမောသူများ ဖြစ်ကြ၏။

ထို့ကြောင့် ဆိုင်ထဲမှ အရက်သောက်နေကြသူများ၏ ဆူညံသော အသံများသည် မီးကို ရေဖြင့် ဖြန်းလိုက်သည့်အလား တိတ်ဆိတ် ငြိမ်သက်သွားကြလေတော့၏။





စန်းချယ်ယဲ့ နှင့် ပုံပြင်ဘိုးဘိုးတို့ပင် မိန်းမပျိုများဖက်သို့ လှည့်ကြည့်မိလိုက်ကြ၏။

မရမ်းစေ့ရောင် ဝတ်စုံနှင့် မိန်းမပျို ခြောက်ယောက်တို့က ခပ်တည်တည်ပင် သောက်မဝ အရက်ဆိုင် အတွင်းသို့ ဝင်ရောက်လာကြကာ လွတ်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြ၏။

မိန်းမပျိုများက အရက်နှင့် စားသောက်ဖွယ်ရာများကို မှာယူလိုက်ကြ၏။

မိန်းမပျိုများမှာ မည်သည့် သိုင်းဂိုဏ်းကမှန်း မသိကြရသေးပေ။

ဆိုင်အလုပ်သမားကလေးများက အရက်နှင့် စားသောက်ဖွယ်ရာများကို မိန်းမပျိုများအတွက် ယူဆောင်လာခဲ့ကြ၏။

မိန်းမပျိုများက သူတို့အချင်းချင်း တခစ်ခစ် ရယ်မောပြောဆိုရင်း အရက်နှင့်စားသောက်ဖွယ်ရာများကို စားသောက်လျက် ရှိနေကြ၏။

မိန်းမပျိုတစ်ယောက်က ပုံပြင်ဘိုးဘိုးကို တွေ့လိုက်ရလျှင် ဦးညွှတ်ပြလိုက်ပြီး....

'အို ပုံပြင်ဘိုးဘိုးပါလား၊ ဘယ်လေနဲ့တိုက်ပြီး ဒီနေရာကို ရောက်လာရတာလဲ'

ပုံပြင်ဘိုးဘိုးက တဟဲဟဲရယ်မောလိုက်ရင်း ...

'ငါလဲ မင်းတို့လိုပေါ့ကွာ၊ ဘယ်လေနဲ့မှ တိုက်လို့ရယ် မဟုတ်ပါဘူး၊ မင်းတို့သခင်မကြီး ဖေးပုန့် တစ်ယောက်ကော ကျန်းကျန်းမာမာ ရှိရဲ့လား၊ အခု သူ ပါမလာဘူးလား'

ထိုမိန်းမပျိုက တခစ်ခစ် ရယ်မောလိုက်ရင်း ...

'ပုံပြင်ဘိုးဘိုးပြောတာ နောက်ကျနေပြီ၊ သခင်မကြီးဖေးဖုန့်က ကျွန်မတို့ရွေ့ကနေ့ စောစောကပဲ နတ်သမီးတောင်ကို ရွှေ့ပြောင်းတပ်ဖွဲ့တွေနဲ့အတူ ထွက်သွားပြီ ရှင့်'

ပုံပြင်ဘိုးဘိုးက မျက်ခုံးနှစ်ဖက် မြှင့်လိုက်ရင်း....

'အမယ် မင်းတို့သခင်မကြီး ဖေးဖုန့်က ဘယ်လဲ ခြေသွက်နေပါလား၊ ဒါနဲ့ သခင်မကြီးဖေးဖုန့်ရဲ့ သားနဲ့သမီး မင်းတို့သခင်လေးနဲ့ သခင်မလေးတို့ရော'

မိန်းမပျိုက .

'သခင်လေး ဖေးလုံနဲ့ သခင်မလေး ဖေးလွမ်တို့လဲ သခင်မကြီး ဖေးဖုန့်နဲ့အတူ ခြင်းရယ်ဖားတွေနဲ့ ပါသွားကြပါပြီ'

အင်း အင်း

ပုံပြင်ဘိုးဘိုးက တအင်းအင်းနှင့် အသံပြုလိုက်ရင်း ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက်၏။

မိန်းမပျိုတစ်ယောက်က ပုံပြင်ဘိုးဘိုးအား....

'ပုံပြင်ဘိုးဘိုးကလဲ နေရာတကာမှာ တွေ့နေရတယ်၊ သိပ်ခြေရှုပ်နေပါလား'

'ဟဲ ဟဲ ဟဲ...ဒါကြောင့်လဲ ငါအသက်ရှည်နေတာပေါ့၊ နို့မို့ ဆိုရင် ငါသေတာကြာလှပြီ'

'ပုံပြင်ဘိုးဘိုးက ရန်သူရှိလို့လား၊ ဒီလောက် လှူချစ်လူခင်ပေါနေတာ'

'ရန်သူမရှိပေမယ့် သိုင်းလောကထဲမှာ ကျင်လည်ကျက်စားနေတဲ့သူ မှန်သမျှ သိုင်းလောက အရေးအခင်းတွေကို ဘယ်





မျက်ခြည်ပြတ်လို့ ရပါ့မလဲ၊ မျက်ခြည်ပြတ်တဲ့လူဟာ မျက်ကြောသေသွားလိမ့်မယ်'

ပုံပြင်ဘိုးဘိုးစကားကြောင့် မိန်းမပျိုများမှာ တခစ်ခစ် ရယ်မောလိုက်ကြ၏။

ပါးတွင် မှဲ့နှစ်လုံးတန်းနေသည့် မိန်းမပျိုက ပုံပြင်ဘိုးဘိုးအား—

'ပုံပြင်ဘိုးဘိုး ပြောပုံအရဆိုရင် သိုင်းလောကမှာ ဘယ်လိုရေးအခင်းများ ဖြစ်ပေါ်နေလို့ပါလဲ'

ပုံပြင်ဘိုးဘိုးက အရက်တစ်ခွက်ကို ကွပ်ခနဲ မော့သောက်လိုက်ရင်း....

'သိုင်းလောက အရေးအခင်းဆိုတာ အမြဲရှိနေတာပဲ၊ အခုဖြစ်ပေါ်နေတဲ့ သိုင်းလောက အရေးအခင်းကို ငါက ဖွင့်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ မင်းတို့လဲ သိနေကြမှာပဲ'

ထို့နောက် ပုံပြင်ဘိုးဘိုးနှင့် မိန်းမပျိုများ စကားပြတ်သွားကြရ၏။

စန်းချုံယွဲ့က ပုံပြင်ဘိုးဘိုးအား အရက်တစ်ခွက် ငှဲ့ပေးလိုက်ကာ လေသံတိုးတိုးဖြင့်....

'ဒီမိန်းကလေးတွေက ဘယ်ဂိုဏ်းကလဲ ဘိုးဘိုး'

'ဒီမိန်းကလေးတွေက ကြယ်နီဂိုဏ်းက မိန်းကလေးတွေပဲ၊ ကြယ်နီဂိုဏ်းချုပ်ကတော့ အမျိုးသမီးကြီးတစ်ယောက်ပဲ ဖေးဖုန့်လို့ခေါ်တယ်၊ သိုင်းပညာမှာတော့ ထိပ်တန်းအဆင့်ကို ကျော်လွန်နေပြီ၊ ဖေးဖုန့်မှာ သားတစ်ယောက် သမီးတစ်ယောက်ရှိတယ်၊ ဖေးလုံနဲ့ ဖေးလွမ်လို့ခေါ်တယ်၊ ဖေးလုံနဲ့ ဖေး

လွန်ခဲ့တဲ့ကာလ သူတို့မိခင်ဆီက သိုင်းပညာတွေကို အမွေဆက်ခံထားကြတာဆိုတော့ သူတို့ကလဲ သိုင်းပညာမှာ ထိပ်တန်းအဆင့်ကို ရောက်နေကြပြီ၊ ဖေးဖုန့်မှာ နောက်ဆုံးတံခါးပိတ် တပည့်မ တစ်ယောက်ရှိတယ်လို့တော့ ကြားဖူးတယ်၊ ဘယ်သူမှန်း မသိရဘူး၊ ဒီတပည့်မဟာ နောက်ဆုံးမှာ ဝိညာဉ်ကိုးဖော် သိုင်းကျမ်းကို ရသွားတယ်လို့ သိရတယ်'

စောစောက ပုံပြင်ဘိုးဘိုးနှင့် မိန်းမပျိုတို့ အပြန်အလှန်ပြောကြားခဲ့သော စကားများအရ ဤမိန်းမပျိုများမှာ ကြယ်နီဂိုဏ်းချုပ်ကြီး ဖေးဖုန့်၏ ဂိုဏ်းဝင်မိန်းမပျိုများ ဖြစ်နေသောကြောင့် ဆိုင်ထဲမှ သိုင်းသမားများမှာ မည်သူကမှ ရှိသဲ့သဲ့ မပြောဝံ့ကြတော့ပေ။

ကြယ်နီဂိုဏ်းချုပ် သခင်ကြီးဖေးဖုန့်မှာ စည်းကမ်း အလွန်ကြီးပြီး ရက်စက်ပြတ်သားသော အမျိုးသမီးကြီးတစ်ယောက် ဖြစ်ကြောင်းကို အားလုံးက ကြားဖူးသိရှိထားကြခြင်းကြောင့်ပင်ဖြစ်၏။

မကြာမီ မိန်းမပျိုများက အစားအသောက်အများကို စားသောက် ပြီးစီးသွားကြပြီး ပုံပြင်ဘိုးဘိုးအား နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်ခွာသွားကြတော့၏။

'တောက် တော်တော်ချောတဲ့ ကောင်မလေးတွေကွာ'

မိန်းမပျိုများ ထွက်ခွာပျောက်ကွယ်သွားတော့မှ အဝါရောင်ဝတ်စုံရှင် သိုင်းသမားတစ်ယောက်က အသံကျယ်ကျယ်နှင့် ပြောလိုက်၏။

ထိုသူမှာ အစတော်မှူးနေဟာန် တူပေသည်။





သူ့အဖော်ဖြစ်သူက ဟင့်ခနဲ နှာခေါင်းရှုံ့ကာ ပြက်ရယ်ပြုသော လေသံဖြင့်...

'သွားမလုပ်နဲ့မောင်ရေ၊ တကယ့်မြွေပွေးဟောက်မ ကလေးတွေကွ၊ သူကလှသလောက် အဆိပ်အလွန်ပြင်းတယ် မောင်ရေ'

'ဟား ဟား ဟား ဟာ'

'ဟား ဟား ဟား ဟား'

ထိုသူ၏စကားကြောင့် ကြားလိုက်သူများက တဟားဟား ရယ်မောမိလိုက်ကြ၏။

ယင်းအချိန်မှာပင် သိုင်းသမားတစ်ယောက်က ပုံပြင်ဘိုးဘိုးအား.....

'ပုံပြင်ဘိုးဘိုး ခင်ဗျား ကျုပ်တို့ကို သိုင်းလောကပုံပြင် တစ်ပုဒ်လောက် ချီးမြှင့်ပါလို့ ပန်ကြားအပ်ပါတယ် ခင်ဗျား'

'ဟေး ဟေး ဟေး'

'ဟုတ်တယ် ဟုတ်တယ်'

'ပုံပြင်ဘိုးဘိုး ပြောပါခင်ဗျား'

သိုင်းလောကသားများအားလုံးက တောင်းဆိုလိုက်ကြ၏။ ပုံပြင်ဘိုးဘိုးက မတ်တပ်ရပ်လိုက်ပြီး စားပွဲပေါ်တွင် အရက်အိုးများ၊ ဖန်ခွက်များကို ရှင်းလင်းလိုက်ကာ အကျအန တင်ပျဉ်ခွေထိုင်လိုက်၏။

ထို့နောက် သိုင်းလောကသားတစ်ယောက် လာပေးသည့် အရက်တစ်ခွက်ကို မော့သောက်လိုက်ပြီး....

'ကိုင်း မင်းတို့က ဒီလောက်နားထောင်ချင်နေမှတော့ ငါက ပြောပြရတော့မှာပေါ့'

'ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း'

အားလုံးက လက်ခုပ်သြဘာပေးလိုက်ကြ၏။ ပုံပြင်ဘိုးဘိုး ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ဟိုတစ်ချိန်တုန်းက နေဝန်းကျေးရွာဆိုတဲ့ ရွာကလေးတစ်ရွာမှာ မိသားစုတစ်စုရှိကြတယ်၊ ဒီမိသားစုဟာ နေဝန်းကျေးရွာကို ပြောင်းလာတာ မကြာသေးဘူး၊ သူတို့ဟာ ရွာထဲမှာ ဘယ်သူနဲ့မှလဲ ရောရောနှောနှောမနေဘူး၊ သီးသီးသန့်သန့်နေကြတယ်၊ ဒီမိသားစုမှာ လင်မယားနှစ်ယောက်ရယ် ခါးကုန်းလူ ယုံတော်ကြီးတစ်ယောက်ရယ်၊ လင်မယားနှစ်ယောက်ရဲ့ သားကလေးနှစ်ယောက် ရှိနေကြတယ်၊ သားကလေးနှစ်ယောက်ဟာ အမြွှာပူးညီအစ်ကိုတွေဖြစ်ပြီး ရုပ်ချင်းခွဲမရအောင်တူကြတယ်၊ ခါးကုန်းလူယုံတော်ကြီး၏ နာမည်က ကျောက်ရှန်လို့ခေါ်တယ်၊ လင်မယားနှစ်ယောက်ရဲ့ နာမည်ကတော့ မော်ကောက်နဲ့ ချင်းချင်းလို့ခေါ်တယ်၊ သားကလေးနှစ်ယောက်ရဲ့ နာမည်ကတော့ မော်ချင်းလုံနဲ့ မော်ချင်းယုန်လို့ခေါ်တယ်'

ပုံပြင်ဘိုးဘိုးက အရက်အိုးကြီးကို မော့သောက်လိုက်ပြန်၏....။

သိုင်းသလာကသားများက ပုံပြင်ဘိုးဘိုး၏ ပြောပြနေသော သိုင်းလောကပုံပြင်ကို စိတ်ဝင်တစား နားစွင့်နေမိကြ၏။

ဆိုင်တစ်ဆိုင်လုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေကြ၏။ စန်းချုံယဲ့မှာလည်း စိတ်ဝင်တစားစွာ နားထောင်နေမိကြ၏။





ပုံပြင်ဘိုးဘိုးက သူ့သိုင်းလောကပုံပြင်ကို ဆက်ပြောလိုက်ပြန်၏။

'ကိုင်း သိုင်းလောကပုံပြင်ကို ဆက်ပြောရမြှမှာပေါ့ကွာ၊ ဟို မော်ကောက်နဲ့ ချင်းချင်းဆိုတဲ့ လင်မယားရယ် ခါးကုန်းလူယုံတော်ကြီး ကျောက်ရှန်ရယ်၊ ကလေးနှစ်ယောက်ဖြစ်တဲ့ မော်ချင်းလုံနဲ့ မော်ချင်းယုန်တို့ရယ် ဒီမိသားစု ငါးယောက်ပေါ့ကွာ၊ ဒီမိသားစုရဲ့ နောက်ကြောင်းရာဇဝင်ကို ဘယ်သူမှ မသိကြဘူး၊ သူတို့ပြောင်းလာတာကတော့ တောင်ပိုင်းကလို့ သိရတယ်၊ သူတို့ဟာ အနေအထိုင် ကျစ်လျစ်သိပ်သည်းတယ်၊ လျှို့ဝှက်ကြတယ်၊ ဈေးသွားဈေးဝယ်ကတော့ ခါးကုန်းလူယုံတော်ကြီး ကျောက်ရှန်ကပဲလုပ်တယ်'

'ဒီကလေးနှစ်ယောက်ဟာ ရွာထဲက ကလေးတွေနဲ့လဲ ရောရောနှောနှောမနေဘူး၊ တစ်ညမှာ သူတို့မိသားစုကို ရန်သူတွေ ဆလာပြီး တိုက်ခိုက်သုတ်သင်ကြတယ်၊ တစ်ချိန်က ရန်ညိုးရန်စတွေ ရှိမှာပေါ့ကွာ၊ တစ်ညလုံး တိုက်ခိုက်သံတွေ ဆူညံနေတယ်၊ ရွာထဲကလူတွေကလဲလာပြီး၊ မကူညီရဲကြဘူး၊ မနက်ကျတော့ အိမ်ထဲမှာရောအိမ်ပြင်မှာရော အလောင်းတွေပြန့်ကျဲနေတယ်၊ လင်မယားနှစ်ယောက်ဖြစ်တဲ့ မော်ကောက်နဲ့ ချင်းချင်းတို့လဲ အလောင်းတွေကိုလဲ ဒီအလောင်းတွေကြားမှ ရှာဖွေတွေ့ရှိရတယ်၊ တခြားအလောင်းတွေကတော့ သူတို့နဲ့တိုက်ခိုက်ရင်း သေဆုံးခဲ့ကြရတဲ့ လူဆိုးတွေရဲ့ အလောင်းတွေပဲ'

'ထူးဆန်းတာက ကလေးနှစ်ယောက်နဲ့ ခါးကုန်းလူယုံတော်ကြီး ကျောက်ရှန်တို့ဟာ ပျောက်ချင်းမလှပျောက်ဆုံး

နေရတင်ပဲ၊ ရွာသူရွာသားတွေကပဲ မော်ကောက်နဲ့ ချင်းချင်းတို့လင်မယားနှစ်ယောက်ရဲ့ အကလောင်းနဲ့အတူ ကျန်အလောင်းတွေကိုပါ သင်္ဂြိုဟ်ကြရတယ်၊ အဲ့ဒီအချိန်ကစပြီး ဒီအိမ်မှာနေမယ့် လူ မရှိတော့ဘူး၊ သရဲခြောက်တယ်ဆိုပြီး ခြံနားကို ဘယ်သူမှမကပ်ရဲကြတော့ဘူး'

'ဒါပေမယ့် ညဘက်ဆိုရင်လဲ အဲ့ဒီအိမ်ကလေးထဲမှာ မီးရောင်ကလေး လင်းလက်နေတာကို တွေ့ရတယ်၊ ဘယ်သူမှလဲ သွားမကြည့်ဝံ့ကြဘူး၊ခြံစည်းထဲမှာသိုင်းလေ့ကျင့်နေတဲ့ လူရိပ်သဏ္ဌာန်နှစ်ခုကို ညဘက်တွေမှာ တွေ့ရတတ်တယ်၊ လူရိပ်တစ်ရိပ်က ခါးကုန်းကြီးဖြစ်ပြီး တစ်ယောက်ကတော့ လူငယ်လေးတစ်ယောက်ရဲ့အသွင်မျိုး ဖြစ်တယ်'

'နှစ်တွေကြာလာတာနဲ့အမျှ ဒီအကြောင်းကို လူတွေ မေ့လာတယ်၊ ဆယ်နှစ် ဆယ့်ငါးနှစ်လောက် ကြာသွားတယ်၊ မော်ကောက်နဲ့ချင်းချင်းတို့ရဲ့ အိမ်ကလေးကလဲ ဒီအတိုင်းပဲ ခြံတစ်ခြံလုံး သစ်ပင်ချုံနွယ်တွေ ရှုပ်ခတ်ပြီး အထဲကအိမ်ကို တောင် မမြင်ရတော့ဘူး၊ ညဘက်ဆိုရင် အိမ်ထဲက မီးရောင်ကလေးကိုတော့ ညတိုင်းမြင်ကြရတုန်းပဲ၊ အိမ်ထဲကလူကိုတော့ မမြင်ကြရဘူး'

ဒါပေမယ့် ရွာထဲမှာ ညဘက်လူခြေတိတ်ပြီဆိုရင် လူရွယ်တစ်ယောက် ဖြတ်သွားဖြတ်လာ လုပ်နေတတ်တာကို အားလုံးက သတိပြုမိကြတယ်၊ ဒီလူငယ်မှာ မော်ကောက်နဲ့ ချင်းချင်းတို့ရဲ့သားကလေးနှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ ရုပ်ချင်းသိပ်တူနေတယ်၊ ဘယ်သူမှန်းတော့ မသိရဘူး၊ သူဟာ





မော်ချင်းလုံလား၊ မော်ချင်းယုန်လားဆိုတာ ဘယ်သူမှ အတပ်မပြောနိုင်ဘူး၊ သူဟာ အရိပ်တစ်ခုလို သွားလာလှုပ်ရှားတတ်တဲ့အတွက် ဘယ်သူနဲ့မှလဲ ဆုံတွေ့လေ့မရှိဘူး၊ မော်ချင်းလုံနဲ့ မော်ချင်းယုန်တို့ဟာ ငယ်ငယ်လေးကတည်းက အမြွှာညီအစ်ကိုပီပီ ရုပ်ချင်းခွဲမရအောင် တူနေကြတဲ့အတွက် အခုလို ညဘက်သွားနေတဲ့ ညလူရွယ်ဟာ ဘယ်သူဘယ်ဝါဆိုတာ ခွဲမရကြဘူး'

ပုံပြင်ဘိုးဘိုးက စကားကိုခဏရပ်ပြီး အရက်အိုးကို မော့သောက်လိုက်ပြန်၏။

အားလုံးက စိတ်ဝင်စားစွာ နားထောင်နေမိကြ၏။ စန်းချုံယွဲ့မှာလည်း နားစွင့်နေမိ၏။

ဆိုင်ရှင်နှင့် စားပွဲထိုးများမှာလည်း တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေမိကြ၏။

ဆိုင်ထဲတွင် လူလည်း ထပ်တိုးမလာသလို လျော့လည်း မသွားပါချေ။

အပြင်ဘက်တွင် အမှောင်ထုက ဖုံးလွှမ်းနေပြီး နှင်းများက အဆက်မပြတ် ကျဆင်းလျက်ရှိနေ၏။

'အဟမ်း

ပုံပြင်ဘိုးဘိုးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'တကယ်တော့ ခြံဝင်းထဲက အိမ်ကလေးထဲမှာ ရှိနေတဲ့ လူနှစ်ယောက်ကတော့ ခါးကုန်းလူယုတ်တော်ကြီး ကျောက်ရှန်းနဲ့ အမြွှာညီအစ်ကိုနှစ်ယောက်ထဲက အကြီးဖြစ်တဲ့ မော်ချင်းလုံတို့ပဲ ဖြစ်တယ်၊ ရန်သူတွေလာတိုက်တုန်းက လူယုတ်

ခေါ်ကြီး ကျောက်ရှန်းက ကလေးနှစ်ယောက်ထဲက တစ်ယောက်ကို အမိအရကယ်တင်သွားလိုက်နိုင်တယ်၊ ကလေး အငယ်ဖြစ်တဲ့ မော်ချင်းယုန်ဟာ ဘယ်ရောက်သွားမှန်း မသိဘူး၊ ရန်သူတွေလက်ထဲပဲ ပါသွားသလား၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကပဲ ကြားကနေဖြတ်ပြီး လုယူသွားသလား ဆိုတာ ဘယ်သူမှ မပြောတတ်ကြဘူး'

'ခါးကုန်းလူယု' တော်ကြီး ကျောက်ရှန်းဟာ သူ ကယ်တင် ထားခဲ့တဲ့ မော်ချင်းလုံကို ငယ်ငယ်ကလေးကတည်းက သိုင်း ပညာတွေ သင်ကြားပေးခဲ့တယ်၊ မော်ချင်းလုံဟာ ခံပြင်း နာ ကြည်းချက်အပြည့်အဝနဲ့ဆိုတော့ သိုင်းပညာကို ကြိုးစားသင် ယူခဲ့တယ်၊ မော်ချင်းလုံဟာ သူ့ရဲ့အမြွှာညီငယ်ဖြစ်တဲ့ မော် ချင်းယုန်ကို တစ်ခါမှမမေ့ခဲ့ဘူး၊ သူ့ညီကလေး သေသလား ရှင်သလားဆိုတာလဲ မသိရဘူး'

'ခါးကုန်းလူယု' ခေါ်ကြီးကျောက်ရှန်းက တစ်ခါတလေ သိုင်းလောကကို ထွက်ခွာသွားတတ်တယ်၊ သူပြန်လာရင် မော်ချင်းလုံကို သူ တွေ့ရ ကြားရတဲ့ သိုင်းလောကသတင်း တွေကို ပြန်ပြောပြတတ်တယ်၊ မော်ချင်းလုံဟာ အသက် ဆယ့်ရှစ်နှစ်ပြည့်တဲ့အချိန်မှာ သိုင်းပညာမှာလဲ အတော်အသင့် ပြည့်စုံနေတဲ့အဆင့်မှာ ရောက်ရှိလာတယ်၊ ခါးကုန်း လူယု တော်ကြီး ကျောက်ရှန်းဟာ ပျောက်ဆုံးနေတဲ့ မော်ချင်းယုန် ရဲ့သတင်းကို စုံစမ်းရင်း သိုင်းလောကမှာ နှံ့စပ်တဲ့ သိုင်း ပညာရှင်ကြီးတစ်ယောက်နဲ့ ဆုံမိတယ်'





'သိုင်းပညာရှင်ကြီးကို မေးကြည့်တော့ သိုင်းညာရှင်ကြီးက ဒီမော်ချင်းယုန်ကိုတော့ မသိဘူး၊ ဟိုး လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ် ကျော်လောက်က ဝူမိန်ဂိုဏ်းချုပ် ရသေ့ကြီး အူဖိန်းဟာ အသက်ငါးနှစ်ကျော် အရွယ်သာရှိသေးတဲ့ ယောကျ်ားလေး တစ်ယောက် ခေါ်ဆောင်လာတယ်၊ ဒီကလေးရဲ့နာမည်ကို ဂိုဏ်းချုပ်ရသေ့ကြီးအူဖိန်းက ထန်ကျိယန်လို့ အမည်ပေး ထားတယ်၊ ဒီကလေးရဲ့မျက်နှာဟာ အခုမော်ချင်းလုံရဲ့ မျက် နှာနဲ့ တစ်ထေရာတည်းပဲဖြစ်တယ်'

'ဒါပေမယ့် ဝူမိန်ဂိုဏ်းချုပ်ရသေ့ကြီး အူဖိန်းဟာ ထန် ကျိယန်ကို ဘုရင်မင်းမြတ်ရဲ့ လက်အောက်မှာ အမှုထမ်းဖို့ ပို့ ဆောင်ထားလိုက်တယ်၊ ထန်ကျိယန်ကို ဘုရင်မင်းမြတ်က အလွန်သဘောကျပြီး ကိုယ်ရံတော် သက်တော်စောင့် ဓား သမားအဖြစ် တာဝန်ပေးထားတယ်လို့ သိရတယ်'

'ခါးကုန်းကြီးကျောက်ရှန်းဟာ ဒီအကြောင်းတွေသိရတာ နဲ့ မော်ချင်းလုံဆီ အမြန်ပြန်လာပြီး ပြောပြလိုက်တယ်၊ မော် ချင်းလုံဟာ ဘာပဲဖြစ်ဖြစ် သတင်းအစအနရတာမို့ အင်မတန် ဝမ်းသာအားရဖြစ်သွားမိရတယ်၊ မော်ချင်းလုံနဲ့ခါးကုန်းကြီး ကျောက်ရှန်းတို့ဟာ သတင်းကြားတာနဲ့ နေပြည်တော်ကို လိုက်သွားကြတယ်'

'သူတို့ဟာ နန်းတော်ထဲကို တိတ်တဆိတ်ဝင်သွားကြတယ်၊ ထန်ကျိယန်ဆိုတဲ့ ဝူမိန်ဂိုဏ်းကဓားသမား ဘယ်မှာရှိနေတယ် ဆိုတာ စုံစမ်းပြီး သွားကြည့်ကြတယ်၊ ထန်ကျိယန်ရဲ့အဆောင် ရောက်တော့ အဆောင်ထဲမှာ ဝူမိန်ဂိုဏ်းက ရသေ့တွေနဲ့ ဝူမိန်

ဂိုဏ်းချုပ်ကြီး အူဖိန်းပ ါရောက်နေတာကို တွေ့လိုက်ရဲ့တယ်၊
တကယ်တော့ ဘုရင်မင်းမြတ်က ထန်ကျိယန်ကို မွေးစားသား
အဖြစ်နဲ့ သဘောထားပြီး အရမ်းကို ချမြှောက်စားထားနေတာ
ကိုး၊ ဒါကြောင့် ထန်ကျိယန်ဟာ အရမ်းကို မိုးမမြင် လေ
မမြင် ဖြစ်ပြီး ဘဝင်တွေ မြင့်နေတယ်'

'ထန်ကျိယန်ဟာ မော်ချင်းလုံနဲ့ ရှုပ်ချင်း ချွတ်စွပ်တူနေ
တယ်၊ ထန်ကျိယန်ရဲ့အဆောင်ထဲမှာ ဂူမိန်ဂိုဏ်းအပြင် သိုင်း
လောကမှာ အင်မတန်အင်အားကြီးမားတဲ့ အနက်ရောင်သိုင်း
ဂိုဏ်းကြီး တစ်ဂိုဏ်းက ထိပ်သီးပုဂ္ဂိုလ်ကြီးတွေပ ါ ရောက်နေ
တယ်၊ အနက်ရောင် သိုင်းဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီးကို တွေ့
လိုက်ရတော့ ခါးကုန်းကြီး ကျောက်ရှန်းဟာ အခြေအနေကို
ရိပ်စားမိပြီး ထောင်းခနဲ ဒေါသ ထွက်သွားရတယ်၊ သူတို့
ပြောဆို ဆွေးနွေး နေကြတာကို နှစ်ယောက်သား ခြံထဲမှာ
ဝပ်ပြီး နားထောင်နေခဲ့ကြတယ်'

သူတို့ရဲ့အကြံအစည်ကတော့ သိုင်းလောကမှာရှိ[illegible]တဲ့ ထိပ်
တန်း သိုင်းပညာရှင်ကြီးတွေကို သူတို့ဖက်ပါအောင် စည်းရုံး
သိမ်းသွင်းမယ်၊ စည်းရုံးသိမ်းသွင်းတာကို လက်မခံရင် အပြတ်
ရှင်း သုတ်သင်ပစ်မယ်၊ သိုင်း ဂိုဏ်းကြီးတွေကို သူတို့ လက်
အောက်ကို ခေါ်ယူမယ်၊ နောက်ဆုံး သူတို့က သိုင်းလောက
တစ်ခုလုံးကို လက်ဝ ါးကြီးအုပ် စိုးမိုး ချယ်လှယ်ဖို့ ကြံစည်ကြ
တာပဲ'

'ထန်ကျိယန်ဟာ ပျောက်ဆုံးနေတဲ့ အမြွာ ညီငယ်ဖြစ်တဲ့
မော်ချင်းယုန်ဆိုတာ ခါးကုန်းလူယုံတော်ကြီး ကျောက်ရှန်းက





ချက်ချင်း ရိပ်စားမိလိုက်တယ်၊ မော်ချင်းယုန်ရဲ့မျက်ခုံးနှစ်ဖက်
ကြားမှာ မှဲ့တစ်လုံးရှိတယ်၊ နောက်ပြီး ညာဖက်မျက်ခုံးအထက်
နားမှာ ငယ်ငယ်ကလိမ့်ကျပြီး အမာရွတ်တစ်ခု ရှိတယ်၊ အခု
ထန်ကျိယန်မှာလဲ ဒီအတိုင်းပဲ ရှိနေတယ်၊ ဒါကြောင့် ထန်
ကျိယန်က အမြွာညီအစ်ကိုထဲက အငယ် မော်ချင်းယုန်ဆိုတာ
ကို မော်ချင်းလုံနဲ့ ခါးကုန်းကြီးကျောက်ရှန်းတို့က ယုံကြည်
ယူဆလိုက်ကြတယ်'

ပုံပြင်ဘိုးဘိုးက ခဏနားလိုက်သည်။ စန်းချုံယဲ့က အရက်
တစ်အိုး ပစ်ပေးလိုက်၏။

'ဝှစ်'

ပုံပြင်ဘိုးဘိုးက အရက်အိုးကိုဖမ်းယူကာ တကွပ်ကွပ် မော့
သောက်လိုက်ပြီး ခဏအမောဖြေလိုက်၏။

အားလုံးကစိတ်ဝင်စားစွာ နားထောင်နေကြသလို စန်းချုံ
ယဲ့ကသည်း စိတ်ဝင်စားစွာ နားထောင်လျက်ရှိနေ၏။

အပြင်ဖက်တွင် အမှောင်ထုအပိုမိုနက်ရှိုင်းလာပြီး နှင်းများ
အ ပိုမိုသိပ်သည်းစွာ ကျဆင်းလာနေ၏၊

ဆိုင်ရှင်နှင့် အလုပ်သမားများက မီးအိမ်ကြီးများမီးစာ
များကို မြှင့်ပေးလိုက်ကြ၏။

အတန်ကြာမှ ပုံပြင်ဘိုးဘိုးက သိုင်းလောကပုံပြင်ကို ဆက်
လက် ပြောပြလိုက်ပြန်၏။

'ထန်ကျိယန်ဟာ တကယ်တော့ မော်ချင်းလုံရဲ့ ပျောက်
ဆုံးခနတဲ့ ညီငယ် မော်ချင်းယုန်ပဲ ပေါ့၊ မော်ကောက်နဲ့ ချင်း
ချင်းတို့ အသဘ်ခံရတဲ့ညက အလေးနှစ်ယောက်စလုံး ပျောက်

သွားခဲ့တယ် မဟုတ်လား၊ ကလေးတစ်ယောက်ဟာ ခါးကုန်း ကြီး ကျောက်ရှန်းလက်ထဲ ပါသွားပြီး ကလေးတစ်ယောက်က လာသတ်တဲ့ ရန်သူဂိုဏ်းချုပ်ရဲ့လက်ထဲကိုပါသွားခဲ့တယ်၊ရန်သူ ဂိုဏ်းချုပ်နဲ့အတူ ဝူမိန့်ဂိုဏ်းချုပ်ကြီးအူဖိန်းပါ အဲဒီညက ပါ တယ်၊ အမှန်တော့ ဒီကိစ္စတွေ ရန်ငြိုး ရန်စတွေကို ဝူမိန့် ဂိုဏ်းချုပ်ကြီးက ဘာမှမသိခဲ့ဘူး၊ ရန်သူ အနက်ရောင်သို ဂိုဏ်းချုပ်ကြီးပဲသိတယ်၊ ဒီဂိုဏ်းရဲ့ နာမည်ကို လင်းယုန်ဂိုဏ်း လို့ပဲ ခေါ်ကြပါစို့ကွာ၊ လင်းယုန် ဂိုဏ်းချုပ်ကြီးနဲ့ မော် ကောက်တို့လင်မယားဟာ တစ်ချိန်က မပြေတဲ့ရန်ကြွေးရန်ငြိုး တွေ ရှိခဲ့ကြတယ်'

'ဒါကြောင့်လဲ လင်းယုန်ဂိုဏ်းချုပ်ကြီးဟာ သူကိုယ်တိုင် ဦးစီးပြီး မော်ကောက်တို့ လင်မယားနဲ့ ကလေးနှစ်ယောက်ကို အပြတ်ရှင်းဖို့ ရောက်လာကြတာပဲ၊ မော်ကောက်နဲ့ချင်းချင်းတို့ တိုက်ခိုက်တဲ့ နေရာမှာ သူ့ဖက်ကလဲ အတော်များများ ကျဆုံး ခဲ့ရတယ်၊ ကလေးနှစ်ယောက်မှာ တစ်ယောက်ပဲ သူ ရလိုက် တယ်၊ အဲဒီရလိုက်တဲ့ကလေးကိုသတ်မယ်အလုပ်မှာ သူနဲ့ အတူ ပါလာတဲ့ ဝူမိန့် ဂိုဏ်းချုပ်ကြီးအူဖိန်းက ကလေးကို မသတ်ဖို့ ပြောပြီး ခေါ် သွားတယ်'

'လင်းယုန်ဂိုဏ်းချုပ်ကြီးဟာ ကလေးကြီးပြင်းအရွယ်ရောက် လာတော့ အသုံးချဖို့ ဝူမိန့်ဂိုဏ်းချုပ် ရဲသေ့ကြီးအူဖိန်းနဲ့ တိုင် ပင်ထားတာပဲ၊ အခုလဲပဲ မော်ချင်းယုန်ကို ထန်ကျံယန်လို့ နာမည်ပြောင်းပြီး သိုင်းလောကကို အပိုင်ချုပ်ကိုင်ဖို့ ကြိုးစား နေတာပဲ၊မော်ချင်းယုန်ဟာ သူ့မိဘတွေကိုသတ်ခဲ့တဲ့လင်းယု





ဂိုဏ်းချုပ်ကြီးကို ရန်သူတော်ကြီးလို့ မထင်မှတ်ဘဲ သူ့ဦးရီး တော်လို့ အောက်မေ့နေတယ်'

'ဒီအကြောင်းတွေကို ခါးကုန်းကြီးကျောက်ရှန်းက ထန် ကျံယန်နဲ့ မတွေ့တွေ့အောင် ကြိုးစားပြီး ရှင်းပြလိုက်တယ်၊ ထန်ကျံယန်ဟာ အဲဒီတော့မှ သူဟာ မော်ချင်းယုန်ဖြစ်တယ်၊ သူ့မှာ အမြွှာအစ်ကို မော်ချင်းလုံ ရှိနေတယ်ဆိုတာ သိလိုက် တယ်၊ ခါးကုန်းကြီးကျောက်ရှန်းက မော်ချင်းလုံနဲ့ မော်ချင်း ယုန်တို့ကို တိတ်တဆိတ် တွေ့ဆုံပေးလိုက်တယ်၊ ညီအစ်ကို နှစ် ယောက်ဟာ ပြန်ဆုံရလို့ တအားကိုဝမ်းသာပျော်ရွှင်သွားကြ တာပေါ့'

ကို တခမ်း

'သူတို့ မိဘတွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူဟာ ငွေ လင်းယုန်ဂိုဏ်းချုပ်ကြီး ဖြစ်နေတယ် ဆိုတာကို သိလိုက်ပြီ တယ်၊ မော်ချင်းလုံက မော်ချင်းယုန် ဟန်ဆောင်ပြီး လင်းယုန်နေစေဖို့ ဂိုဏ်းချုပ်ကြီးဆီကို သွားတယ်၊ သူတို့နှစ်ယောက်က အမြွှာ မော်ချင်း အစ်ကိုတွေဆိုတော့ ဘယ်လိုမှ ခွဲလို့မရဘူး

ာအရာတွေ

'လင်းယုန် ဂိုဏ်းချုပ်ကြီးက မော်ချင်းလုံကို မော်ချင်းယုန် ရပြီး ထင်မှတ်ပြီး အတွင်းဆောင်မှာ လက်ခံတွေ့ဆုံတယ်၊ မော်ချင်း တစ် ယုန်က လင်းယုန်ဂိုဏ်းချုပ်ကို သူဟာ မော်ချင်းလုံ မဟုတ်တဲ့ ာင် အကြောင်းကို ပြောပြပြီး မိဘနှစ်ပါးအတွက် သွေးကြွေးဆပ် မယ့်အကြောင်းတွေ ပြောပြလိုက်တယ်'

'လင်းယုန်ဂိုဏ်းချုပ်ကြီးဟာ ငယ်ထိပ်ပြွေပေါက်သလို ဖြစ် ပြီး အပြင်ဖက်ကို အချက်တွေပေး၊ သူကိုယ်တိုင်ကလဲ မော်ချင်း လုံကို တိုက်ခိုက်တယ်၊အပြင်ဖက်မှာအ မော်ချင်းယုန်၊ခါးကုန်း

ကြီး ကျောက်ရှန်းနဲ့အတူ ဘုရင့်သိုင်းသမားတွေ ရောက်နေကြ
ပြီ၊ လင်းယုန်ဂိုဏ်းသား အားလုံး အဖြူရောင် သိုင်းသမား
တွေ လက်ချက်ကြောင့် ကျဆုံးကုန်ကြရပြီ၊ အထဲမှာတော့
မော်ချင်းလုံနဲ့ လင်းယုန်ဂိုဏ်းချုပ်ကြီးဟာ ဓားချင်း ယှဉ်နေ
ကြပြီ'

'အထဲမှာ ဓားသံတွေဟာ ပွက်လောရိုက်နေတယ်၊ တံခါး
ကြီးကလဲ သံမဏိတံခါးကြီးဆိုတော့ အပြင်ဖက်ကနေ ဘယ်လို
မှ ဖွင့်လို့ မရကြဘူး၊ အထဲမှာ အစ်ကိုကြီး မော်ချင်းလုံ
လင်းယုန် ဂိုဏ်းချုပ်ကြီးတို့ နှစ်ယောက်ရဲ့ တိုက်ခိုက်သံတွေ
တွေ ကြားနေရတယ်၊ မကြာခင်မှာပဲ အထဲက အော်ညည်းသံကြီး
ချက်ကြားလိုက်ရပြီး သံမဏိတံခါးကြီးလဲ တဖြည်းဖြည်း
ဦးစီသွားတယ်'

'သံမဏိတံခါးကြီး ပွင့်သွားတော့ အထဲမှာ လင်းယုန်
ဂိုဏ်းချုပ်ကြီးရော အစ်ကို မော်ချင်းလုံပါ သွေးအိုင်ထဲမှာ လဲ
တာကို တွေ့ရတယ်၊ ညီငယ် မော်ချင်းယုန်က အစ်ကိုကြီး
မော်ချင်းလုံကို ပြေးပွေ့ ကြည့်လိုက်တယ်၊ မော်ချင်းလုံဟာ
အသက်ငွေ့ ငွေ့ ပဲ ရှိတော့တယ်၊ လင်းယုန် ဂိုဏ်းချုပ်ကြီးက
တော့ မော်ချင်းလုံလက်ချက်နဲ့ သွေးအိုင်ထဲမှာ အသက်ပျောက်
နေပြီ၊ မော်ချင်းလုံကလဲ လင်းယုန်ဂိုဏ်းချုပ်ကြီးရဲ့ ဓားချက်
ကြောင့် ဒဏ်ရာပြင်းပြင်းထန်ထန် ရထားတယ်'

လူယုံတော် ခါးကုန်းကြီး ကျောက်ရှန်းက မော်ချင်းလုံ
ကို ပွေ့ယူပြီး ဝမ်းနည်းပူဆွေးနေမိတယ်၊ သူ့က မော်ချင်းလုံ





ကို ငယ်ငယ်လေးကတည်းက ကျွေးမွေး စောင့်ရှောက် ပြုစုလာ
ခဲ့ရသူ မဟုတ်လား၊ မော်ချင်းလုံဟာ သူ့ညီကလေး မော်ချင်း
ယုန် လက်ကို လှမ်းပြီး ဆုပ်ကိုင်လိုက်တယ်၊ ညီလေး လိမ်လိမ်
မာမာ နေပါ၊ သိုင်းလောကအကျိုး အများအကျိုး ဆောင်
ရွက်ပါ၊ ဘဘ ကျောက်ရှန်းစကား နားထောင်ပါ၊ ငါတို့ ငယ်
ငယ်တုန်းက နေခဲ့တဲ့ အိမ်ကလေးမှာ ညတိုင်း ဖေဖေနဲ့ မေမေ
တို့ကို ရည်စူးပြီး မီးထွန်းပေးပါလို့ ပြောပြီး သူ့ညီလေးလက်
ပေါ်မှာပဲ အသက်ပျောက်သွားတယ်'

'မော်ချင်းယုန်ဟာ မော်ချင်းလုံရဲ့ အလောင်းကို တခမ်း
တနား သင်္ဂြိုဟ်ပေးလိုက်တယ်၊ မော်ချင်းလုံရဲ့ အရိုးအိုးကို ငွေ
ချယ်ရီ တောင်ကုန်းပေါ်မှာ ဂူသွင်း မြှုပ်နှံပေးလိုက်တယ်၊
နေဝန်းကျေးရွာက အိမ်ကလေးမှာ ညတိုင်း မီးလင်းနေစေဖို့
ခါးကုန်းကြီး ကျောက်ရှန်းက တာဝန်ယူလိုက်တယ်၊ မော်ချင်း
ယုန်ဟာ အလျင်တုန်းကလို ဆောင့်ကြွားကြွား အမူအရာတွေ
ပျောက်ကွယ်သွားတယ်၊ သူဟာ နောင်တတရားတွေ ရပြီး
သစ္စာ၊ သမာဓိ၊ သတ္တိနဲ့ ပြည့်စုံတဲ့ သိုင်းသမားကောင်း တစ်
ယောက် ဖြစ်လာတယ်၊ သိုင်းလောက တစ်ခုလုံးဟာလဲ နောင်
တစ်ချိန်မှာ မော်ချင်းယုန် ခေါင်းဆောင်တဲ့ အဖြူရောင်သိုင်း
လောကသားတွေရဲ့ စုပေါင်း ဆောင်ရွက်မှုကြောင့် အေးချမ်း
သာယာသွားခဲ့တယ်၊ သူတို့ နေခဲ့တဲ့ အိမ်ကလေးဟာ ညဖက်
ဆိုရင် မီးရောင်ကလေး လင်းလက်နေတာ နှစ်ပေါင်း မြောက်
မြားစွာ ကြာမြင့်တဲ့တိုင် ရှိနေဆဲပါပဲတဲ့'

ပုံပြင်ဘိုးဘိုးက သူ့သိုင်းလောကက ပုံပြင်ကို အဆုံးသတ်လိုက်ပြီး မောပန်းသွားဟန်ဖြင့် စားပွဲပေါ်တွင် ပက်လက်ကြီးလှန်နေလိုက်၏။

ပုံပြင်ဘိုးဘိုးမှာ ရေချိန်ကိုက်သွားဟန် တူပေ၏။ သိုင်းလောကသားများမှာ သူပြောသွားခဲ့သော ပုံပြင်နှင့်ပတ်သက်ပြီး တစ်ယောက်တစ်ပေါက် ဝေဖန်ပြောကြားလျက် ရှိနေကြ၏။

စန်းချုံယဲ့က သူနှင့် အနီးကပ်ဆုံးရှိနေသည့် ပုံပြင်ဘိုးဘိုးအား....

'ပုံပြင်ဘိုးဘိုး'

'ဟော ဘာလဲကွ၊ မင်းက ဘာများ အမေးအမြန်း ထူဦးမလို့လဲ'

စန်းချုံယဲ့က အရက်တစ်ခွက် မော့သောက်လိုက်ကာ...

'ဒါ တကယ့် အဖြစ်အပျက်လား၊ ပုံပြင် ဒဏ္ဍာရီလား'

'ဟာ ဒါတော့ ငါ ဘယ်ပြောတတ်ပါ့မလဲကွ၊ ဒီကိစ္စက ငါ တစ်ယောက်တည်းပဲ သိတာ၊ ဟုတ်မဟုတ်ဆိုတာ ကိုယ့်ဘာသာ ကိုယ် ဝေဖန်ချင့်ချိန် စဉ်းစားပေါ့၊ ငါ့နှဲမည်ကဘယ်လိုလဲ'

'ပုံပြင်ဘိုးဘိုးရေ'

'ဟား ဟား ဟား ပုံပြင်ဘိုးဘိုးဆိုတာ ပုံပြင်တွေပဲ ပြောတာပေါ့ကွာ၊ ဒီအဖြစ်အပျက်ကလဲ ပုံပြင်တစ်ခုလိုပဲ သဘောထားလိုက်ပေါ့၊ မဟုတ်ဘူးလား၊ ဟား ဟား ဟား'

ပုံပြင်ဘိုးဘိုးက တဟားဟား ရယ်မောပြောကြားလိုက်၏။

စန်းချုံယဲ့က တစ်ချက် စဉ်းစားလိုက်ပြီး....





'ဝူမိန်ဂိုဏ်းချုပ်ရှေ့တော့ကြီး အူဖိန်းက ဗိဇာတ်လမ်းမှာ ပျောက်နေတယ်၊ သူက ဘယ်လိုဖြစ်သွားသလဲ'

ပုံပြင်ဘိုးဘိုးက စားပွဲပေါ်တွင် ပက်လက်လှန်အိပ်နေရာမှ ဆတ်ခနဲ ထလိုက်ရင်း စန်းချုံယဲ့ကို မျက်မှောင်ကြုတ်ကြည့်လိုက်ကာ....

'ဟေး မင်းက ဘယ်အမေးအမြန်း ထူတာပဲ၊ ငါသွားတော့မယ်၊ မင်းအနားမှာ ငါ ကြာရှည်ဆက်နေရင် အသက်ရှည်ရှည် နေရတော့မှာ မဟုတ်ဘူး'

ပုံပြင်ဘိုးဘိုးက စကားဆုံးသည်နှင့် စားပွဲပေါ်မှ လှမ်းဆင်းကာ အရက်အိုးနှစ်အိုးကို တစ်ဘက်တစ်အိုးစီဆွဲပြီး ဆိုင်ထဲမှ ထွက်ခွာသွားတော့၏။

စန်းချုံယဲ့ကမူ အရက်ကို အေးဆေးစွာသောက်ရင်း ကျန်နေခဲ့၏။

သိုင်းလောကသားများကမူ အရက် ဆက်လက်သောက်ရင်း ပုံပြင်ကို ဝေဖန်ပြောဆိုလျက် ရှိနေကြ၏။

ကျားသစ်ရေအကျီ ဝတ်ဆင်ထားသည့် သိုင်းလောကသားတစ်ယောက်က အသံကျယ်ကျယ်ဖြင့်....

'ဒီအဘိုးကြီးပြောတဲ့ ပုံပြင်တွေဟာ တကယ့်ဖြစ်ရပ်တွေနဲ့ အင်မတန်မှ နီးစပ်တယ်၊ ပဟေဠိ ဖြစ်စရာတွေ အများကြီးရှိနေတယ်'

အစိမ်းရောင်ဝတ်စုံနှင့် သိုင်းသမားတစ်ယောက်က ထောက်ခံပြောလိုက်ရင်း....

'ဟုတ်တယ်၊ ဇီပုံပြင်ဘိုးဘိုးက နောက်တစ်ခါဆိုရင် မဟူရာသိုင်းနတ်သမီးအကြောင်းများ ပြောမလားမသိဘူး'

'ဟား ဟား ဟား'

'ဟား ဟား ဟား'

ထိုလူ၏ စကားကြောင့် အားလုံးမှာ ရယ်မောမိလိုက်ကြ၏။



(၃၆)

ဖြူဖွေးသော နှင်းပွင့် နှင်းလွှာများက အဆက်မပြတ် ကျဆင်းလျက်ရှိနေ၏။

အေးစိမ့်သော လေက တဟူးဟူး တိုက်ခတ်နေသဖြင့် နှင်းမှုန်များမှာ လေထဲတွင် လွင့်မျောလျက် ရှိနေကြ၏။

နှင်းမှုန်များကြားတွင် လူတစ်ယောက်က ဒယီးဒယိုင်နှင့် လျှောက်လှမ်းလာ၏။

ထိုသူက လက်နှစ်ဖက်တွင် အရက်တစ်အိုးစီ ဆွဲထားလေသည်။

ထိုသူသည်ကား သောက်မဝအရက်ဆိုင်မှ ထွက်လာခဲ့သည့် ပုံပြင်ဘိုးဘိုးပင် ဖြစ်ပေတော့၏။

အချိန်မှာ ညဉ့်သန်းခေါင်ကျော်ပြီး ဖြစ်၏။ ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်း တိတ်ဆိတ်လျက် ရှိနေ၏။

ပုံပြင်ဘိုးဘိုးက သူတည်းခိုနေရာ တည်းခိုဆောင်သို့ ပြန်လာခဲ့ခြင်းပင် ဖြစ်၏။

တည်းခိုဆောင်သို့ ရောက်ရန် လမ်းချိုးကလေးတစ်ခုကို ထပ်မံချိုးကွေ့ရဦးမည် ဖြစ်၏။

ပုံပြင်ဘိုးဘိုးသည် အရက်အတော် မူးနေသော်လည်း လမ်းကတော့ မမှားပေ။ လမ်းလျှောက်ရာတွင်မူ ဖြောင့်နေသည်။

လမ်းချိုးကလေးကို ချိုးကွေ့တော့မည် အပြင်ဝ၌ သူ့ရှေ့မှ ကားဆီးရပ်နေသူကို တွေ့လိုက်ရသောအခါ ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားရ၏။

ပုံပြင်ဘိုးဘိုးက စူးစိုက်ကြည့်လိုက်သောအခါ မိန်းမပျိုတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

မိန်းမပျိုက တဖိတ်ဖိတ် တောက်ပနေသော အနက်ရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထား၏။

မိန်းမပျိုထံမှ မွှေးကြိုင်သော ရနံ့ကို ရှူရှိုက်လိုက်ရလေသည်။

မိန်းမပျို၏ မျက်နှာကိုမူ မမြင်ရပေ။ မိန်းမပျိုက သူမ၏ မျက်နှာကို ဇာပဝါဖြင့် ဖုံးကွယ်ထား၏။

အသားအရေမှာ ဖြူဝင်းနေကာ မျက်လုံးအစုံမှာ စိန်နှစ်ပွင့်အလား တဖျပ်ဖျပ် စူးလက်တောက်ပလျက် ရှိနေ၏။

ပုံပြင်ဘိုးဘိုးက ခေါင်းကို တစ်ချက်ခါယမ်းလိုက်ရင်း...





'အင်း ငါနဲ့တွေ့တာ ဥစ္စာစောင့်မတော့ မဖြစ်နိုင်ပါဘူး၊ ဥစ္စာစောင့်မဆိုရင် အရက်သောက်ဖို့ ငွေနည်းနည်းတော့ တောင်းထားလိုက်ဦးမှပဲ'

'ခစ် ခစ်'

မိန်းမပျိုထံမှ ခစ်ခနဲ ရယ်သံတစ်ချက် ကြားလိုက်ရ၏။

ပုံပြင်ဘိုးဘိုးက ဟက်ခနဲ ရယ်မောလိုက်ပြီး....

'အောင်မယ်၊ ဥစ္စာစောင့်မကလဲ ရယ်သာဟ၊ ဟိတ် မင်း ဘယ်သူလဲ'

မိန်းမပျိုထံမှ ရယ်သံတစ်ချက် ပျံ့လွင့်လာပြန်၏။

'ပုံပြင်ဘိုးဘိုးဆိုတာ ရှင်မဟုတ်လား'

မိန်းမပျိုထံမှ ကြည်လင်ချိုအေးသော အသံကလေးက ထွက်ပေါ်လာ၏။

ပုံပြင်ဘိုးဘိုးက မျက်မှောင်ကြုတ်လိုက်ကာ....

'ဟုတ်တယ် ငါပဲ၊ မင်းက ဘယ်သူလဲ'

'ကျွန်မ ဘယ်သူလဲဆိုတာသိရင် ပုံပြင်ဘိုးဘိုး အသက်ရှူမှားသွားမှာပါ'

'အောင်မယ် ပြောစမ်းပါဦး၊ နင်ဘယ်သူလဲဆိုတာ'

'မဟူရာသိုင်းနတ်သမီး'

'ဘာ'

ပုံပြင်ဘိုးဘိုးက အမူးပြေသွား၏။ သူသည် တကယ်ပင် အသက်ရှူမှားသွားရ၏။

ပုံပြင်ဘိုးဘိုးမှာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရကာ...

'ဟာ မင်း မင်းက မဟူရာသိုင်းနတ်သမီး၊ ဟုတ်လား'
'ဟုတ်တယ်၊ မဟူရာသိုင်းနတ်သမီး'
'ဒင်း မင်း ငါ့ကို ဘာလုပ်မလို့လဲ'
'ပုံပြင်ဘိုးဘိုးကို ကျွန်မ ဘာမှမလုပ်ပါဘူး၊ ပြောစရာရှိလို့
ပါ....'
ပုံပြင်ဘိုးဘိုးမှာ အသက်ရှူ အနည်းငယ် ချောင်သွားရ
ပြီး....
'မင်းက ဘာများပြောစရာရှိနေလို့လဲ'
'ပုံပြင်တွေထဲမှာ ကျွန်မအကြောင်းမပြောမိဖို့ပါပဲ၊ ပုံပြင်
ဘိုးဘိုးက ကျွန်မအကြောင်းသိနေတယ်၊ ဒါကြောင့် မပြော
မိဖို့ စောစောစီးစီးလာပြီး သတိပေးတာပါ'
ပုံပြင်ဘိုးဘိုးက ခေါင်းကို ဘုဆတ်ဆတ်ညိတ်လိုက်ရင်း...
'ကြော် လက်စသတ်တော့ မင်းဟာ မင်းအကြောင်း လူတွေ
သိသွားမှာဆိုလို့၊ ငါ့ကို လာပြီးတောင်းပန်နေတာကိုး'
'တောင်းပန်နေတာ မဟုတ်ဘူးရှင့်၊ လာပြီးသတိပေးနေ
တာ'
'ငါက ပြောလိုက်မယ်ဆိုရင်ကော'
'ပြောလိုက်ရင်တော့ နောက်တစ်နေ့ မျက်နှာသစ်စရာ ရှိ
တော့မှာမဟုတ်ဘူး'
'မင်းက ငါ့ကို ခြိမ်းခြောက်နေတာလား'
'ခြိမ်းခြောက်နေတာ မဟုတ်ပါဘူး၊ သတိပေးနေတာပါ'
'သတိပေးတာဆို တော်သေးတာပေါ့ကွာ၊ မင်းကိုလဲ ငါ
သတိပေးရဦးမယ်'





'ဆိုစမ်းပါဦး'
'မင်းက နတ်သမီးတောင်သိုင်းပြိုင်ပွဲကို သွားမယ် မဟုတ်
လား'
'ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လို့လဲ'
'မင်းရဲ့သေမင်းတွေက ရောက်နေတာမနည်းဘူး၊ မင်းမ
ကြောက်ဘူးလား'
'ဟင့် ကျွန်မက ဘာဖြစ်လို့ကြောက်ရမှာလဲ၊ ကျွန်မကြောက်
ရမယ့်လူ မမွေးသေးဘူး'
ပုံပြင်ဘိုးဘိုးက ပခုံးကျုံ့ပြလိုက်ကာ...
'မင်းအစား ငါတော့ ကျေချမ်းတယ်ဟေ့၊ အဲဒါ ငါ
သတိပေးတာပါ'
'ခုနက ကျွန်မပြောတာကို ပုံပြင်ဘိုးဘိုး ဘယ်လိုသဘော
ရသလဲ'
'ဘာကိုလဲ'
'ဟောကြည့် ဘိုးဘိုးက ဝေ့လည်ကြောင်ပတ်လုပ်နေပြန်
ပြီ၊ ကျွန်မအကြောင်း မပြောမိဖို့ဆိုတဲ့အချက်ပါ'
'ကောင်းပြီလေ မင်းမကြိုက်ဘူးဆိုရင် ငါမပြောတော့ပါ
ဘူး၊ ကာယကံရှင် မကျေနပ်တဲ့အလုပ်တစ်ခုကို ငါမလုပ်ချင်
ပါဘူး'
မိန်းမပျိုက ငွေတွဲတစ်တွဲကို ပုံပြင်ဘိုးဘိုးထံသို့ ပစ်ပေး
ပေးလိုက်ရင်း
'ရော့ ဒါက ပုံပြင်ဘိုးဘိုး သုံးချင်ရာသုံးဖို့အတွက်ပါ၊
နှုတ်ပိတ်ခမဟုတ်ပါဘူး'

ပုပြင်ဘိုးဘိုးက လက်မခံဘဲ....

'အိုငါ့မှာ သုံးစရာငွေတွေ အများကြီးရှိပါတယ်၊ မင်းငွေ
တွေကို မယူပါရစေနဲ့'

'ယူထားလိုက်ပါ၊ နောက်မှ ပြန်ဆုံကြတာပေါ့'

စကားဆုံးသည်နှင့် မိန်းမပျိုက နေရာမှလေတိုက်ခတ်သလို
ပျောက်ကွယ်သွားလေတော့၏။

'ဗွစ်'

'ဟူး'

မိန်းမပျိုသည် ညဦးအမှောင်တွင် မီးခိုးတစ်ငွေ့ လွင့်မျော
သည့်အလား၊ လွင့်မျော ပျောက်ကွယ်သွားတော့၏။

ပုပြင်ဘိုးဘိုးသည် မိန်းမပျို ထွက်ခွာသွားဘက်သို့ကြည့်
ကာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း...

'အင်း မဟာရာသိုင်းနတ်သမီး၊ မဟာရာသိုင်းနတ်သမီး၊ သ
အကြောင်းပြောမှာကျတော့ ကြောက်ကိုက်တာ၊ ငါသာ သ
အကြောင်းပြောလိုက်ချင် ဒင်းကလေးတော့ ရန်သူ့လက်
[illegible]ကြီး ကျဆင်းသွားရတော့မှပဲ'

ပုပြင်ဘိုးဘိုးက တီးတိုး ရေရွတ်မိလိုက်၏၊ ထို့နောက်
အရက်အိုးနှစ်လုံးကို ဘယ်ညာ ဆွဲကာ ဒယီးဒယိုင်ဖြင့် နေရာ
ထက်ခွာသွားလေတော့၏။

• • •

နတ်မီးတောင်။

ထူးခြားဆန်းကြယ်လျှို့ဝှက်မှုပေါင်းစုံနှင့် ပြည့်နှက်နေသော
တောင်ကြီးတစ်တောင်ပင် ဖြစ်၏။





ရေတံခွန်၊ စိမ့်စမ်းများ ပေါများလှကာ တောအုပ်များ
က ထူထပ်စွာ တည်ရှိနေ၏။

တောင်ကြီး၏ အချို့နေရာများတွင် ကြောက်စရာကောင်းအောင်မှောက်
လှသော ပျားတွင်းကြီးများနှင့် အိုင်ကြီးများ ရှိနေ၏။

အဆိပ်ပြင်းထန်သော [illegible]ကြီးများ၊ မြွေဆိုးများ၊ [illegible]ဝန်းသော
ကောက်ကြီးများနှင့် အဆိပ်သတ္တဝါမျိုးစုံ ရှိနေ၏။ [illegible]က်ပေ၏

တောင်ထိပ်တွင် နတ်သမီးတောင်ဂိုဏ်းရှိ၏။ ဂိုဏ်းချုပ်[illegible]
မှာ ယွန်မြောက်ရှန်ဖြစ်ကာသူ့လက်အောက်တွင် လက်ထောက်
ဂိုဏ်းချုပ်ကြီးများ၊ ဂိုဏ်းခွဲမှူးများနှင့် ဂိုဏ်းသားများစွာ ရှိ
နေ၏။

နတ်မီးတောင်ဂိုဏ်းသည် အဖြူရောင်လည်း မကျ၊ အနက်
ရောင်လည်း မကျသော သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်၏။

နတ်မီးတောင်ဂိုဏ်းသည် သိုင်းလောကတွင် အင်အား ကြီး
မားသော သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းလည်း ဖြစ်၏။

နတ်မီးတောင် ဂိုဏ်းသည် ရှေးယခင်ကတည်းက တည်ရှိခဲ့
သော သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်၏။

ဂိုဏ်းချုပ်ကြီးများ အဆင့်ဆင့် ပြောင်းလဲခဲ့ပြီး ဂိုဏ်းဝင်
ဦးရေမှာ မြောက်မြားစွာ တိုးပွားခဲ့ရ၏။

ယခု နောက်ဆုံးဂိုဏ်းချုပ်မှာ ယွန်မြောက်ရှန် ဖြစ်၏။

ကြယ်နီဂိုဏ်းချုပ် သခင်မကြီး ဖေးဖုန်နှင့် အငြှိုးအရံများ
ရောက်ရှိလာသည်ကို ကြားသိလိုက်ရသည်နှင့် နတ်မီးတောင်
ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်က ကိုယ်တိုင်ထွက်ကာ ကြိုဆို
လိုက်၏။

ဖေးဖုန့်နှင့်အတူ သားဖြစ်သူ သခင်လေးဖေးလုံနှင့် သမီ
ဖြစ်သူ ဖေးလှမ်တို့ လိုက်ပါလာကြ၏။

ကြယ်နီဂိုဏ်းချုပ် သခင်မကြီး ဖေးဖုန့်က သိုင်းပညာတ
တန်းအဆင့် ရောက်ရှိနေပြီဖြစ်သလို သားနှင့် သမီးတို့
တွေ့မှာ မိခင်ကဲ့သို့ သိုင်းပညာ ထိပ်တန်းအဆင့်ကို ရောက်ရှိနေ
ပေ၏။ ကြယ်နီဂိုဏ်းသည် သိုင်းလောကတွင် အင်အား ကြီ
သော သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းပင် ဖြစ်ပေ၏။

နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်က သခင်
ကြီး ဖေးဖုန့်တို့အဖွဲ့အား ခန်းမဆောင်ကြီးအတွင်းသို့ ခေါ်
ဆောင်သွားကာ စားတောင်းသောက်ဖွယ်များနှင့် ဧည့်ဝ
ပြုလိုက်၏။

မွှေးကြိုင်အင်းပျံ့သော အရက်များ၊ ဟင်းလျာပွဲများတွ
သိုးသား၊ ဒေါင်းသား၊ ကုလားအုတ်သား စသည်ဖြင့် ဟ
မျိုး စုံလင်လှပေ၏။

ကြယ်နီဂိုဏ်းချုပ် သခင်မကြီး ဖေးဖုန့်မှာ အသက်လေ
ဆယ်ကျော်ပြီဖြစ်သော်လည်း လျှင်မြန်ဖျတ်လတ်ဆဲပင် ရှိ
သည်။

သခင်မကြီးဖေးဖုန့်မှာ မိန်းမချောကြီးတစ်ယောက် ဖြ
သလို သမီးကလေး ဖေးလှမ်မှာလည်း ချောမောလှပသေ
မိန်းမချောလေးတစ်ယောက် ဖြစ်ပေ၏။

သခင်မလေး ဖေးလှမ်သည် ယခုမှ အသက် ဆယ့်ခုနစ်
မျှသာ ရှိနေပြီး ကိုယ်လုံးကိုယ်ပေါက် ဖွံ့ထွားကာ အပျို
ဖားဖွားဖြစ်နေလေပြီ။





သူမ၏ မျက်လုံးကလေးများမှာ ကြည်လင်ဝိုင်းစက်တာ
နှုတ်ခမ်းကလေးမှာ နှင်းဆီဖူးငုံကလေးပမာ ရှိနေ၏၊

ရွှေရောင်အစုံမှာ ကောင်ပူစာကလေးနှစ်လုံးပမာ မို့မောက်
လျက်ရှိပြီး ခါးကလေးမှာ ထွာဆိုင်မျှသာရှိ၏။

ကျဉ်သောခါးနှင့် တစ်ဆက်တည်း စွင့်ကားလုံးဝန်းသော
တင်ပါးအစုံမှာ မြင်ရသူကို အသက်ရှူ မှားလောက်ပေ၏၊

ဖေးလှမ်မှာ မိန်းမချောလေးတစ်ယောက်ပင်တည်း။

နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်၏သား
ထီမှာ ဖေးလှမ်ကို မြင်လိုက်ရသည်ဖြင့် အလွန်သဘောကျနေ
ရလေပြီ။

ယွန်ထီက ဖေးလှမ်ကို သဘောကျနေသလောက် ဖေး
လှမ်ကမူ ယွန်ထီကို နည်းနည်းကလေးမှ ကြည့်မရပါချေ။

ယွန်ထီက မျက်နှာရှူးသိုင်းသမားတစ်ယောက်လည်း ဖြစ်
သည်။

သခင်မကြီး ဖေးဖုန့်က နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်
မြောက်ရှန်အား....

'ဂိုဏ်းချုပ်ကြီး သိုင်းပြိုင်ပွဲအတွက် ဖိတ်စာတွေစုံအောင်
ပို့ထားပြီးပြီလား'

ယွန်မြောက်ရှန်က ခေါင်းညိတ်ပြလိုက်ရင်း....

'ဖိတ်စာတွေကတော့ စုံအောင်ပို့ထားပြီးပါပြီ၊ မဖိတ်ဘဲနဲ့
လာမယ့်လူတွေလဲ ရှိနေပါတယ်'

ဖေးဖုန့်က ပြုံးလိုက်ရင်း....

'ဂိုဏ်းချုပ်ကြီး ဘာကိုဆိုလိုတယ်ဆိုတာ ကျွန်မသဘော ပေါက်ပါတယ်၊ မဟူရာသိုင်းနတ်သမီးကို ရည်ညွှန်းပြောလိုက် တာ မဟုတ်လား'

ယွန်မြောက်ရှန်က....

'ဟုတ်တယ်၊ မဟူရာသိုင်းနတ်သမီးကိုပြောတာပဲ၊ သူ့ကို ချောင်းလို့ တမင် ဒီသိုင်းပြိုင်ပွဲကို ဖန်တီးပြုလုပ်ရတာပဲ၊ ဒီ ထောင်ချောက် ဆင်ထားတာပဲ'

ယွန်က [illegible]မလုံသံဖြင့်....

'မဟူရာ သိုင်းနတ်သမီး ပြိုဟ်မွှေနေလို့ ကျွန်မတို့ လုပ်ငန်း တွေ အတော်များများ ပျက်စီးဆုံးရှုံးနေရတာ၊ ဒီကောင်မ ကို မိရင်တော့လား အရေခွံကို တစ်စစီ ဆုတ်ဖြဲပစ်လိုက် မယ်'

ယွန်မြောက်ရှန်က တဟဲဟဲရယ်မောလိုက်ရင်း....

ဒီအတွက်တော့ မပူပါနဲ့၊ သူ့ကို ထောင်ချောက်တွေ အမျိုးမျိုးဆင်ထားပါတယ်'

'သူလာမယ်ဆိုတာ ကျိန်းသေလို့လား'

'ဒီလောက်ပွဲကြီးပွဲကောင်းကို သူ မလာဘဲ မနေပါဘူး၊ လာကိုလာမှာပါ၊ သူလာမယ်ဆိုတာလဲ သတင်းက ကြီးနေ တယ်'

ဖေးဖုန်က...

'သူလာဖို့ဟာက အရေးမကြီးဘူး၊ သူ ဘယ်သူလဲဆိုတာ ဘယ်လိုလုပ် ဖော်ထုတ်မလဲ၊ သူ့ကို ဘယ်သူမှ မြင်ဖူးကြတာ မဟုတ်ဘူး'





ယွန်မြောက်ရှန်က တဟဲဟဲရယ်မောလိုက်ရင်း....

'နတ်မီးတောင်ကို ရောက်လာသမျှ အမျိုးသမီးတွေကို အသေအချာအကဲခတ်မှာပါ၊ မဟူရာနတ်သမီးလို့ ထင်ရသူ တွေကို အကုန်လုံး ရှင်းပစ်မှာပါ'

ဖေးဖုန်က....

'ဂိုဏ်းချုပ်ကြီးရဲ့နည်းက မကျိန်းသေဘူး'

'ဘယ်လိုနည်းမျိုးကမှ ကျိန်းသေမှာမို့လို့လဲ'

'မဟူရာသိုင်းနတ်သမီးဟာ ပေါ့ပေါ့တန် မဟုတ်ဘူး၊ သူ ဒီလောက် နာမည်ကြီးနေတာကိုက သူ့အစွမ်း ဘယ်လောက် ရှိတယ်ဆိုတာ ခန့်မှန်းသိရှိနိုင်ပါတယ်၊ ကျွန်မအစ်ကိုကြီးတုန်း က သူ လုပ်ကြံသတ်ဖြတ်သွားတာ လူရိပ်တောင် မမြင်လိုက်ရ ဘူး'

ယွန်မြောက်ရှန်က မျက်မှောင်ကြုတ်ကာ....

'ကိုင်းပါ ဆရာမကြီးက ဘယ်လိုများ စီစဉ်ချင်လို့ပါလဲ'

ဖေးဖုန်က တစ်ချက်စဉ်းစားလိုက်ရင်း....

'ကျွန်မတို့ဘက်ကလဲ မဟူရာသိုင်းနတ်သမီးအပည်နဲ့ လူတစ် ယောက်က လှုပ်ရှားနေရမယ်၊ ဒါဆိုရင် မဟူရာသိုင်းနတ်သမီး ဟာ ဒီလှုပ်ရှားနေတဲ့လူဆီကို ရောက်လာမှာပဲ၊ သူ့လဲ မဟုတ်ဘဲနဲ့ သူ့နာမည်နဲ့လှုပ်ရှားနေတာကို သူဘယ်လိုမှ လက်မှိုက်ကြည့် နေမှာမဟုတ်ဘူး'

ယွန်မြောက်ရှန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း....

'သခင်မကြီးပြောတာ သဘာဝကျပါတယ်၊ ကျွန်တော် ပြောတဲ့နည်းရော၊ သခင်မကြီးပြောတဲ့နည်းပါ နှစ်နည်းစလုံး သုံးကြတာပေါ့၊ မကောင်းဘူးလား'

'ကောင်းပါတယ်၊ ဒါမှာလဲ ဒီကောင်မကို အပိုင်ချုပ်ကိုင်နိုင်မယ် မဟုတ်လား'

ထိုနောက် သူတို့က သိုင်းပြိုင်ပွဲတွင် မည်သို့မည်ပုံ အကောက်ကြံ ထောင်ချောက်ဆင်ရန်များကို အသေးစိတ် တိုင်ပင်ဆွေးနွေးလိုက်ကြ၏။

● ● ●

နတ်မီးတောင် သိုင်းပြိုင်ပွဲတွင် ကျင်းပရန် သုံးရက်သာ လိုပေတော့သည်။

နတ်မီးတောင်....

နတ်မီးတောင်နှင့် အနီးကပ်ဆုံး ကြင်ချမ်းမြို့တွင် သိုင်းလောကသားများ စုံလင်စွာရောက်ရှိနေကြပြီး ဖြစ်၏။

သိုင်းလောကမှ မိတ်ကြားထားသော ဧည့်သည်များလည်း စုံလင်စွာ ရောက်ရှိနေကြလေပြီ။

စန်းချုံယွဲ့သည်လည်း ရှောင်လင်ဂိုဏ်းချုပ်ကြီး၏ စေခိုင်းချက်အရ မဟာ့ရာသိုင်းနတ်သမီးကို စုံစမ်းရန် ရောက်ရှိနေကြခြင်းပင်ဖြစ်၏။

သူ့အနေနှင့် မဟာ့ရာသိုင်းနတ်သမီးကို မည်သူမည်ဝါဖြစ်သည်၊ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ အနက်ရောင်ဒုစရိုက်ထိပ်သီးများကို လိုက်လံ သုတ်သင်ပစ်နေသည်ကို စုံစမ်းရန်ဖြစ်၏။





သူက မဟာ့ရာသိုင်းနတ်သမီးကို ဖမ်းဆီးရန် သို့မဟုတ် သုတ်သင်ရှင်းလင်းပစ်ရန် မလိုပါချေ။

သို့ဆိုလျှင် မဟာ့ရာသိုင်းနတ်သမီးကို ကာကွယ်ပေးရန်လည်း လိုအပ်ပါမည်လော။

မဟာ့ရာသိုင်းနတ်သမီးနှင့် ပတ်သက်ပြီး စုံလင်စွာသိရှိပါက ကာကွယ်ပေးသင့်လျှင် ကာကွယ်ပေးရမည်။ သုတ်သင်ပစ်သင့်လျှင်လည်း သုတ်သင်ရမည်ဖြစ်၏။

တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေး အတွက် လိုအပ်လာပါက အပြတ်ရှင်း သုတ်သင်ပစ်ရမည်ဖြစ်၏။

သိုင်းလောကနှင့် ပြည်သူလူထုအတွက် အဆိပ်အတောက် အန္တရာယ်ဖြစ်နေမည်ဆိုပါက အမြန်ဆုံး ဖယ်ရှားသုတ်သင်ပစ်ရမည်မှာ အဖြူရောင်သိုင်းသမားကောင်းတို့၏ တာဝန်ပင်ဖြစ်ချေ၏။

စန်းချုံယွဲ့သည် နံနက်စာစားသောက်ပြီးသည်နှင့် ကြင်ချမ်းမြို့မြောက်ဘက်ရှိ ရှေးဘုရားသင်္ချိုင်းတော်ကြီးများ ရှိရာဘက်သို့ ကမ်းလျှောက်ထွက်လာခဲ့၏။

ကြင်ချမ်းမြို့သို့ရောက်သူတိုင်း ကျိရှေးဟောင်း သင်္ချိုင်းအဆောက်အဦကြီးသို့ အလှူအဆန်းသဖွယ် လာရောက်လည်ပတ် ကြည့်ရှုကြစမြဲဖြစ်၏။

ကြင်ချမ်းမြို့မှာ တစ်ချိန်က ဘုရင်များ ထိန်းစိုက်ခဲ့ဖူး၏။ သင်္ချိုင်းအဆောက်အဦကြီးများ မြေပေါ်တွင်တစ်ထပ်၊ မြေအောက်တွင် ဥမင်ကြီးနှင့် တစ်ထပ်ဖြစ်၏။

အလွန်ကြီးကျယ်ခမ်းနားကာ ဘုရင်၊ မင်းညီမင်းသား မိဖုရားများ၏ ဂူသွင်းသင်္ဂြိုဟ်ရာ နေရာကြီးလည်းဖြစ်၏။

စန်းချုံယဲ့မှာလည်း ဤနေရာသို့ တစ်ခါမှမရောက်ဖူးသဖြင့် ကြင်ချမ်မြို့သို့ တစ်ခေါက်တစ်ခါ ရောက်တုန်း ရောက်ခိုက် လေ့လာကြည့်ရှုရန် ထွက်ခွာလာခဲ့ခြင်းပင်ဖြစ်၏။

လမ်းတလျှောက် လူရှင်းလျက်ရှိ၏။ ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

သချိုင်းဂူသွားရာလမ်းတစ်လျှောက် သူတစ်ယောက်တည်းသာ ရှိနေ၏။

သူက စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားကာ သတိထားလိုက်၏။

သူ့တွင် ဝတ်ရုံနီလာမာ ကျောင်းတော်မှ ရရှိလာခဲ့သည့် နဂါးဓားသာ ရှိနေသဖြင့် စိုးရိမ်စရာတော့ မရှိပါချေ။

နဂါးဓားသည် အလွန်အစွမ်းထက်ပြီး ရန်အပေါင်းကို အောင်မြင်သောဓားဟု ပြောစမှတ်ပြုထားကြသည် မဟုတ်ပါလား...။

အလွန်ကြီးမားသော ဘေးအန္တရာယ်ဆိုးများနှင့် ကြုံတွေ့တော့မည်ဆိုပါက နဂါးဓားထံမှ သေးငယ်သော ထူးခြားသည့်အသံကလေးများ ထွက်ပေါ်လာလေ့ရှိသည်ဟု ဆိုကြ၏။

စန်းချုံယဲ့က လမ်းအတိုင်း ဆက်လျှောက်လာခဲ့၏။ လမ်း၏ ဝဲယာတစ်ဖက်တစ်ချက်တွင် မြင့်မားသော သစ်ပင်ကြီးများက ရှိနေကြ၏။

'ဖလပ် ဖလပ် ဖလပ်'





'ဖွစ် ဖွစ် ဖွစ်'

ရုတ်တရက် အဝတ်လေးတိုးသံများ ကြားလိုက်ရပြီးနောက် သစ်ပင်ကြီးများထက်မှ လူရိပ်များ လွှားထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

စန်းချုံယဲ့က စူးစိုက်ကြည့်လိုက်ရာ မျက်နှာဖုံးစွပ် သိုင်းသမားများ ဖြစ်နေသည်ကို တွေ့ရှိလိုက်ရ၏။

စုစုပေါင်း အယောက်နှစ်ဆယ်ကျော်ခန့်ရှိကာ စန်းချုံယဲ့ကို စက်ဝိုင်းသဏ္ဍာန် ဝိုင်းရံထားလိုက်ကြ၏။

စန်းချုံယဲ့ကမူ အရေးမစိုက်ဟန်ဖြင့် အေးဆေးစွာ ရပ်နေ၏။ သူက နဂါးဓားကိုလည်း မထုတ်ပေ။

မျက်နှာဖုံးစွပ်များ ခေါင်းဆောင်ပြင်ဟန် တူသူက ရှေ့သို့ တိုးလာပြီး....

'စန်းချုံယဲ့၊ မင်းဆီက နဂါးကို ငါတို့လိုချင်တယ်'

စန်းချုံယဲ့က မျက်မှောင်ကြုတ်လိုက်ကာ...

'ငါ့ဓားကို ဘာကြောင့်ပေးရမှာလဲ'

မျက်နှာဖုံးစွပ် သိုင်းသမားခေါင်းဆောင်က ဟက်ခနဲ ရယ်မောလိုက်ပြီး အေးစက်စက်ထန်သော အသံဖြင့်....

'မင်းအသက်ကို ပေးမလား၊ နဂါးဓားကို ပေးမလား၊ ကြိုက်တဲ့လမ်းကိုသာ ရွေးပေတော့'

'ဟင်'

စန်းချုံယဲ့က နှာခေါင်းရှုံ့ကာ ပြက်ရယ်ပြုလိုက်ပြီး....

'မင်းတို့ ဘယ်သူဘယ်ဝါဆိုတာ သိရရင်တော့ ငါက စဉ်းစားပေါ့မယ်၊ ဒီပုံစံမျိုးနဲ့ဆိုရင်တော့ မပေးလှာဝေးပဲ'

မျက်နှာဖုံးစွပ် သိုင်းသမားခေါင်းဆောင်က အေးစက်ခက်ထန်သော လေသံဖြင့်....

'ငါတို့ဟာ မင်းရဲ့ သေမင်းတွေပဲ စန်းချုံယဲ့၊ မင်းကိုသတ်ပြီးတော့မှ နဂါးဓားကို ယူမယ်'

ထို့နောက် မျက်နှာဖုံးစွပ် ခေါင်းဆောင်က လက်တစ်ဖက်ကို ဝေ့ယမ်းပြလိုက်ကာ...

'ဒီကောင့်ကို ဝိုင်းပြီး ဆုံးမလိုက်ကြစမ်း'

'ယား'

'ဟိုင်း'

'ဝှီ ဝှီ ဝှီ'

'ဝှစ် ဝှစ် ဝှစ်'

မာန်သွင်းအော်ဟစ်သံ၊ လက်နက်များ ဝေ့ယမ်းသံများ ကြောက်ခမန်းလိလိ ထွက်ပေါ်လာလေတော့၏။

စန်းချုံယဲ့က ပြင်းထန်ကြမ်းတမ်းစွာ တိုက်ခိုက်လာသည့် ဓားလှံများကို လှပစွာ ရှောင်တိမ်းပေးလိုက်၏။

'ဖြောင်း'

'အား'

သူ့ဆီသို့ ပြေးဝင်တိုက်ခိုက်လာသည့် ဓားသမားတစ်ယောက်ကို ခြေထောက်နှင့် ကန်ထုတ်ပစ်လိုက်ရာ ဓားသမားမှာ လူတခြား ဓားတခြားဖြစ်ကာ လွင့်စဉ်ထွက်သွားရလေသည်။

'ယား'

'ဖုန်း'





'အား အင့်'

တစ်ဆက်တည်းမှာပင် နံဘေးတစ်ဘက်တစ်ချက်စီမှ ခုန်ပျံတိုက်ခိုက်လာသည့် လှံရှည်သမားနှစ်ယောက်ကို တောင်ဖြူလက်ဝါးရိုက်ချက်များနှင့် ရိုက်ထုတ်ပစ်လိုက်ရာ လှံသမားနှစ်ယောက်မှာ အော်ဟစ်ကာ လွင့်စဉ်ထွက်သွားရ၏၊

'ဒီကောင့်ကို ရအောင်သတ်၊ အလွတ်မပေးနဲ့'

မျက်နှာဖုံးစွပ်များ ခေါင်းဆောင်က သူ့လူများကို အော်ဟစ်အမိန့်ပေးနေ၏။

မျက်နှာဖုံးစွပ်များကလည်း စန်းချုံယဲ့ကို ထွက်ပေါက်မရှိအောင် ဝိုင်းရံထားရင်း တိုက်ခိုက်လျက် ရှိနေ၏။

စန်းချုံယဲ့က ယခုအချိန်အထိ ဓားကို မထုတ်ပေ၊ သူက လက်ဝါးရိုက်ချက်၊ ခြေကန်ချက်များကိုသာ မနားတမ်း အသုံးပြုနေ၏။

ဓားချက်လှံချက်များက သူ့ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များပမာ အဆက်မပြတ် ကျဆင်းလျက် ရှိနေ၏။

စန်းချုံယဲ့က လိပ်ပြာတစ်ကောင်ပမာ ပျံဝဲရှောင်တိမ်းပေးနေရင်းမှ မျက်နှာဖုံးစွပ်များကို တစ်ယောက်ပြီးတစ်ယောက် မြေပေါ်သို့ လှဲသိပ်ပေးနေ၏။

မျက်နှာဖုံးစွပ်ခေါင်းဆောင်က ဓားကို ဝေ့ယမ်းကာ ရှေ့သို့ ဝင်လာ၏။

'ယား'

'ဝှစ်'

စန်းချုံယဲ့က ကိုယ်ကို အသာယိမ်းပြီး ရှောင်တိမ်းပေးလိုက်ရ၏။

'ဖြောင်း'

'ချွမ်း'

မျက်နှာဖုံးစွပ်ခေါင်းဆောင်က နောက်ထပ်ဝင်အတိုက်တွင် စန်းချုံယဲ့က မျက်နှာဖုံးစွပ်ခေါင်းဆောင်၏ ဓားကို ဖမ်းဆုပ်ပြီး ချိုးဖဲ့ပစ်လိုက်၏။

'ဟာ'

ဓားကျိုးထွက်သွားသည်ကို တွေ့လိုက်ရသည်နှင့် မျက်နှာဖုံးစွပ် ခေါင်းဆောင်မှာ ထိတ်လန့်ချောက်ချားသွားရလေသည်။

'ဝှစ် ဝှစ် ဝှစ်'

'ရှိုး ရှိုး ရှိုး'

မျက်နှာဖုံးစွပ် ခေါင်းဆောင်က နောက်သို့ ခုန်ဆုတ်ကာ ဓားပျံလေးကို တရစပ် ပစ်လွှတ်လိုက်၏။

'ဖြန်း'

စန်းချုံယဲ့က ဓားပျံလေးလက်ကို အင်္ကျီလက်စဖြင့် ခတ်ထုတ်ပစ်လိုက်၏။

စန်းချုံယဲ့၏ သိုင်းပညာ အစွမ်းကို တွေ့လိုက်ရသည်နှင့် မျက်နှာဖုံးစွပ် သိုင်းသမားခေါင်းဆောင်မှာ စန်းချုံယဲ့ကို ရင်မဆိုင်ရဲတော့ဘဲ၊ မျက်နှာဖုံးစွပ်များကို ခေါ်ကာ နေရာမှ အလျင်အမြန် ထွက်ပြေးသွားကြတော့၏။





စန်းချုံယဲ့က သချိုင်း အဆောက်အဦကြီးဆီသို့ ဆက်လျှောက်လာခဲ့၏။

သချိုင်း အဆောက်အဦကြီး တစ်ခုလုံးမှာလည်း ပကတိ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

သူက အပေါ်ထပ်တွင် လှည့်ပတ်ကြည့်ရှုပြီးနောက် အောက်ထပ်သို့ ဆင်းလာခဲ့၏။

မြေအောက်ထပ်တစ်ခုလုံး အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်နေ၏။

ထောင့်ချိုးတစ်ခုသို့ ရောက်သည်နှင့် လူရိပ်တစ်ရိပ်က ဟူးခနဲ ထိုးထွက်လာ၏။

'ဝှစ်'

စန်းချုံယဲ့က ကိုယ်ကိုလိမ်ကာ အမြန်ဆုံး ရှောင်တိမ်းပေးလိုက်ရ၏။

သို့ဖြစ်သည့်တိုင် အေးစက်စက် ဓားလေတိုးသံကို ကြားလိုက်ရ၏။

အေးစက်စက် ဓားရိပ်ဓားငွေ့နှင့်အတူ လူရိပ်တစ်ရိပ်က မလှမ်းမကမ်းသို့ ကျရောက်လာ၏။

ထိုသူကိုကြည့်ရခြင်းအားဖြင့် ထိပ်တန်း ဓားသမားတစ်ဦးဖြစ်ကြောင်း သိသာလှပေသည်။

'ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို လုပ်ကြံရတာလဲ'

စန်းချုံယဲ့က လေးနက် ပြတ်သားသော လေသံဖြင့် မေးမြန်းလိုက်၏။

ထိုသူကာ မျက်နှာတွင် ပဝါတစ်ခု စည်းထား၏၊ မည်သူ မည်ဝါမှန်း မသိရပေ။

ထိုသူက အေးစက်စက်လေသံဖြင့်....

'မင်းဆီက နဂါးဓားကိုလိုချင်လို့ပဲ'

စန်းချုံယွဲ့မှာ ရယ်မောမိလိုက်ကာ....

'ဘယ်လိုလဲ၊ ဒီကနေ့ ကျုပ်ဆီက နဂါးဓား လိုချင်တဲ့လူ အတော်များနေပါလား၊ နဂါးဓားမှာ ဘယ်လိုများ လျှို့ဝှက်ချက်တွေ ရှိနေလို့လဲ'

ထိုသူမှာ ဆတ်ခနဲတစ်ချက်တုန်လှုပ်သွားကာ....

'ဘယ်လိုပဲဖြစ်ဖြစ် မင်းကို ငါက သတ်ရတော့မှာပဲ၊ ငါ ဘယ်သူဆိုတာ မင်းသေကာနီးမှ ပြောပြသွားမယ်'

ဝတ်စုံနက်ဓားသမားက ပြောကြားရင်း ဓားကို တစ်ချက် ဝှေ့ယမ်းလိုက်၏။

'ဟူး'

စန်းချုံယွဲ့မှာ အထက်သို့ထိုးတက်ရင်း နဂါးဓားကိုဆွဲထုတ်လိုက်ရ၏။

'ရှိုး ရှိုး ရှိုး'

အောက်ဖက်မှ ထိုးတက်လာသော လက်နက်ပုန်းသံများကို ကြားလိုက်ရသဖြင့် ဓားကို အောက်သို့နှိမ့်ကာ ဝှေ့ယမ်းခတ်ထုတ်ပစ်လိုက်ရ၏။

ဓားနှင့် လက်နက်ပုန်းကလေးများထိခတ်ကာ တထန်းထန်း မြည်ဟည်းရင်း လွင့်စဉ်ထွက်သွားရ၏။

'ယား'





'ဟိုင်း'

ဓားနှစ်လက်ဆိုင်မိကာ မီးများပွင့်ထွက်သွားရ၏၊ ဝတ်စုံနက် ဓားသမားက အထက်သို့ထိုးတက်ကာ ကြယ်တံခွန် ဓားချက်နှင့် ဝှေ့ယမ်းတိုက်ခိုက်လိုက်ခြင်းပင်ဖြစ်၏။

စန်းချုံယွဲ့က နဂါးဓားကို ကန့်လန့်ဖြတ် ကိုင်လိုက်ကာ လိပ်ပြာနှစ်ကောင်တူပြိုင်ဓားချက်နှင့်တိုက်ခိုက်လိုက်သဖြင့် ဝတ်စုံနက် ဓားသမား၏ဓားမှာ နောက်သို့ပြန်ကန်ထွက်သွားရခြင်းပင် ဖြစ်ပေတော့၏။

'ထန်း ထန်း ထန်း'

နှစ်ဟောက်စုလုံး လေထဲတွင် ကျွမ်းပစ်ကာ တိုက်ခိုက်မိလိုက်ကြ၏။

ဓားချက်လေးချက်ကို ဆက်တိုက် တိုက်ခိုက်မိလိုက်ကြလေသည်။

မြေအောက်ထပ်ကြီးတစ်ခုလုံး ဓားသံများနှင့် ပွက်လောရိုက်သွားရ၏။

မျက်နှာဖုံးစွပ်ဓားသမား၏ ဓားပညာမှာ အတော်ကလေး အစွမ်းထက်ကာ ကြောက်စရာကောင်းလှပေ၏။

ထို့ကြောင့် စန်းချုံယွဲ့မှာ အထူးသတိထားကာ တိုက်ခိုက်နေရ၏။

'ယား'

'ဝှစ်'

မျက်နှာဖုံးစွပ်ဓားသမားက ဓားကိုလှန်လိုက်ပြီး စန်းချုံယွဲ့၏ ရင်ဝဆီသို့ ပျံလွှားအသိုက်ဆင်း ဓားချက်ဖြင့် လျင်မြန်စွာ တိုက်ခိုက်၏။

'ဟူး'

စန်းချုံယွဲ့က ရုတ်တရက်ဝပ်ချပေးလိုက်ကာ နဂါးမြေလူး ဓားချက်ဖြင့် ထိုသူ၏ခြေနှစ်ဖက်ကို ခုတ်ပိုင်းပစ်လိုက်၏။

'ဟိုင်း'

ဓားသမားက ခြေနှစ်ဖက်ဆောင့်ကာ အထက်သို့ထိုးတက်သွားပြီး ပြန်အကျတွင် ဓားသုံးချက်ဆင့်၍ တိုက်ခိုက်ပစ်လိုက်သည်။

'ဝှစ် ဝှစ် ဝှစ်'

စန်းချုံယွဲ့က ဓားချက်များကြားမှ ဖောက်ထွက်ရင်း ဓားသမား၏ ရင်ဝကို တောင်ပြိုလက်ဝါး ရိုက်ချက်ဖြင့် ရိုက်ထုတ်ပစ်လိုက်၏။

'ဝုန်း'

'အား'

ဓားသမားသည်နောက်သို့လွင့်စဉ်ထွက်သွား၏။ ထို့နောက် မြေအောက်ဥမင်လမ်းအတိုင်း ပြေးထွက်သွား၏။

စန်းချုံယွဲ့က နောက်မှ ပြေးလိုက်သွားရာ ဓားသမားကို အရိပ်အရောင်ပင် မတွေ့ရတော့ပေ။

ဓားသမားက လျှို့ဝှက်တံခါးတစ်ချပ်မှ ထွက်ခွာသွားဟန် တူပေသည်။





စန်းချုံယွဲ့က နံရံများကို လိုက်လံ စမ်းသပ်ကြည့်လိုက်လေသည်။

နံရံတစ်နေရာတွင် လိုဏ်ပေါက်တစ်ခုကို တွေ့မြင်လိုက်ရသည်။

စန်းချုံယွဲ့က အပေါက် အတွင်းသို့ လက် နှိုက်ကြည့်ရာ အတွင်းတွင် သံကွင်းတစ်ကွင်း ရှိနေသည်ကို စမ်းတွေ့လိုက်ရသည်။

'ဝေါ'

'ဂျိမ်း'

စန်းချုံယွဲ့က သံကွင်းကို အားနှင့် အထက်သို့ ဆွဲလိုက်ရာ နံရံ...တစ်နေရာတွင် လျှို့ဝှက်တံခါးတစ်ချပ် ပွင့်ဟသွားသည်ကို တွေ့မြင်လိုက်ရ၏။

ချက်ချင်းပင် သူက ထိုတံခါးပေါက်အတွင်းသို့ ဝင်လိုက်ရာ ကျယ်ဝန်းသော အခန်းကြီးတစ်ခန်းအတွင်းသို့ ရောက်ရှိသွားရ၏။

အခန်းကြီးတစ်ခန်းလုံး မီးတုတ် အလင်းရောင်များဖြင့် ထိန်လင်းလျက်ရှိနေသည်။

အခန်းကြီးအစ်ဖက်တွင် စကြံ့လမ်းသွယ်ဆလေး တစ်ခု ရှိနေ၏။

စန်းချုံယွဲ့က စကြံ့လမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။

စကြံ့လမ်းအဆုံးတွင် ကျောက်တုံးကြီးတစ်တုံး ပိတ်ဆို့နေသည်ကို တွေ့လိုက်ရမြန်၏။

သူက ကျောက်တုံးကြီးကို အားနှင့်တွန်းလိုက်ရာ အပြင်ဘက်မှ နေရောင်က အတွင်းသို့ တိုးဆင်းလာ၏။

ဤနေရာမှာ ထွက်ပေါက်ပင်ဖြစ်၏။ ဝတ်စုံနက်ဓားသမားသည် ဤနေရာမှနေ၍ အပြင်ဘက်သို့ ထွက်ပြေးသွားခြင်းပင်ဖြစ်၏။

စန်းချုံယဲ့ က အပြင်သို့ထက်ပြီးကြည့်လိုက်ရာ တောစပ်တစ်နေရာသို့ ပြန်ရောက်နေသည်ကို တွေ့လိုက်ရသည်၊

ထိုနောက် နတ်မီးတောင်သို့ ထွက်ခွာလာခဲ့လေတော့သည်။



## (၅၇)

နတ်မီးတောင်တွင် သိုင်းလောကသားများ စုံလင်စွာ ရောက်ရှိနေကြလေပြီ။

ယခုနှစ်သိုင်းပြိုင်ပွဲတွင် လုံခြုံရေးအစီအစဉ်များကို တင်းကြပ်စွာ ချထား၏။

နတ်မီးတောင် တက်လမ်းတစ်လျှောက်နှင့် ပြိုင်ပွဲ ကျင်းပသည့် နေရာများတွင် နတ်မီးတောင်ဂိုဏ်းသားများက နေရာမလပ် စောင့်ကြည့်နေကြ၏။

သိုင်းဂိုဏ်းကြီး အသီးသီးမှ ဂိုဏ်းချုပ်ကြီးများ အလည်းတပည့်တပန်းများ စုံလင်စွာနှင့် ရောက်နေကြလေပြီ။

နတ်မီးတောင် သိုင်းပြိုင်ပွဲကြီးမှာ ယနေ့ စတင် ကျင်းပသည်ဖြစ်၏။

ပြိုင်ပွဲစင်မြင့်ကြီးမှာ အလွန်ကြီးကျယ်ခမ်းနားသလို ရောင်စုံအလံများ လွင့်ထူထား၏။

ကျယ်ပြန့်လှသော မြေကွက်လပ်ကြီးတစ်ခုလုံး သိုင်းလောကသားများနှင့် ပြည့်နှက်သွား၏။

နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်က ကဖိတ်ဖိတ်တောက်လက်နေသော အနီရောင်ဝတ်ရုံလွှာကြီးကို ဝတ်ဆင်ထား၏။

ယွန်မြောက်ရှန်နှင့်အတူ သိုင်းဂိုဏ်းကြီးများမှ ဖိတ်ကြားထားသော ဂိုဏ်းချုပ်ကြီးများ၊ သိုင်းလောကသားများ ရှိနေကြသည်။

ပြိုင်ပွဲမစတင်မီ ယွန်မြောက်ရှန်က ပြိုင်ပွဲစင်မြင့်ကြီးပေါ်သို့ တက်ရောက်လာကာ....

'ယခုသိုင်းပြိုင်ပွဲဟာ စိန်ခေါ်သိုင်းပြိုင်ပွဲကြီးတစ်ရပ်ဖြစ်ပါတယ်၊ ဒီနေရာမှာ ဘယ်သူမဆို စိန်ခေါ်တိုက်ခိုက်နိုင်တယ်၊ တကယ်လို့ အသက်ရှုံးသွားခဲ့ရင် မိမိတို့တာဝန်သာ ဖြစ်ပါတယ်၊ အကြမ်းဆုံး အရမ်းဆုံးနဲ့ မိမိကြိုက်နှစ်သက်ရာ လက်နက်နဲ့ တိုက်ခိုက်ခွင့်ရှိပါတယ်'

'ဟေး'
'ဟေး'
'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'
'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'





အော်ဟစ်အားပေးသံများက ဆူညံပွက်လောရိုက်သွားရသည်။ ယခုပြိုင်ပွဲသည် ထူးခြားသော အသွင်သဏ္ဍာန်ရှိနေသည်။

ကြမ်းကြမ်း ရမ်းရမ်း၊ အသက်စွန့်ယှဉ်ပြိုင်ရမည့် ပွဲကြီးပွဲကောင်းဖြစ်၏။

တစ်ယောက်နှင့်တစ်ယောက် ညှာတာနေစရာမလို၊ ရှုံးနိမ့်သူကို သတ်ခွင့်ရှိနေ၏။

ထို့ကြောင့် သိုင်းလောကသားများက ကျေနပ်အားရစွာ အော်ဟစ်လိုက်ခြင်းပင် ဖြစ်ပေတော့၏။

ပြိုင်ပွဲကျင်းပရာ နေရာနှင့် ပြိုင်ပွဲကျင်းပမည့် ဂိုဏ်းမှာ အနက်ရောင် သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်ကာ သူ့နယ်မြေအတွင်းတွင်ဖြစ်၏။

အနက်ရောင်သိုင်းဂိုဏ်းကြီးက ကြီးမှူးကျင်းပသည့် ဤသိုင်းပြိုင်ပွဲသည် အဘယ်မှာလျှင် တရားမျှတမှု ရှိပါမည်နည်း။

ရက်စက်ကြမ်းကြုတ်မှုကို အဓိကထားကာ ခွန်အားနှင့် ယှဉ်ပြိုင်မည့်ပွဲပင်ဖြစ်၏။

အကြမ်းဆုံး အရမ်းဆုံး ယှဉ်ပြိုင်ကြမည့် ပွဲများလည်း ဖြစ်ကြ၏။

ပထမဆုံး စင်ပေါ်သို့ တက်လာသူနှစ်ယောက်မှာ လူဘီလူးကြီးနှစ်ယောက်ပမာ သန်မာ ထွားကျိုင်းသော နှစ်ယောက်ပင် ဖြစ်ကြ၏။

11

တစ်ယောက်က ခေါင်းကိုမပြောင်နေအောင် တုံးထားကာ အစ်ယောက်က ကျစ်ဆံမြီး ရှည်ကြီးကို ကျောခတွင် ချထားသည်။

နှစ်ယောက်စလုံး အပေါ်ပိုင်း ဗလာကျင်းထားကာ ရင်အုပ်ကြွက်သားကြီးများမှာ အဖုအထုစကြီးများ ဖြစ်ပေါ်လျက် ရှိနေ၏။

လက်မောင်း လက်ဖျံကြီးများမှာ သံမဏိချောင်းကြီးများ ထပ်ဆင်ထားသလား အောက်မေ့ရလောက်အောင် မာကျောတုတ်ခိုင်နေကြ၏။

အရပ်အမောင်း မြင့်မားလှသလို မြင်လိုက်ရရုံနှင့်ပင် ကြက်သီးထစရာ ကောင်းလှပေတော့၏။

ခေါင်းတုံးပြောင် လူထွားကြီးက လက်တစ်ဖက်တွင် ကြီးမားသော သံတူကြီးတစ်ချောင်း ကိုင်ဆောင်ထား၏။

ထိုသံတူကြီးနှင့်သာ အရိုက်ခံလိုက်ရပါက အရိုးတခြား အသားတခြား ဖြစ်သွားရပေလိမ့်မည်။

ကျစ်ဆံမြီးရှည်ကြီးချထားသော လူဘီလူးကြီးကမူ လက်တစ်ဖက်တွင် သံကြိုးရှည်ကြီးတစ်ချောင်း ကိုင်ဆောင်ထားသည်။

သံကြိုးရှည်ကြီးထိပ်တွင် ဆူးချွန်ရှည်ကြီးများ ထိုးထိုးထောင်ထောင် ထွက်နေသည့် သံမဏိလုံးကြီး တစ်လုံးက ကြောက်လန့်ဖွယ်ရာ ရှိနေ၏။

ထိုသံမဏိလုံးကြီးသည် ပိဿာချိန်ပေါင်း မြောက်မြားစွာ လေးလှကာ သာမန်လူများ မပေ့ယမ်းနိုင်လောက်





အောင် လေးလံသော လက်နက်ကြီးတစ်ခုပင် ဖြစ်ပေတော့သည်။

ထိုဆူးချွန်သည် သံလုံးကြီးနှင့်သာ ထိထိမိမိကြီး အရိုက်ခံလိုက်ရပါက နေရာမှာပင် ပွဲချင်းပြီး အသက်ပျောက်သွားရပေလိမ့်မည်။

နှစ်ယောက်စလုံးမှာ နတ်မီးတောင်ဂိုဏ်းမှ ယက္ခညီနောင်ခေါ် လူသတ်သမားကြီးနှစ်ယောက်ပင် ဖြစ်ကြပေ၏။

အလွန် ရက်စက်ကြမ်းကြုတ်သော ညီနောင်နှစ်ယောက် ဖြစ်သည့် အိုင်ဝင်စူးနှင့် အိုင်စင်စူးတို့ပင် ဖြစ်ကြ၏။

သူတို့နှစ်ယောက်က စိန်ခေါ်ကြမည်ဖြစ်၏။ သူတို့နှစ်ယောက်ကို မည်သူမဆို ယှဉ်ပြိုင်နိုင်ခွင့် ရှိပေသည်။

သိုင်းလောကသားများမှာ စင်ပေါ်သို့ရောက်နေသည့် လူဘီလူးကြီးနှစ်ယောက်ကိုကြည့်ကာ ကြက်သီးများ ထသွားကြရသည်။

ဤအကောင်ကြီးနှစ်ကောင်နှင့်သာ ယှဉ်ပြိုင်ရမည်ဆိုပါက ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်သွားပေလိမ့်မည်။

သံတူကြီးကိုင်ဆောင်ထားသည့် ခေါင်းတုံးပြောင် လူထွားကြီးမှာ ယက္ခနှစ်ဖော်ထဲမှ အိုင်စင်ဝူးပင်ဖြစ်၏။

ကြိုးတပ်သံလုံးကြီး ကိုင်ဆောင်ထားသော ကျစ်ဆံမြီးနှင့် လူထွားကြီးမှာ ယက္ခငယ် အိုင်စင်လူးပင်ဖြစ်၏။

ယက္ခနှစ်ဖော်တို့က စင်မြင့်ထက်တွင် မားမားမတ်မတ်ကြီး ရပ်လျက် ရှိနေကြ၏။

ခေါင်းတုံးပြောင်လူထွားကြီး အိုင်စင်ဝူးက ပရိသတ်များအား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး စူးရှခက်ထန်သောလေသံဖြင့်....

'ဟိတ် ကျုပ်နဲ့ယှဉ်ပြိုင်ဝံ့လို့သူ ဘယ်သူမဆို လာရောက်ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ကျုပ်က ဖိတ်ခေါ်ပါတယ် ဟဲ ဟဲ ဟဲ'

သူကပြောရင်း လက်ထဲမှ လေးလံကြီးမားလှသော သံတူကြီးကို လေထဲတွင် ဝှီးခနဲဝှေ့ယမ်းပစ်လိုက်ပြီး ပခုံးပေါ်တွင် ဟန်ပါပါနှင့်ထမ်းထားလိုက်၏။

သံတူကြီး လေထဲတွင်ဝှေ့ယမ်းလိုက်သဖြင့် လေပြင်းတိုက်ခတ်သွားသည့်အလား ဝေါခနဲမြည်ဟည်းသွားရ၏။

သံကြိုးရှည်ကြီးတွင် သံမဏိလုံးကြီး တပ်ဆင်ထားသော လူထွားကြီး အိုင်စလူးကလည်း ပရိသတ်များကို သူ၏ အသံသြသြကြီးဖြင့်....

'ဟဲ ဟဲ ဟဲ ကျုပ်ကိုယှဉ်ပြိုင်ဝံ့ရင်ထက်လာခဲ့ပါ၊ ကျုပ်ကလဲ အချိန်မရွေးပါပဲ'

ပရိသတ်မှာ ပထမတွင် ငြိမ်သက်နေ၏၊ နောက်မှ တဖြည်းဖြည်း ဆူညံသောအသံများ ထွက်ပေါ်လာ၏။

ခေါင်းတုံးပြောင်လူထွားကြီး အိုင်စင်ဝူးကဟောင့်ခနဲပြက်ရယ်ပြုလိုက်ကာ....

'ဟား ဟား ဟား ကျုပ်ကို ဘယ်သူမှ မယှဉ်ဝံ့ကြဘူးလား၊ ဒါနဲ့များ သိုင်းလောကသားတွေ လုပ်နေကြသေးတယ်'





ထိုအခါ ပွဲရှုသူညံလာကြ၏။ မကြာမီ သိုင်းလောကသားထဲမှ သိုင်းသမားတစ်ယောက်က စင်ပေါ်သို့ လှမ်းတက်လာသည်။

ထိုသူက ပိန်ပိန်ပါးပါးဖြစ်ကာ အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

လက်ထဲတွင် ယပ်တောင်တစ်ချောင်း ကိုင်ဆောင်ထား၏။ ထိုသူက ယပ်တောင်ကို တဖျပ်ဖျပ် ခတ်လိုက်ရင်း ခေါင်းတုံးပြောင် လူထွားကြီး အိုင်စင်ဝူးအား....

'ကျုပ်က သိုင်းလောကသား တစ်ယောက်ပါ၊ ခင်ဗျားနဲ့ ယှဉ်ပြိုင်ခွင့်ပြုပါ'

ထိုစာပေသမားဟန်ပေါက်နေသူက ခေါင်းတုံးပြောင် လူထွားကြီးကို အရိုအသေပြုရင်း ယဉ်ကျေးသိမ်မွေ့စွာ ပြောကြားလိုက်၏။

ခေါင်းတုံးပြောင်လူထွားကြီးက ထိုသူကိုကြည့်ကာ ဟားဟား ရယ်မောလိုက်ရင်း....

'ဟား ဟား ဟား မင်းကြည့်ရတာ စာပေသမားတစ်ယောက်ထင်တယ်၊ ဒီနေရာကို စိတ်ကူးယဉ်ပြီး မျက်စိလည်လမ်းမှားရောက်လာတာလား၊ ဒီနေရာဟာ စာပေထဲကလို စိတ်ကူးယဉ်လို့ရတဲ့ နေရာမဟုတ်ဘူး မင်းစိတ်ကူးတွေပြောင်းပြီး စင်ပေါ်ကနေ ခုချက်ချင်း ဆင်းသွားလိုက်ပါ'

စာပေသမားဟန်ရှိသူက ဟက်ခနဲ ရယ်မောလိုက်ပြီး....

'ဒီနေရာမှာ ဘယ်သူမဆို ယှဉ်ပြိုင်ခွင့်ရှိနေတယ် မဟုတ်လား၊ ခင်ဗျားက စိန်ခေါ်လို့ ကျုပ်က ထက်လာတာ၊ ခင်ဗျားက ကျုပ်ကို မယှဉ်ပြိုင်ချင်လို့လား'

'မယှဉ်ပြိုင်ချင်လို့မဟုတ်ဘူးကွ၊ မင်းနဲ့ငါက ဆင်နဲ့ဆိတ်လို ဖြစ်နေတယ်'

'ဆင်နဲ့ဆိတ်ဖြစ်စရာအကြောင်း မရှိပါဘူး၊ အစိကကာ သိုင်းပညာပါပဲ၊ ခင်ဗျားနဲ့ ကျုပ်ကြားမှာ သိုင်းပညာရှိတယ်၊ ဒါကြောင့် ကျုပ်ကလဲ ခင်ဗျားကို စိန်ခေါ်တယ်၊ ခင်ဗျား ကျုပ်ကို မယှဉ်ဝံ့ရင်ပြောပါ'

'ဟင်'

ခေါင်းတုံးပြောင် လူထွားကြီးသည် စာပေသမားစကားကြောင့် ဒေါသခနဲ ဒေါသထွက်သွားရပြီး မျက်လုံးအစုံ စူးရှတောက်လက်သွားရကာ....

'ကောင်းပြီ မင်းက ဒီလောက်တောင် သေချင်နေမှတော့ မင်းဆန္ဒကို ငါဖြည့်စွမ်းပေးရတော့မှာပေါ့၊ မင်းမသေခင် မင်းဘယ်ကလဲ၊ မင်းဘယ်သူလဲဆိုတာ ငါ့ကို ပြောသွားခဲ့စမ်းပါဦး....'

သခင်မကြီးဖေးဖုန့်၏ သမီးချောကလေး ဖေးလွမ်းမှာ ထိုစာပေသမားကိုကြည့်ကာ စိတ်ထဲမှာ ကြိတ်၍သဘောကျနေရလေ၏။

ဖေးလွမ်းမှာ စာပေသမားကို သဘောကျနေကြောင်း ရိပ်မိလိုက်သဖြင့် ယွန်မြောက်ရှန်၏သား ယွန်တီမှာ စာပေသမားကို အကောင်ကလေး မျက်မုန်းကျိုးသွားရ၏။





ခေါင်းတုံးပြောင်လူထွားကြီး အိုင်စင်ဝူးကပြောရင်း သံတူကြီးကို လက်တစ်ဘက်တွင် အသာအယာ ကိုင်ဆောင်ထားလိုက်၏....။

စာပေသမားဟန်ရှိသူက ယပ်တောင်ကို တဖျပ်ဖျပ်ခတ်လိုက်ပြီ....

'ကျုပ်နာမည်က ခမ်ဝေယန်လို့ ခေါ်ပါတယ်၊ စာပေသမား သိုင်းပညာရှင်တစ်ယောက်ပဲ၊ ခင်ဗျားနဲ့ကျုပ် ယှဉ်ပြိုင်ကြရအောင်လား'

စင်အောက်မှ ပရိသတ်များမှာ စာပေသမားကိုကြည့်ကာ ဝေဖန်ပြောကြားလျက် ရှိနေကြ၏။

'ဟာ ဒီကောင် ငယ်ငယ်နဲ့ သေတော့မှာပဲ၊ အိုင်စင်ဝူးအကြောင်း မသိသေးဘူးထင်တယ်'

'စာပေသမားတော့ အေးအေးဆေးဆေးမနေဘူး၊ ဒီနေရာမှာလာပြီး ကိုယ့်ဆေတွင်း ကိုယ်တူးနေတယ်'

'ဒကောင်လေးတော့ သနားပါတယ်'

ပရိသတ်များက စာပေသမားဝမ်ဝေယန်ဆိုသူကိုကြည့်ကာ အမျိုးမျိုး ဝေဖန်ပြောကြားလျက်ရှိနေကြ၏။

နတ်မိးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်နှင့် ကြယ်နီဂိုဏ်းချုပ် သခင်မကြီး ဖေးဖုန့်တို့မှာလည်း စာပေသမား ဝမ်ဝေယန်ဆိုသူကို ကြည့်ကာ တအံ့တဩဖြစ်နေကြရ၏။

ဖေးဖုန့်၏ သမီးချောကလေး ဖေးလွမ်မှာ စာပေသမား ဝမ်ဝေယန်ဆိုသူကို ရွှန်းလက်တောက်ပသော မျက်ဝန်းကလေးအစုံဖြင့် စူးစိုက်ကြည့်နေမိ၏။

အချို့သောပရိသတ်များကမူ စာပေသမား ဝမ်ဝေယန်ကို ချီးကျူးပြောကြားလျက် ရှိနေကြ၏။

'တော်ကတ် တကယ်သတ္တိကောင်းတဲ့ ကောင်လေးပဲ၊ သူများမလုပ်ရဲတဲ့အလုပ်ကို လုပ်တယ်'

'သူသာမကယ်ရင် ငါတို့သိုင်းလောကသားတွေ နာမည်ပျက်တော့မှာပဲ'

'အောင်မာ-သူမတက်ရင် ငါတက်မလို့ပါကွ၊ သူဦးသွားလို့ပါ'

စင်ပေါ်ကွင်း ယခုအခါ ပြိုင်ဘက်တစ်ယောက် ရောက်ရှိနေဖြစ်ရာ ကျန်လူထွားကြီး တစ်ယောက်ဖြစ်သော ကျစ်ဆံမြီးနှင့် လူထွားကြီး အိုင်စင်ဝူးက စင်ပေါ်မှ ဆင်းပေးလိုက်၏။

'ဟေး'

'ဟေး'

'ဖြောင်း ဖြောင်း 'ဖြောင်း'

'ဖြောင်း ဖြောင်း ဖြောင်း'

'စာပေသမားကွ'

'ဝမ်ဝေယန်ကွ'

'ယကျွညီနောင်ကွ'

'အိုင်စင်ဝူးကွ'

ပရိသတ်များက တစ်ခဲနက် အော်ဟစ်အားပေးလိုက်ကြ၏။ ယကျွညီနောင်၏အဖွဲ့သားများက ယကျွညီနောင်ကို အားပေးအော်ဟစ်နေကြသလို သိုင်းလောကသားများကလည်း စာပေ





သမား ဝမ်ဝေယန်ကို အော်ဟစ်အားပေးလျက် ရှိနေကြလေသည်။

စာပေသမား ဝမ်ဝေယန်နှင့် လူ့ဘီလူးကြီးအိုင်စင်ဝူးတို့က မျက်နှာချင်းဆိုင် ရပ်လိုက်ကြ၏။

အိုင်စင်ဝူးက ဝမ်ဝေယန်ကို အထင်အမြင် သေးစွာနှင့် ကြည့်ရင်း....

'ဟိတ် စာပေသမား၊ မင်းက ငါ့ကို ဘာလက်နက်နဲ့ တိုက်ခိုက်မှာလဲ၊ ဘယ်မှာလဲ မင်းလက်နက်'

စာပေသမား ဝမ်ဝေယန်က ယပ်တောင်ကို ဖြန့်ပြလိုက်ရင်း....

'ဒီယပ်တောင်ဟာ ကျုပ်ရဲ့လက်နက်ပဲ၊ ဒီယပ်တောင်ဟာ ရိုးရိုးယပ်တောင် မဟုတ်ဘူး၊ သံမဏိ ယပ်တောင်ပဲ၊ ကျုပ်ရဲ့ သံမဏိယပ်တောင်နဲ့ထိလိုက်ရင် ခင်ဗျားထက် ထွားကျိုင်းတဲ့လူတွေတောင် ဗုန်းခနဲလဲကျသွားရလိမ့်မယ်'

ခေါင်းတုံးပြောင် လူထွားကြီး အိုင်စင်ဝူးက ပြူးကျယ်စိုင်းစက်သော မျက်လုံးအစုံဖြင့် ဝမ်ဝေယန်၏ သံမဏိ ယပ်တောင်ကို တစ်ချက်စူးစိုက်ကြည့်လိုက်ရာ....

'ဟား ဟား ဟား မင်းယပ်တောင်က ငါ့လက်နက်လောက် အစွမ်းမထက်ပါဘူး၊ ငါ့လက်နက်နဲ့ မင်းတစ်ချက်သာ အခုခံလိုက်ရရင် စိစိညက် ကြေမွသွားရမှာပဲ၊ ဟား....ဟား,... ဟား...'

'ဝှီး'

စကားဆုံးသည်နှင့် ခေါင်းတုံးပြောင်လူထွားကြီး အိုင်စင်ဝူးက သူ၏ကြီးမားလေးလံလှသော သံတူကြီးကို လေထဲတွင် တဝှီးဝှီး ဇ ဆက်မပြတ် ဝေ့ယမ်းပြလိုက်၏။

ပီသာချိန်ပေါင်း မြောက်မြားစွာ လေးလံသော သံတူကြီးမျိုးကို တုတ်ချောင်းကလေးတစ်ချောင်းသဖွယ် သဘောသဘားကာ လွယ်ကူပေါ့ပါးစွာ ဝှေ့ယမ်းနိုင်စွမ်းရှိသည်မှာ လွယ်ကူသောအလုပ် မဟုတ်ပါချေ။

အတင်းအားဆလွန်မြင့်မားပြီး ခွန်အားဗလနှင့် ပြည့်စုံမှသာလျှင် ဤလို ကြောက်စရာကောင်းသော လက်နက်မျိုးကို ကိုင်ဆောင်နိုင်စွမ်း ရှိကြပေ၏။

ဤလက်နက်မျိုးကို ကျွမ်းကျင် ပိုင်နိုင်စွာ မကိုင်ဆောင်မတိုက်ခိုက်တတ်ပါက ကိုယ့်အတတ်နှင့်ကိုယ်စူးကာ ကိုယ့် ပြန်ရိုက်မိပြီး အသက်ပျောက်သွားရပေလိမ့်မည်။

နှစ်ယောက်လုံး တိုက်ခိုက်ရန် အသင့်ဖြစ်နေသည်နှင့် နတ်မီးတောင် ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်က မတ်တပ်ရပ်လိုက်သာ....

'ကိုင်း မင်းတို့နှစ်ယောက်ဟာ ဒီနှစ် နတ်မီးတောင် သိုင်းပြိုင်ပွဲကြီးမှာ ပထမဆုံး ယှဉ်ပြိုင်ရမယ့် ပွဲစဉ်ဖြစ်တယ်။ သက္ကနှစ်ဖော်သတော့ ငါတို့ နတ်မီးတောင်က သိုင်းပညာရှင်တွေဖြစ်ကြတယ်၊ စာပေသမား ဝမ်ဝေယန်ကတော့ သီးသန့်ယှဉ်ပြိုင်သူဖြစ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီပြိုင်ပွဲဟာ စိန်ခေါ်ပွဲတွေဖြစ်တဲ့အတွက် စိန်ခေါ်လို့ တက်လာသူကို ကိုယ်ဘက်က လက်ခံယှဉ်ပြိုင်ရမှာဖြစ်တယ်၊ ခန္ဓာကိုယ်ချင်း ကွာခြားလို့ သိုင်းပညာ





ချင်း ကွာခြားလို့ဆိုပြီး ငြင်းပယ်လို့မရဘူး၊ တိုက်ခိုက်ချင်သူအားလုံးကို လက်ခံကြရမယ်၊ ကိုင်း အိုင်စင်ဝူးနဲ့ ဝမ်ဝေယန် မင်းတို့နှစ်ယောက် စပြီး တိုက်ခိုက်ကြပေတော့'

'ဒေါင်'

'ဒေါင်'

နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်က စကားဆုံးသည်နှင့် လက်ယာဖက်ကို ဝေ့ယမ်းပြလိုက်ရာ နတ်မီးတောင်ဂိုဏ်းသားများက ပြိုင်ပွဲစတင်ရန် ကျောက်ခေါင်းလောင်းနေ များကို ထိုးနှက် အချက်ပေးလိုက်၏။

'ယား'

'ဝိုး....'

ပြိုင်ပွဲစတင်ရန် အချက်ပေးလိုက်သည်နှင့် လူ့ဘီလူးကြီး အိုင်စင်ဝူးက သံတူကြီးကို ဝေ့ယမ်းကာ စာပေသမား ဝမ်ဝေယန်အား ဦးခေါင်းပေါ်မှ မိုး၍ ပြင်းထန်စွာ ထုချလိုက်လေသည်။

'ဒုန်း'

'ဒုန်း'

စာပေသမား ဝမ်ဝေယန်က လျင်မြန်စွာ ရှောင်တိမ်းပေးလိုက်ရာ သံတူကြီးက ဝမ်ဝေယန်ကို မရိုက်မိဘဲ ကြမ်းပြင်ကိုသာ ရိုက်ခတ်မိလိုက်၏။

ဝုန်းခနဲ ဒုန်းခနဲ ကျယ်လောင် အသံကြီးများနှင့်အတူ ပြိုင်ပွဲစင်ကြီးတစ်ခုလုံးမှာ လျှောင်လှုပ်ခါလိုက်သည့်အလား သိမ့်သိမ့်တုန်ခါသွားရ၏။

'ယား'

'စွစ်'

ခေါင်းတုံးပြောင် လူထွားကြီး အိုင်စင်ဝူးက ကျယ်လောင်မာန်သွင်းသံပြိုကာ စာပေသမား ဝမ်စဝယန်၏ ခါးဆစ်ရိုးဆီသို့ သံတူကြီးနှင့် ဖြတ်ကာ ရိုက်ပစ်လိုက်သည်။

'ဟိုင်း'

စာပေသမား ဝမ်ခဝယန်အ သံတူကြီး ဝင်ရောက်လာသည့်အထက်သို့ ခုန်လွှားကာ ရှောင်တိမ်းပေးလိုက်၏။

သံတူကြီးအ ဝမ်ဝေယန်၏ ကိုယ်အောက်မှ ဝေါခနဲ အရှိန်ပြင်းစွာ ပြေးထွက်သွား၏။

'ဝေါ'

'ဟူး'

သံတူကြီး၏ အရှိန်အဟုန်မှာ ကြောက်မက်ဖွယ်ရာကောင်းလှပေ၏။

'ဖြန်း'

စာပေသမား ဝမ်ဝေယန်က လက်ထဲမှ သံမဏိယပ်တောင်ကို ဖြန်းခနဲ ဖွင့်ထုတ်လိုက်သည်၊

ပြီးနောက် သံမဏိယပ်တောင်ကို တစ်ပတ်လှည့်ကာ ဝှီးခနဲ ဝေ့ယမ်းတိုက်ခိုက်ပစ်လိုက်၏။

တဝင်းဝင်း တလက်လက်နှင့် ပြေးဝင်လာသော သံမဏိယပ်တောင်ကို မြင်လိုက်ရသည်နှင့် ခေါင်းတုံးပြောင်လူထွားကြီး အိုင်စင်ဝူးက သူ၏ သံတူကြီးနှင့် ဝေ့ယမ်း ခတ်ထုတ်ပစ်လိုက်၏။





'ဝှီး'

'ချွမ်း'

'ထန်း'

သံမဏိယပ်တောင်နှင့် သံတူကြီးတို့ ပြင်းထန်စွာ ထိခတ်ကာ မီးများပွင့်ထွက်သွားရ၏။

'ဖွီ ဖွီ ဖွီ'

သံမဏိယပ်တောင်မှာ တဖိတ်ဖိတ် တောက်ပနေကာ အသွားများမှာ မြှီကာ ခေးသွားပမာ ထက်မြက်လျက် ရှိနေသည်။

သံမဏိယပ်တောင်က ခေးစက်ဝိုင်းကြီးများဝမာ လည်ပတ်ကာ တိုက်ခိုက်လျက် ရှိနေ၏။

သံမဏိယပ်တောင်နှင့်သာ တစ်ချက် အထိခံလိုက်ရပါက ထိလိုက်သည့်နေရာမှာ တိခနဲ ပြတ်ထွက်သွားရမည်မှာ သေချာလှပေတော့၏။

ထို့ကြောင့် ခေါင်းတုံးပြောင် လူထွားကြီး အိုင်စင်ဝူးမှာ တစ်ဆက်မှ ကြွမ်းတမ်းခက်ထန်စွာ တိုက်ခိုက်နေသလိုဖြစ်မှုအည်း စာပေသမား ဝမ်ဝေယန်၏ သံမဏိယပ်တောင်ကို အထူးသတိထားကာ တိုက်ခိုက်နေရ၏။

နှစ်ယောက်လုံး၏ တိုက်ခိုက်မှုမှာ အလွန်ကြည့်ကောင်းလှပေရာ ပရိသတ်များနှင့် သိုင်းလောကသားများမှာ အော်ဟစ်အားပေးသံများ၊ လက်ခုပ်သံများမှာ မစဲအောင် ရှိနေကြရလေတော့၏။

'ဟေး စာပေသမားကွ'

'အတ္တဘောကြီးကို အလဲချကွ'
'သန်ကုန်မြေလေးကြီးကို ရှင်းပစ်လိုက်'
'အိုင်စင်ဝူး ထုလိုက်ပါတော့လား'
'ခေါင်းကို ပြားသွားအောင် ထုလိုက်ဟေ့'

ဖေးဖုန့်၏ သမီးချောလေး ဖေးလွမ်မွှာ စာပေသမားဝမ်ဝေယန်ကို အော်ဟစ်အားပေးလျက် ရှိနေ၏။

သူမ၏ လက်ဝါးကလေးနှစ်ဖက်မှာ လက်ခုပ် တီးရလွန်း သဖြင့် နီရဲနေလေပြီ။

သခင်မကြီး ဖေးဖုန့်က သမီးဖြစ်သူဖက်သို့ လှည့်ကာ မျက်စောင်းတစ်ချက် ခေ လိုက်တော့မှ ဖေးလွမ်မှာ ခေါင်းကလေး ငုံကာ လျှာကလေးတစ်လျစ် ဖြစ်သွားရ၏။

စာပေသမား ဝမ်ဝေယန်သည် ရုပ်ရည် သန့် ပြန့် ပြီး ယောကျာ်းပီသသူ တစ်ယောက် ဖြစ်၏။

မည်သူကမျှ သူ့ကို ဤမျှလောက် သိုင်းပညာအဆင့် မြင့်မားမည်ဟု မထင်မှတ်ခဲ့မိကြပါချေ။

ယခုမူ စာပေသမား ဝမ်ဝေယန်က အင်မတန် ခွန်အားဗလကြီးမားကာ ကြောက်စရာကောင်းလှသော ဘီလူးကြီးအိုင်စင်ဝူးကို ဘတစ်ပြန်ကျားတစ်ပြန် တိုက်ခိုက်နေနိုင်သဖြင့် အားလုံးမှာ တအံ့တဩ ဖြစ်သွားကြရ၏။

ပထမတွင် အားလုံးက တိုတောင်းလှသော အချိန်ကလေးအတွင်း အိုင်စင်ဝူးက ဝမ်ဝေယန်ကို သိုင်းကွက်လေးငါးကွက်အတွင်း လဲကျသွားအောင် တိုက်ခိုက်နိုင်မည်ဟု မှတ်ထင်ယူဆခဲ့ကြ၏။





ယခုမူ သိုင်းကွက် ငါးဆယ်ကျော်လာသည့်တိုင် ခေါင်းတုံးပြောင်လွှတ်သွားကြီး အိုင်စင်ဝူးက စာပေသမား ဝမ်ဝေယန်ကို လဲကျသွားအောင် တိုက်ခိုက်ဖို့ မဆိုထားနှင့်၊ ဝမ်ဝေယန်၏ အင်္ကျီစကလေးကိုပင် ထိအောင် တိုက်ခိုက်နိုင်စွမ်း မရှိပါချေ။

စန်းချုံယဲ့မှာလည်း လူအုပ်ကြားတွင် ရောနှောကာ စင်ပေါ်မှ တိုက်ခိုက်နေသူနှစ်ယောက်ကို စူးစိုက်ကြည့်နေမိ၏။

သူက စင်ပေါ်သို့ တက်တော့မည့်ဆဲဆဲ စာပေသမား ဝမ်ဝေယန်က သူ့ အလျင်ဦးစွာစင်ပေါ်သို့ လွှားတက်သွားခြင်း ပင်ဖြစ်၏။

ခေါင်းတုံးပြောင် လူထွားကြီး အိုင်စင်ဝူးက ဗလအားကိုး၊ သိုင်းပညာအားကိုးဖြင့် သိုင်းလောကသားများကို စော်ကားနှိမ်ကား ပြောဆိုကာ စိန်ခေါ်ခဲ့၏။

ဤသည်ကို မကျေနပ်သူက အထူးများပြားနေ၏။ စင်ပေါ်သို့ သူတက်မည်၊ ငါတက်မည် တကဲကဲ ပြုလုပ်နေစဉ်မှာပင် သတ္တိခဲ စာပေသမား ဝမ်ဝေယန်က တက်ရောက်သွားခြင်းပင် ဖြစ်၏။

စန်းချုံယဲ့မှာ စာပေသမား ဝမ်ဝေယန်ကို ကြည့်ကာ စိတ်ထဲမှ ကျိတ်၍ ချီးကျူးနေမိ၏။

သူကိုယ်တိုင်ကလည်း အခြားသူများနည်းတူ ဝမ်ဝေယန်ကို အော်ဟစ် အားပေးနေမိ၏။

'ဝမ်ဝေယန်ကွ၊ ချထားကွ'
'အတ္တဘောကြီးကို ကောင်းကောင်းကြီးဆုံးမပေးလိုက်ကွ'

စန်းချုံယံ့က အသံကျယ်ကျယ်ဖြင့် အော်ဟစ်အားပေးနေမိ၏။

အနက်ရောင်သိုင်းသမားအများစုက လူ့ဘီလူးကြီးအိုင်စင်ဝူးကို အော်ဟစ် အားပေးနေကြသလို အဖြူရောင်သိုင်းသမားအများစုက စာပေသမား ဝမ်ဝေယန်ကို အော်ဟစ် အားပေးလျက် ရှိနေကြ၏။

'ယား'

'ဟိုင်း'

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

သံတူကြီးနှင့် သံမဏိယပ်တောင်တို့က ပြင်းထန်စွာ ထိခတ်လိုက်မိကြ၏။

ဤတွင် မြင်လိုက်ကြရသူအားလုံး ဟာခနဲဟင်ခနဲ ဖြစ်သွားကြရ၏။

အကြောင်းမှာ စာပေသမား ဝမ်ဝေယန်၏ သံမဏိ ယပ်တောင်လက်ချက်ကြောင့် ခေါင်းတုံးပြောင်လူထွားကြီးအိုင်စင်ဝူး၏ ကြီးမားလေးလံသော သံတူကြီးမှာ နောက်သို့ ပြန်ကန်ထွက်သွားရခြင်းပင်တည်း။

'ဟာ'

'ဟင်'

'ဟယ်'

သံတူကြီး နောက်သို့ ကန်ထွက်သွားသည်ကို တွေ့မြင်လိုက်ကြရလျှင် အားလုံးမှာ တအံ့တဩဖြစ်သွားကြရ၏။





မိန်းမချောလေးဖေးလွမ်မှာ ဝမ်းသာအားရဖြင့် လက်ခုပ်ကလေးပင် ယောင်ယမ်းကာ တီးလိုက်မိတော့သည်။

စာပေသမား ဝမ်ဝေယန်၏အတွင်းအားမှာ အလွန်ကြီးမားနေကြောင်းကို အားလုံးက ရိပ်စားမိလိုက်ကြရ၏။

နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်မှာ မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားရလေတော့သည်။

'ဟင်....'

ခေါင်းတုံးပြောင်လူထွားကြီး အိုင်စင်ဝူးမှာ စာပေသမား ဝမ်ဝေယန်၏ ကြီးမားပြင်းထန် နက်ရှိုင်းလှသော အတွင်းအားကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလျှင် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားရ၏။

သူသည် တာလွှတ်တွင် အရမ်းပြေးခဲ့ပြီး လမ်းတစ်ဝက်တွင် အမောဆို့နေသော အပြေးသမား တစ်ယောက်ပမာ ဖြစ်ပေါ်နေရ၏။

သူသည် စုစချင်း ခွန်အားကိုစိုက်ကာ ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်ခဲ့ပြီး နောက်ပိုင်းတွင် ခြေကုန်လက်ပန်း ကျလာခဲ့ရ၏။

စာပေသမား ဝမ်ဝေယန်ကမူ စုစချင်း တာထွက်တွင် နောက်မှပြေးထွက်ခဲ့ပြီး တာဝင်တွင် ကျော်တက်သွားသူ တစ်ယောက်လို ဖြစ်နေ၏။

သိုင်းကွက်ငါးဆယ်အတွင်း ဝမ်ဝေယန်သည် အိုင်စင်ဝူးနှင့် ဘာတစ်ပြန် ကျားတစ်ပြန် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည်။

12

သိုင်းကွက် ငါးဆယ်ကျော်လာသည်နှင့် ဝမ်ဝေယန်သည် အရှိန်ရလာကာ ပြင်းထန်ကြမ်းတမ်းစွာ စတင်တိုက်ခိုက်လာသည်။

သူ၏ သံမဏိယပ်တောင်သည် လေထဲတွင် ယပ်တောင်များ ပြည့်နှက်နေသလို ထင်ရကာ လေမုန်တိုင်းကြီး ကျလာသကဲ့သို့ ဖြစ်ပေါ်လာရသည်။

ခေါင်းတုံးပြောင်လူထွားကြီး အိုင်စင်ဝူးသည် အလူးအလဲရှောင်တိမ်း ကာကွယ်နေရသည်။

'ဝှစ် ဝှစ် ဝှစ်'

သံမဏိယပ်တောင်လက်ချက်ကြောင့် အိုင်စင်ဝူး၏ ပခုံးတွင် သွေးများအဆ ပန်းထွက်လာရသည်။

အိုင်စင်ဝူးက အံကြိတ်ကာ တန်ပြန်တိုက်ခိုက်လိုက်သည်၊ စာပြည်းဖြည်းနှင့် လူ့ဘီလူးကြီး အိုင်စင်ဝူးမှာ လေပြင်းတိုက်ခံရသော သစ်ပင်ကြီးသဖွယ် ဟိုယိမ်းသည်ယိုင် ဖြစ်လာရ၏။

'ဝှီ ဝှီ ဝှီး ဝှီး'

သံတူကြီးနှင့် အဆက်မပြတ် ဝေ့ယမ်းတိုက်ခိုက်နေသော်လည်း စာပေသမားဝမ်ဝေယန်ကို လူမဆိုထားနှင့် အင်္ကျီစလေးပင်ထိအောင် တိုက်ခိုက်နိုင်စွမ်း မရှိပါချေ။

'ရှမ်း'

'အား'

ရုတ်တရက် စာပေယမား ဝမ်ဝေယန်က သံမဏိယပ်တောင်ကို ဖွင့်ထုတ်ရင်း အိုင်စင်ဝူးကို ဝေ့ယမ်းတိုက်ခိုက်ပစ်





လိုက်ရာ အိုင်စင်ဝူး၏ရင်ပတ်တွင် နီရဲသော အစင်းကြောင်းကြီးတစ်ခု ဖြစ်ပေါ်လာပြီး သွေးများက မြင်မကောင်းအောင် စီးကျလာရ၏။

'ဟင်'

အိုင်စင်ဝူးသည် ထောင်းခနဲ ဒေါသထွက်သွားကာ သံတူကြီးကိုမြှောက်ရင်း ဝမ်ဝေယန်ကို အားပါးတရ ထုချလိုက်တော့သည်။

'ယား'

'ဝုန်း'

ဝမ်ဝေယန်က သံတူကြီး အပေါ်မှ ကျဆင်းလာသည်နှင့် တစ်ဖက်သို့ ခုန်ထွက်ကာ ခြေကွက်ဖြင့် အိုင်စင်ဝူး၏ နံစောင်းကို ဆန်ထုတ်ပစ်လိုက်သည်။

'ဒုန်း'

'အား'

သည်တစ်ကြိမ်တွင်မူ ခေါင်းတုံးပြောင်လူထွားကြီး အိုင်စင်ဝူးတစ်ယောက် ကြံ့ကြံ့မခံနိုင်တော့ပေ။

သူသည် ငှက်ပျောပင်ကို ဓားနှင့် ခုတ်ဖြတ်လိုက်သည့်အလား စင်ပေါ်သို့ ဘုန်းခနဲ ထိုးလဲကျသွားရတော့၏။

'ဟေး'

'ဟေး ဟေး'

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

'စာပေသမားကွ၊ ဝမ်ဝေယန်ကွ'

'အတ္တဘောကောင်ကြီး ကျသွားပြီဟေ့'

ခေါင်းတုံးပြောင်လူထွားကြီး အိုင်စင်ဝူး ဘုန်းခနဲ ပြိုကျသွားသည်နှင့် အားလုံးက ဝမ်းသာအားရ အော်လိုက်ကြ၏။

မိန်းမချောလေး ဖေးလွမ်မှာ ဝမ်းသာလွန်းသဖြင့် အော်ဟစ်အားပေးကာ လက်ခုပ်ကို တဖြောင်းဖြောင်း တီးလိုက်မိသည်။

နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်မှာ စင်ပေါ်သို့ လဲပြိုကျသွားသည့် သူ၏တပည့်ကျော်ကြီး အိုင်စင်ဝူးကို ကြည့်ကာ မျက်စိမျက်နှာပျက်ကာ မျက်နှာကြီး မည်းမှောင်သွားရသည်။

ယွန်မြောက်ရှန်၏သား ယွန်ထီမှာလည်း မျက်နှာ ကွက်ခနဲ ပျက်သွားရ၏။

ယွန်ထီက စာပေသမားစမ်ဝေယန်ကို တင်ခဲ့နက် အော်ဟစ်အားပေးနေသည့် မိန်းမချောလေး ဖေးလွမ်ကိုကြည့်ကာ စိတ်ထဲမှ အတော်ကလေး မကျေမနပ် ဖြစ်သွားရသည်။

ထို့ကြောင့် ယွန်ထီက စိတ်ထဲမှ ထောင်းခနဲ ဖြစ်သွားကာ ပြိုင်ပွဲစင်မြင့်ထက်သို့ မြားပစ်သလို ထိုးတက်သွားမိလေတော့သည်။

'ယား'

'ဝှစ်'

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ယွန်ထီသည် ပြိုင်ပွဲစင်မြင့်ထက်သို့ ကျရောက်သွားရ၏။





သူက အောက်ရှိ သိုင်းသမားများကို အမိန့်ပေးလိုက်ရာတွင် စင်ပေါ်မှ ပြားပြားကြီး လဲကျ မေ့မျောနေသော ခေါင်းတုံးပြောင် လူထွားကြီးအိုင်စင်ဝူးကို လာရောက်ထမ်းခေါ်သွားကြ၏။

ယွန်ထီက စာပေသမားဝမ်ဝေယန်အား...

'မိတ်ဆွေ ကျုပ်ဟာ ဟောဒီ နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်ရဲ့သား ယွန်ထီ ဖြစ်ပါတယ်၊ မိတ်ဆွေနဲ့ကျုပ် ယှဉ်ပြိုင်ပါရစေ၊ ကျုပ် မိတ်ဆွေကို စိန်ခေါ်ပါတယ်'

'ဟေး'

'ဟေး'

'သခင်လေးကွ'

'ယွန်ထီကွ'

ယွန်ထီ၏ စကားကြောင့် အောက်မှနတ်မီးတောင် ဂိုဏ်းသားများက တစ်ခဲနက် အော်ဟစ်လိုက်ကြသည်။

စာပေသမားဝမ်ဝေယန်က ယွန်ထီကို ပြန်လည်၍ ဦးညွှတ်လိုက်ကာ....

'ကျုပ်က စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်မယ့်လူစားမျိုးပါ၊ မိတ်ဆွေစိန်ခေါ်တာကို ကျုပ်လက်ခံပါတယ်၊ ဒါနဲ့ မိတ်ဆွေက ဘယ်လိုယှဉ်ပြိုင်ချင်ပါသလဲ'

ယွန်ထီက အေးစက်စက်ထန်သော လေသံဖြင့်....

'ကျုပ်က ဓားသမားတစ်ယောက်ပါ၊ ဓားနဲ့ပဲ ယှဉ်ပြိုင်မယ်'

ဖွန့်ထ်ီ၏ စကားဆုံးသည်နှင့် အင်္ကျီလက်စကြီးတစ်ဖက်ကို ဝေ ယမ်းပစ်လိုက်ရာ သူ့လက်ထဲသို့ အင်္ကျီလက်စကြားမှ ဓားတစ်လက်မှာ မြွေတစ်ကောင်ပမာ လျောခနဲ ထွက်ကျရောက်ရှိလာသည်။

ဖွန့်ထ်ီ၏ဓားမှာ ပုံသဏ္ဌာန်အားဖြင့် ဆန်းပြားသောဓားတစ်လက်ပင်ဖြစ်၏

ဓားသည် မြွေတစ်ကောင်ပမာ တွန့်လိန်နေကာ အဆစ်ဆစ်များ ပါရှိနေ၏။

ထူးခြားသောဓားတစ်လက်ဖြစ်ကာ အဆိပ်သုတ်လိမ်းထားဖြင့် ပြာလဲ့လဲ့ တောက်ပလျက်ရှိနေ၏။

'ရှစ် ရှစ် ရှစ်'

ယွန့်ထီက အဆိပ်ဓားကို လေထဲတွင်ဝေ့ယမ်းလိုက်ကာ ဝမ်ဝေယန့်အား....

'ခင်ဗျားကလဲ ကျုပ်ကို ဓားနဲ့ပဲ တိုက်ခိုက်စေချင်တယ်၊ ဒါမှသာ ဓားချင်းယှဉ်လို့ ရမယ်မဟုတ်လား'

စာပေသမား ဝမ်ဝေယန့်က ခေါင်းခါယမ်းပြလိုက်ရင်း....

'ကျုပ်မှာ ဓားပါမလာဘူး၊ ဓားပညာဆာတော့ တတ်ကျွမ်းပါတယ်'

ယင်းအချိန်မှာပင် စန်းချုံယဲ့က စင်ပေါ်သို့ ကိုယ်ဖော့ပညာသုံးကာ လွှားတက်လိုက်၏။

'ရှင်'

'ဖျူး'





မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် စန်းချုံယဲ့က စင်မြင့်ပေါ်သို့ ပျံလွှားငှက်တစ်ကောင်သဖွယ် ထိုးဆင်းကျရောက်သွား၏။

စာပေသမား ဝမ်ဝေယန့်နှင့် ယွန့်ထီတို့က စန်းချုံယဲ့ကို အကဲခတ်ကြည့်လိုက်ကြ၏။

စန်းချုံယဲ့က ဝမ်ဝေယန့်အား...

'မိတ်ဆွေ ခင်ဗျားကို ကျုပ် လေးစားပါတယ်၊ မိတ်ဆွေရဲ့ အောင်မြင်မှုအတွက် ဂုဏ်ယူပါတယ်၊ စောစောက ကျုပ်က စင်ပေါ်တက်မယ်အလုပ်မှာ မိတ်ဆွေက ကျုပ်အလျင်ဖြတ်တက်ပြီး အတ္တဘောလောင်ကြီးကို ယှဉ်ပြိုင်တာပါ၊ အခု မိတ်ဆွေမှာ ဓားပါမလာဘူးဆိုလို့ ကျုပ်က မိတ်ဆွေကို ကျုပ်ဓားခေတ္တငှား လာပေးတာပါ၊ ကျုပ်ဓားနဲ့ ယှဉ်ပြိုင်စေချင်ပါတယ်၊ ဟောဒီဓားကတော့ ကျုပ်ရဲ့ နဂါးဓားပါပဲ၊ ဒီနဂါးဓားနဲ့အတူ မကောင်းမှု ကုသိုလ်ကောင်တွေကို နှိမ်နင်းနိုင်ပါတယ်....'

စန်းချုံယဲ့စကားကြောင့် ယွန့်ထီမှာ မျက်စိမျက်နှာပျက်ကာ ထောင်းခနဲ ဒေါသထွက်သွားရ၏။

နတ်မီးတောင် ဂိုဏ်းချုပ်ကြီး ယွန့်မြောက်ရှန်မှာလည်း စန်းချုံယဲ့ကိုကြည့်ကာ အတော်ကလေးဒေါသထွက်သွားရ၏။

သို့သော် နဂါးဓားဟူသော စကားကြောင့် နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန့်မြောက်ရှန်မှာ မျက်လုံးအစုံ စူးရှတောက်လက်သွားရ၏။

စန်းချုံယဲ့က စကားဆုံးသည်နှင့် သူ၏ကျောမှ ပိုးလွယ်ထားသော နဂါးခေါးကို စာပေသမား ဝမ်ဝေယန်အား ပေးအပ်လိုက်၏။

ဝမ်ဝေယန်က နဂါးခေါးကိုလက်ခံယူရင်း စန်းချုံယဲ့အား ကျေးဇူးတင်စကား ပြောကြားလိုက်၏။

'ကျေးဇူးတင်ပါတယ် မိတ်ဆွေ၊ မိတ်ဆွေရဲ့ နှာမည်ကျော်လှတဲ့ နဂါးခေါးကို ကျုပ်ပြန်ပေးပါ့မယ်၊ ဒီခေါးကို ကျုပ်ကြားဖူးတာ ကြာပါပြီ၊ ခုမှပဲ မြင်ဖူးပါတော့တယ်'

'ဝှစ် ဝှစ် ဝှစ်'

ဝမ်ဝေယန်ကပြောရှိင်း နဂါးခေါးကို ဝေ့ယမ်းလိုက်ရာ စိမ်းဖန့်ဖန့် ခေါးအလင်းတန်းကြီးများက ဝင်းခနဲ ထွက်ပေါ်လာရ၏။

'ကောင်းလိုက်တဲ့ ခေါးပါလား'

စာပေသမား ဝမ်ဝေယန်က စန်းချုံယဲ့၏ နှာမည်ကျော် နဂါးခေါးကို ချီးကျူးမိလိုက်၏။

ထို့နောက် စန်းချုံယဲ့က စင်အောက်သို့ ပြန်လည် လှားဆင်းသွားတော့၏။

ခေါးနှစ်လက်မှာ အားချင်းပြိုင်လျက် ရှိနေကြ၏။

ယွန်ထီ၏ခေါးက ပြာနှမ်းနှမ်းတောက်ပနေသလို ဝမ်ဝေယန်၏လက်ထဲမှ နဂါးခေါးကလည်း စိမ်းဖန့်ဖန့် တောက်ပလျက်ရှိနေ၏။

ယင်းအချိန်မှာပင် နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်က မတ်တပ်ရပ်လိုက်ပြီး....





'ကိုင်း ဒီပွဲကတော့ ခေါးပွဲပဲ၊ တစ်ယောက်ကတော့ ငါ့သားဖြစ်တယ်၊ တစ်ယောက်ကတော့ စောစောက ယက္ခညီနောင်ထဲက သံတူယက္ခကို အနိုင်ရသွားတဲ့ စာပေသမား ဝမ်ဝေယန်ပဲ၊ မင်းတို့နှစ်ယောက် ပြိုင်ပွဲထုံးစံအရ တစ်ယောက်ကိုတစ်ယောက် မညှာမတာ ကြမ်းကြမ်းရမ်းရမ်း ထိုးခုတ်တိုက်ခိုက်နိုင်ကြတယ်၊ နောက်ဆုံး ခေါးချက်ထိလို့ လဲကျသွားရင်၊ အပြတ်ရှုံးပစ်ခွင့်ရှိတယ်၊ ငါ့သားဆိုပြီး ညှာနေစရာမလိုဘူး၊ အကြမ်းဆုံး အရမ်းဆုံး ယှဉ်ပြိုင်ကြ၊ တိုက်ခိုက်ကြ၊

ထို့နောက် နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်က အကျီလက်စကြီးတစ်ဖက်ကို ဝေ့ယမ်းပြလိုက်၏။

'ဒေါင်'

'ဒေါင်'

'ဒေါင်'

တိုက်ခိုက်ရန် အချက်ပေး ကျောက်ခေါင်းလောင်းသံကြီးများက တစ်ခဲနက် ထွက်ပေါ်လာရ၏။

'ဟေး'

'ဟေး ဟေး'

'ဝမ်ဝေယန်ကွ'

'ယွန်ထီကွ'

အပြုရောင် သိုင်း လောကသားများက ဝမ်ဝေယန်ကို ဝိုင်းဝန်းအော်ဟစ်အားပေးလိုက်ကြသလို နတ်မီးတောင်ဂိုဏ်းသားများက သူတို့၏သခင်လေးယွန်ထီကို ဝိုင်းဝန်းအော်ဟစ်အားပေးလိုက်ကြ၏။

စာပေသမား ဝမ်ဝေယန်က နဂါးမောက်ကို ငွေ့ယမ်းပစ် လိုက်ပြီး ယွန်ထီအားစူးစိုက်ကြည့်လိုက်ကာ....

'ကိုင်း မိတ်ဆွေ၊ ခင်ဗျားဆန္ဒအတိုင်း ကျုပ်က ခင်ဗျားကို ဟောဇဗီနဂါးမောက်နဲ့ယှဉ်ပြိုင်ပါ့မယ်'

ယွန်ထီက ဟင့်ခနဲပြက်ရယ်ပြုလိုက်ကာ....

'ကောင်းပြီ၊ ဟောဇဗီ ကျုပ်ရဲ့မြွေဆိပ်ရှင်မောက်ကိုသာ ကြည့် ရှောင်ပေတော့'

'ယား'

'ဟိုင်း'

'ထန်း'

စကားဆုံးသည်နှင့် နှစ်ယောက်စလုံးက ရှေ့သို့လွှားတက် တိုက်ခိုက်လိုက်ကြ၏။

ယွန်ထီ၏ မြွေဆိပ်ရှင်မောက်က အောက်မှ အပေါ်သို့ ဝေ့ဝဲ တက်သွားသလို စာပေသမား ဝမ်ဝေယန်၏ နဂါးမောက် အပေါ်မှ အောက်သို့ဆိုးဆင်းသွား၏။

မောက်နှစ်လက်က လမ်းတစ်ဝက်မှာပင်ထိတွေ့ကာ မီးများပွင့် ထွက်သွားရ၏။

'ဝှီး ဝှီး ဝှီး'

'ဝှစ် ဝှစ် ဝှစ်'

မောက်ဝိုင်းကြီးများက ဖြစ်ပေါ်လာရ၏၊ အပြာရောင် မောက်ဝိုင်းကြီးနှင့်အစိမ်းရောင်မောက်ဝိုင်းကြီးက ပြေးလွှား တိုက်ခိုက်နေသည်ကို မြင်လိုက်ကြရ၏။





မောက်လေတိုးသံများက ကြောက်ခမန်းလိလိ ထွက်ပေါ်လာ သလို မောက်ရိပ်မောက်ငွေ့များက ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်း ထားလျက် ရှိနေ၏။

မောက်နှစ်လက်မှာ မုန်တိုင်းကျသည့်အလား တိုက်ခိုက်လျက် ရှိနေ၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

မောက်နှစ်လက်မှာ အဆက်မပြတ် ထိခတ်ကာ မီးများပွင့် ထွက်လျက် ရှိနေ၏။

မောက်ဝိုင်းကြီးများအတွင်း နှစ်ယောက်သား ပျံဝဲတိုက် ခိုက်နေကြ၏၊

မိန်းမချောလေးဖေးလွှမ်မှာ စာပေသမား ဝမ်ဝေယန်ကို အော်ဟစ်အားပေးနေ၏။

အစ်ကိုဖြစ်သူ ဖေးလုံမှာ ညီမဖြစ်သူဖေးလွှမ်ကို တအံ့တသြ ကြည့်နေမိ၏။

သခင်မကြီးဖေးဖုန်းက သား ဖြစ်သူအား သမီးဖက်သို့ မျက်စောင်းထိုးပြလိုက်၏။

နတ်မီးတောင်ဂိုဏ်းချုပ်ကြီး ယွန်မြောက်ရှန်က သားဖြစ်သူ ယွန်ထီ၏ မောက်ကွက်များကို စူးစိုက်ကြည့်နေ၏၊

'သား'

ယွန်ထီက မာန်သွင်းသံပြုကာ ရှေ့သို့လွှားဝင်လိုက်ရင်း ဟသ်ာတောင်ပံခတ်မောက်ချက်ဖြင့် ဝမ်ဝေယန်အားတိုက်ခိုက် ပစ်လိုက်၏။

'ဝှစ်'

ဓားရိပ်နှစ်ရိပ်က ဝဲယာခွဲကာဖြစ်ပေါ်လာ၏။ ပြာလဲ့လဲ့ ဓားရိပ်နှစ်ရိပ်က ဝမ်ဝေယန်အား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြ၏။

'ထန်း ထန်း'

ဝမ်ဝေယန်က နဂါးဓားဖြင့်ဝှေ့ယမ်းပစ်လိုက်ရာ ဓားချက်နှစ်ချက်စလုံး လွင့်စဉ်ပျောက်ကွယ်သွားရ၏။

ဓားနှစ်လက်မှာ ဂဟေဆော်သည့်အလားပူးကပ်သွားမိကြရ၏။

နှစ်ယောက်စလုံးက ဓားသွားတစ်လျှောက် အတွင်းအားထည့်ကာ တွန်းထားနေမိကြ၏။

ယွန်ထီက ဝမ်ဝေယန်ကို စူးစိုက်ကြည့်နေသလို ဝမ်ဝေယန်ကလည်း ယွန်ထီကို စူးစိုက်ကြည့်နေ၏။

ဓားနှစ်လက်စလုံးမှာ အခိုးအငွေ့များ ထွက်ပေါ်နေပြီး နှစ်ယောက်စလုံး၏ ငယ်ထိပ်များဆီမှလည်း အခိုးအငွေ့များထွက်ပေါ်လျက် ရှိနေ၏။

'ချွမ်း'

မကြာမီ ဓားနှစ်လက်မှ ပြန်ကွာထွက်သွားကြရ၏။ ယွန်ထီက ဝမ်ဝေယန်၏ ဝမ်းဗိုက်ဆီသို့ ဓားနှင့် ဖြတ်သိမ်းပစ်လိုက်၏။

'ဝှစ်'

ဝမ်ဝေယန်က အထက်သို့ လွှားတက် ရှောင်တိမ်းပေးလိုက်ပြီး နတ်သမီးပန်းကြဲဓားဖြင့် တိုက်ခိုက်ပစ်လိုက်သည်။





ယွန်ထီက ခုနစ်စဉ်ဓားချက်နှင့် တိုက်ခိုက်လိုက်သဖြင့် ဝမ်ဝေယန်၏ နတ်သမီးပန်းကြဲဓားချက်မှာ ပျက်ပြားသွားရလေသည်။

မကြာမီ နှစ်ယောက်စလုံး အထက်သို့ ထိုးတက်သွားကြသည်။

လေထဲတွင် ကျွမ်းပစ်ကာ နှစ်ယောက်စလုံးက ဓားချက်များဆင့်၍ တိုက်ခိုက်လိုက်ကြ၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

လေထဲတွင် နှစ်ယောက်သား နှစ်ပတ်သုံးပတ် လည်ပတ်သွားကြ၏။

လည်ပတ်သွားရင်းက ဓားချက်များဆင့်ကာ တိုက်ခိုက်လိုက်ကြခြင်းပင် ဖြစ်၏။

'ဖြောင်း

'ဝုန်း'

ဝမ်ဝေယန်က ကြိုးကြာခြေကွက်ဖြင့် ကန်ပစ်လိုက်သဖြင့် ယွန်ထီက ဟသ်ာခြေကွက်ဖြင့် ကန်ထုတ်ပစ်လိုက်၏။

ခြေကွက်ချင်း ဆုံတွေ့ကြကာ ဖြောင်းခနဲ ဝုန်းခနဲ မြည်ဟည်းသွားကြ၏။

နှစ်ယောက်စလုံး ချွာချွာလည်ထွက်သွားကြရ၏။ ပြန်အဆုံးတွင် ယွန်ထီက ဝမ်ဝေယန်၏ မျက်နှာကို ဓားဖြင့် ခုတ်ချလိုက်၏။

'ယား'

'ဝှစ်'
ဝမ်ဝေယန်က ခေါင်းကို ယိမ်းကာ ရှောင်ပေးလိုက်ပြီး နဂါးဓားဖြင့် ယွန်ထီ၏ ရင်ဘတ်ကို ဆောင့်ထိုးချလိုက်လေသည်။
'ဝှီး'
ယွန်ထီက ကျွမ်းပစ်ရှောင်ထွက်ရင်း လက်နက်ပုန်းက လေးများကို ပစ်လွှတ်လိုက်၏။

'ဝှစ် ဝှစ် ဝှစ်'
'ရှီး ရှီး ရှီ'

အဆိပ်လက်နက်ပုန်းများပင် ဖြစ်၏။ ဝမ်ဝေယန်က နဂါးဓားကို စက်ဝိုင်းသဏ္ဌာန် ဝေ့ယမ်းရင်း ဓားရိပ်ဓားငွေ့များနှင့် တစ်ကိုယ်လုံးကို လွှမ်းခြုံထားလိုက်၏။
'ထန်း ထန်း ထန်း'
ယွန်ထီပစ်လွှတ်လိုက်သည့် အဆိပ်လက်နက်ပုန်းများမှာ ဝမ်ဝေယန်၏ ဓားကီထဲမှ နဂါးနှင့် ဆုံတွေ့လိုက်ရလျှင် သစ်ပင်မှ ကြွေကျသော သစ်ရွက်ခြောက်များပမာ အောက်သို့ တဖြုတ်ဖြုတ် ပြုတ်ကျသွားရ၏။
ယွန်ထီက လက်နက်ပုန်းများကို တရစပ် ပစ်လွှတ်လိုက်ပြီးနောက် မအောင်မြင်သည်ကို တွေ့လိုက်ရသောအခါ အိတ်ထဲမှ ကြွေဘူးတစ်ဘူးကို ထွက်ယူပြီး ဝမ်ဝေယန်ထံသို့ ပစ်လွှတ်လိုက်၏။
'ဝှီး'





ကြွေဘူးထဲမှ အဆိပ်ပြင်းထန်လှသော အဆိပ်ရည်များက ဝမ်ဝေယန်ထံသို့ တစ်ဟုန်ထိုး လွှင့်ပျံလာ၏။
အဆိပ်ရည်များနှင့်သာ တစ်စက်မျှ ထိလိုက်မိရုံနှင့် နေရာတွင် တုံ့ခနဲ လဲကျသွားရမည် ဖြစ်ပေ၏။
'ဟူး'
ရုတ်တရက် နဂါးဓားမှ ထူးခြားသော အခိုးအငွေ့များက ရှေ့သို့ ဟူးခနဲ ထိုးထွက်သွားကာ အဆိပ်ရည်များကို လွှင့်စဉ် ထွက်သွားစေသည်။
ယွန်ထီမှာ သူ့ထံသို့ ပြန်လည်လွင့်ပျံလာသည့် အဆိပ်ရည်များကို ခုန်ပျံရှောင်တိမ်းပေးလိုက်ရ၏။
နှစ်ယောက်သား အောက်ရောက်သည်နှင့် လူချင်းဆိုင်လိုက်မိသလို ဓားချင်းလည်း ဆိုင်လိုက်မိကြ၏။
'ယား'
'ဟိုင်း'
'ထန်း'
'အား'
ဝမ်ဝေယန်၏ ပြင်းထန်သော အတွင်းအားဓားချက်ကြောင့် ယွန်ထီက အဆိပ်မြွေရှင်ဓားမှာ အပိုင်းပိုင်း ကျိုးထွက်သွားရကာ ယွန်ထီမှာလည်း ရင်ဝတွင် ဓားချက်ထိပြီး နောက်သို့ လွင့်စဉ်ထွက်သွားရ၏။
ယွန်ထီမှာ အော်ဟစ်ကာ ပက်လက်လန် လဲကျသွားရ၏။ ဝမ်ဝေယန်က ဓားဦးဖြင့် ယွန်ထီ၏ လည်မျိုကို ထောက်ထားလိုက်ပြီး....

'ကိုင်း ဘယ်လိုလဲ မိတ်ဆွေ၊ ခုအခြေအနေမှာ ကျုပ်က ခင်ဗျားကို သတ်လို့ရပါတယ်'

ယွန်ထဲက ရင်ဝကို လက်ဖြင့်ဖိသွားရင်း....

'ဟိတ်ကောင် သတ်လိုက်စမ်းပါ၊ ငါက သေရမှာကို မကြောက်ပါဘူး'

ယွန်ထဲက ဓားကို ပြန်ရှပ်လိုက်ပြီး....

'ကျုပ်ကလူသတ်သမားတစ်ယောက် မဟုတ်ပါဘူး၊ ခင်ဗျားကို ကျုပ်က ဘာဖြစ်လို့ သတ်ရမှာလဲ'

ဝမ်ဝေယန်က စကားဆုံးသည်နှင့် စန်းချုံယဲ့ရှိရာစင်အောက်သို့ လှမ်းဆင်းသွားတော့၏။

ဒဏ်ရာရထားသော ယွန်ထဲကို နတ်သမီးဘောင်ဂိုဏ်းသားများက ပွေ့ယူခေါ်ဆောင်သွားကြ၏။

'ဟေး'

'ဟေး'

'ဝမ်ဝေယန်ကွ'

'စာပေသမားကွ'

ပရိသတ်များက အော်ဟစ် အားပေးလိုက်ကြ၏။ စာပေသမား ဝမ်ဝေယန်က စင်အောက်ရောက်သည်နှင့် ချက်ချင်းပင် စန်းချုံယဲ့အား ကျေးဇူးတင်စကားများ ပြောကြားလိုက်ပြီး နဂါးဓားကို ပြန်လည်ပေးအပ်လိုက်၏။

ဝမ်ဝေယန်က စန်းချုံယဲ့အား....

'မိတ်ဆွေကို ကျုပ်က ကျေးဇူးဆပ်တဲ့အနေနဲ့ အရက်တိုက်ပါရစေ'





'ဟာ ရပါတယ်၊ ကျွန်တော်က တိုက်ပါရစေ၊ ခင်ဗျားရဲ့ အောင်မြင်မှု အတွက်ပါ'

'အို မဟုတ်ပါဘူး၊ ကျွန်တော်တိုက်ပါရစေ'

ထို့နောက် နှစ်ယောက်သား ပွဲတော်နှင့် မလှမ်းမကမ်းရှိ သေစက်မဝ အရက်ဆိုင်ကလေးသို့ ထွက်ခွာသွားကြလေတော့၏။